

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ

# သစ်တောကြေးမုံ

## နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖိုးဇောင်တောင်ကြိုးဝိုင်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်စိုက်ပျိုးခြင်း




၂၀၁၇ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို (၂၀-၆-၂၀၁၇)ရက် နံနက်(၇)နာရီ ခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဖိုးဇောင်တောင်ကြိုးဝိုင်း အကွက်အမှတ်(၁၇)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်၍ အောင်သပြေပင်ကို စိုက်ပျိုးပေးသည်။

စာမျက်နှာ - ၂ သို့

# မာတိကာ


| | မျက်နှာဖုံး |
|---|---|
| နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖိုးဇောင်တောင်ကြိုးဝိုင်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ | မျက်နှာဖုံး |
| ဇူလိုင်- စုပေါင်းသစ်ပင်စိုက်ပျိုးရေးလ(ခေါင်းကြီး) | ၁ |
| သတင်းများကဏ္ဍ | ၂-၇ |
| တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ | ၈-၁၀ |
| အင်တာပိုလ်က အဖွဲ့ဝင်နိုင်ငံများထံပေးပို့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်းသတင်းများ | ၁၁ |
| ၂၀၁၆ခုနှစ်အတွင်း မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းများကုန်သွယ်မှု တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့်ထိုင်းနိုင်ငံများသို့ အဓိကတင်ပို့ရောင်းချမှုဈေးကွက်အခြေအနေ | ၁၂-၁၄ |
| ဒီရေတောပြန်လည်ထိန်းသိမ်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းကို သဟဇာတနေထိုင်ရေး FREDAဒီရေတောစီမံကိန်းများ | ၁၅-၁၈ |
| စုံးစာရေးသားနည်းနှင့် လေ့လာသင့်သည့်အခြေခံရေးသားနည်းများ- | ၁၉-၂၀ |
| ဥရောပသစ်ကုန်သွယ်မှုအဖွဲ့မှ ငွေလထုတ်ETTF News (မြန်မာနိုင်ငံအတွက်အထူးထုတ်)မှ သုံးသပ်ချက်များအား မြန်မာဘာသာပြန်ဆို ဖော်ပြချက် | ၂၁-၂၄ |
| (Bonn Challenge)ဘွန်းစိန်ခေါ်မှုကို အကောင်အထည်ဖော်မည့် (FLR; Forest Landscape Restoration)သစ်တောဆက်စပ်မြေများကိုမူလအခြေအနေသို့ ရောက်ရှိစေရန်ဆောင်ရွက်ခြင်း | ၂၅-၂၈ |
| ပင်ကျပ်နတ် သစ်ထုတ်ရဲရဲလုပ် | ၂၉-၃၀ |
| ကျန်းမာရေးအတွက် ဆေးတစ်ခွက် | ၃၁-၃၃ |
| မြန်မာ့မြေက တောဆင်တွေမျိုးတုံးသွားနိုင်သလား | ၃၄-၃၅ |
| ရောင်းတန်းဝင်သစ် အစားထိုးနိုင်မည့် စံပင်(သို့)သစ်ဖြူပင် | ၃၆-၃၇ |
| Essential Watch Words for Young Generation in Myanmar Society (2) | ၃၈ |
| စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် သစ်တောများ၏ အခန်းကဏ္ဍ | ၃၉-၄၂ |
| ရှာပါတော့ကွယ် မိုးစက်ရယ် (ကဗျာ) | ၄၃ |
| သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဗက်တီဗာ (မြေထိန်းမြစ်ရှည်မြက်)၏အရေးပါပုံ | ၄၄-၄၅ |
| သက်တမ်းရင့် သနပ်ခါးပင်ကြီးတစ်ပင် တွေ့ရှိခြင်း | ၄၆၊ ၄၉ |
| မြန်မာပြည်မြောက်ဖျားမှ သစ်ခွမျိုးစိတ်သစ် | ၄၇- ၄၈ |
| အင်းတော်ကြီးကန်ဒေသအား ဇီဝအဝန်းနယ်မြေ (Biosphere Reserve)အဖြစ်သတ်မှတ်လိုက်ခြင်း | ကျောဖုံး၊၄၉ |


**အပင်တစ်သန်း၊ လူတစ်သန်း**
**စိုက်လိုက်ကြစမ်း၊ ပြည်အဝှမ်း**
**စိမ်းလန်းစိုပြည်၊ တို့မြန်ပြည်**
**လေပူကအေး၊ ရေကဖွေး**




**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးအောင်ချိန်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ- ၀၀၄၀၀)

**စာတည်း**

ဦးလှမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးအောင်ကျော်ဦး | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးစိန်မိုး | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးကိုကိုထွန်း | ဦးစီးအရာရှိ |
| ဦးဝင်းသန်း | ဦးစီးအရာရှိ |

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဉ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



**ဆက်သွယ်ရန် -**
၀၆၇-၄၀၅၃၃၄
extension@forestdepartment.gov.mm

# ''ဇူလိုင် – စုပေါင်းသစ်ပင်စိုက်ပျိုးရေးလ''

ယခုအချိန်တွင် နိုင်ငံ၏နေရာဒေသအနှံ့၌ မိုးသားကောင်းကင်တို့ အုံမှိုင်း၍ တပွဲပွဲ ရွာသွန်းကျဆင်းနေသည့် မိုးရေစက်များနှင့်အတူ လောကဓာတ်တစ်ခွင်လုံး စိမ်းစိုလှပလျက် ကြည်နူးလွမ်းမောဖွယ်ကောင်းလှသည့် မိုးရာသီသို့ ကူးပြောင်းခဲ့ပြီ ဖြစ်ပါသည်။

မြေပြင်နှင့်ဆက်စပ်၍ ရှင်သန်နေသည့် သစ်ပင်ပန်းပင်၊ စိုက်ပျိုးပင်များ၊ မြေပြင်နှင့်ဆက်စပ်လျက်မရှိပဲ အခြားနေရာများတွင် မှီခိုပေါက်ရောက်နေသည့်အပင်များအားလုံးမှာ လိုအပ်သည့်အစိုဓာတ်များအား ပြည့်ဝစွာရရှိခံစား၍ စိမ်းစိုလှပလျက်ရှိသည့်အပြင် ပထဝီမြေသားများမှာ စိုစွတ်ပျော့ပြောင်းခြင်းနှင့်အတူ အသစ်အသစ်သော စိုက်ပျိုးပင်များနှင့် မျိုးစေ့များ ရှင်သန်နိုင်ရေးအတွက် ထွန်ယက်၊ တူးဆွခြင်း၊ စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အသင့်အနေအထားသို့ ရောက်ရှိလျက်ရှိပါသည်။

ယခုလို မိုးဦးကာလကျရောက်ပြီဆိုသည်နှင့် ရှေးယခင်လက်ထက်ကတည်းကပင် နိုင်ငံ၏စားနပ်ရိက္ခာပြည့်ဝမှုလုံရေးအတွက် မြန်မာမင်းများကိုယ်တိုင် ဦးဆောင်ပြီး ကြန်အင်လက္ခဏာနှင့်ပြည့်စုံသည့် နွားတစ်ရှဉ်းဖြင့် စီရင်အပ်သော ထွန်တုံး၊ ထွန်တံတစ်စုံပေါ်တွင် ခြေတော်တင်၍ လယ်ထွန်မင်္ဂလာပွဲသဘင်ကို ဆင်ယင်ကျင်းပလျက် နိုင်ငံသူ/သားအပေါင်းတို့ စိုက်ရေးပျိုးရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်စေရေးနှိုးဆော်မှုများ ပြုခဲ့ကြပါသည်။ ကောက်ပဲသီးနှံများ အောင်မြင်စွာ ဖြစ်ထွန်းစေရေးမှာ သဘာဝရာသီဥတုမျှတကောင်းမွန်ခြင်းအပေါ်တွင် မှီခိုလျက်ရှိသဖြင့် သဘာဝရာသီဥတုကို တည်တံ့ကောင်းမွန်စေသည့် သစ်တောသစ်ပင်များတည်ရှိခြင်းမှာ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့ရပါသည်။

ကမ္ဘာတစ်ဝန်းတွင် သစ်တောများအား မဆင်မခြင်ထုတ်ယူ အသုံးပြုမှုများကြောင့် သဘာဝတရားပျက်စီးလာခြင်းနှင့်အတူ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း စသည့်ဆိုးကျိုးများ တစ်နေ့တခြား တိုးပွားလျက်ရှိပြီး အဆိုပါဆိုးကျိုးများအား လူသားများနှင့်သက်ရှိသတ္တဝါများ ရင်ဆိုင်ကြုံတွေ့လျက်ရှိပါသည်။ သို့ပါ၍ လူသားများနှင့် သက်ရှိသတ္တဝါများ ကောင်းမွန်စွာဆက်လက်အသက်ရှင်နေထိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်အား ကောင်းမွန်စေပြီး၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်များကျရောက်ခြင်းစသည့် ဆိုးကျိုးများအား လျော့နည်းသက်သာစေသည့် သစ်တောသစ်ပင်များအား စိုက်ပျိုးထိန်းသိမ်းရန် အထူးအရေးကြီး လိုအပ်လာပါကြောင်း သိမြင်လာခဲ့ကြပါသည်။

ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်လျက်ရှိပြီး၊ မြန်မာနိုင်ငံတွင် သစ်တောဦးစီးဌာနအနေဖြင့် မိုးရာသီကာလအတွင်း လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများတွင် ပျိုးပင်များအချိန်မီ မြေချစိုက်ပျိုးနိုင်ရေးနှင့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများအပြင် ထူးခြားချက်တစ်ခုအနေဖြင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မိုးရာသီလူထုဖြန့်ပျိုးပင် (၉,၈၀၇,၂၃၉)ပင်ကို ပျိုးထောင်၍ ပြည်သူလူထုသို့ အခမဲ့ဖြန့်ဝေစိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းသည် ထာဝရကုသိုလ်(၆)ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး လူတန်းစားအလွှာမရွေး၊ အသက်ကြီးငယ်မရွေး၊ ကျား/မ မရွေး လုပ်ဆောင်နိုင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့်အပြင် သဘာဝဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခြင်းအဖြစ် မှတ်ယူနိုင်ပေမည်။

သို့ပါ၍ လူသားများနှင့် သက်ရှိသတ္တဝါများ ရင်ဆိုင်ကြုံတွေ့နေရသော ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေးနှင့် သဘာဝဝန်းကျင်စိမ်းလန်းစိုပြည်မှု တိုးမြင့်လာစေရေးအတွက် သစ်ပင်စိုက်ပျိုးရန် အထူးသင့်လျော်သည့် ယခုလိုအချိန်မျိုးတွင် ပြည်သူတစ်ရပ်လုံးမှ အမျိုးသားရေးစိတ် အသိအမြင်ဖြင့် သစ်တောသစ်ပင်များ တိုးပွားရှင်သန်စေရေးအတွက် ပူးပေါင်းပါဝင်စေရေးအတွက် လက်တွဲညီညာ စုပေါင်းသစ်ပင်စိုက်ပျိုးပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**

သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**

ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**

သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**

သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူ့အတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

မျက်နှာဖုံးမှ အဆက်

## သတင်းများကဏ္ဍ



သစ်ပင်စိုက်ပျိုးပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော် ကိုယ်စား လှယ်များ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်ဝန်ထမ်းမိသားစုများ တက်ရောက် ကြသည်။

ရွှေဦးစွာ နိုင်ငံတော်သမ္မတက သတ်မှတ်နေရာတွင် အောင်သပြေပင်ကို စိုက်ပျိုးပေးပြီး၊ ဒုတိယသမ္မတများက ရတနာတန်းဝင်ကျွန်းပင်များကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က တမလန်းပင်ကိုလည်းကောင်း၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက မြန်မာပိတောက်ပင်ကိုလည်း ကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်က ပျဉ်းကတိုးပင်ကို လည်းကောင်း သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု ဝန်ကြီးများ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော် ကိုယ်စား လှယ်များ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစု များ ပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုပြီး အားပေး စကားပြောကြား သည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မြန်မာပိတောက်၊ မဟော်ဂနီ၊ ယင်းမာ၊ တမာ၊ ငုရွှေ၊ ပန်းမဲဇလီ၊ မဲဇလီ၊ ရေသင်းဝင်၊ စိန်ပန်း၊ ပနားမားငု၊ တမလန်း၊ မန်ကျည်း၊ ခရေ၊ မယ်ဇယ်၊ သဘော်တည်၊ ပျဉ်းမ၊ သပြေ ဖြူနှင့် မဟာဩဿယအပါအဝင် ပျိုးပင်စုစုပေါင်း ၄၀၀ ကို စိုက် ပျိုးခဲ့ကြောင်းသိရသည်။ ဖိုးဇောင်တောင်ကြိုးဝိုင်းသည် ဇေယျာ ၈၅၁၇ ဒသမ ၀၉ ဧကကျယ်ဝန်း၍ အကွက်ပေါင်း ၅၁ ကွက် ရှိပြီး၊ ကြိုးဝိုင်းအတွင်း ဘုံမဲဇာ၊ မအူလက်တံရှည်၊ သံသတ်၊ တရော်၊ လယ်ဇ၊ ပိတောက်၊ ခအောင်း၊ တောမဲဇလီ၊ သဖန်း၊ ဖက်သန်း၊ ရုံး၊ ကြောင်လျှာ၊ သင်းဝင်၊ ဖျောက်ဆိပ်၊ နကျယ်၊ လက်ထုတ်၊ သက်ရင်းကြီး၊ ကျွန်းဒလင်း၊ မျောက်ငို၊ ဝါးနွယ်၊ မျှင်ဝါးနှင့် ကြသောင်းဝါးတို့ ပေါက်ရောက်လျက်ရှိကြောင်း သိရသည်။

## ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏သား၊သမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား



၂၀၁၆-၂၀၁၇ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိဝန်ထမ်းများ၏ သား၊သမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်း အခမ်းအနားကို(၂၇-၆-၂၀၁၇) ရက် နံနက်(၉)နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး ချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ အမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊

ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများတက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၆ ဘာသာဂုဏ်ထူးရှင်(၄)ဦး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က (၅)ဘာသာဂုဏ်ထူးရှင်(၉)ဦး၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က (၄)ဘာသာဂုဏ်ထူးရှင်(၁၇)ဦး၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံခန့်ခွဲရေး)၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(မူဝါဒနှင့်စီမံကိန်း)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကာကွယ်ရေးနှင့်သယံဇာတ)နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံခန့်ခွဲရေးနှင့်မူဝါဒ)တို့က (၃)ဘာသာဂုဏ်ထူးရှင်(၂၄)ဦးတို့အား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီးနောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား (၆)ဘာသာဂုဏ်ထူးရှင် မထက်စံရွှန်းလဲ့မှ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သား၊သမီးများသည် ၂၀၁၆-၂၀၁၇၊ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် (၆)ဘာသာဂုဏ်ထူးရှင်(၄)ဦး၊ (၅)ဘာသာဂုဏ်ထူးရှင်(၉)ဦး၊ (၄)ဘာသာဂုဏ်ထူးရှင်(၁၇)ဦး၊ (၃)ဘာသာဂုဏ်ထူးရှင်(၂၄)ဦး၊ (၂)ဘာသာဂုဏ်ထူးရှင်(၄၀)ဦး၊ (၁)ဘာသာဂုဏ်ထူးရှင်(၁၀၅)ဦး၊ စုစုပေါင်း(၁၉၉)ဦး ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး ရိုးရိုးအောင်မြင်သူ(၅၃၆)ဦးအပါအဝင် စုစုပေါင်း(၇၃၅)ဦး အောင်မြင်ခဲ့ပါသည်။

## နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် International Union for Conservation of Nature (IUCN)၏ Mangroves for the Future(MFF)၊ Wildlife Conservation Society (WCS) နှင့် Fauna and Flora International(FFI)တို့ပူးပေါင်းကျင်းပသည့် နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို (၂၉-၆-၂၀၁၇)ရက်၊ နံနက်(၈း၃၀)နာရီအချိန်တွင် သစ်တောဦးစီးရုံးချုပ်၊ အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတက်ရောက် အဖွင့်အမှာစကားပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံအဆင့်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ် လုပ်ကိုင်မှုဗဟိုကော်မတီကို ဒုတိယသမ္မတ(၁) ဦးဆောင်ပါဝင်၍ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ(၃၀)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ကမ်းရိုးတန်းဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကမ်းရိုးတန်းဒေသ သယံဇာတများစီမံအုပ်ချုပ်ရာတွင် ရင်ဆိုင်နေရသည့် ပြဿနာများဖြေရှင်းနိုင်ရန် ဆက်စပ်ပတ်သက်သူအားလုံး၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကို ကမ်းရိုးတန်းဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေကြသည့်အဖွဲ့အစည်းများ အချင်းချင်းအတွေ့အကြုံဖလှယ်ကြပြီး ရှေ့ဆက်ဆောင်ရွက်ကြမည့်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း၊

မြန်မာ့ကမ်းရိုးတန်းဒေသသည် ၂၈၃၂ ကီလိုမီတာရှည်လျားပြီး သဘာဝသယံဇာတများပေါကြွယ်ဝသည့် အပြင် ပို့ဆောင်ရေးနှင့်ခရီးသွားလုပ်ငန်းများကိုလည်း များစွာအထောက်အကူပေးလျက်ရှိကြောင်း၊ သယံဇာတများထုတ်ယူအသုံးပြုရာတွင် ယခုအချိန်ထိရေရှည်တည်တံ့မှု အားနည်းသည့် နည်းလမ်းများကို ကျင့်သုံးနေဆဲဖြစ်သည်ကို တွေ့ရှိနေရသဖြင့် ဘက်စုံပူးပေါင်း ပါဝင်စီမံအုပ်ချုပ်လုပ်

ကိုင်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးဖော်ထုတ်ကြရန် အလေးအနက်ပြောကြားလိုကြောင်း၊

မြန်မာ့ပတ်ဝန်းကျင်ထူ ထောင်ထိန်းသိမ်းရေးကွန်ရက် (Myanmar Environment Rehabilitation-conservation Network- MERN) နှင့် သစ်တောဦးစီးဌာနတို့ ပူပေါင်းဆောင်ရွက်ခဲ့သည့် အနာဂတ်အတွက် ဒီရေတောများအစီအစဉ်မှ အမျိုးသားအဆင့် မဟာဗျူဟာနှင့် စီမံချက်ကို ရေးဆွဲပြဌာန်းခဲ့ပြီး ကမ်းရိုးတန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းစဉ်(၅)ရပ်အား သက်ဆိုင်သူအားလုံးနှင့် ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ခဲ့ကြပြီးဖြစ်ကြောင်း၊

သို့ပါ၍ ယခုအလုပ်ရုံဆွေးနွေးပွဲတွင်ရေးဆွဲဖော်ထုတ်ပြီးဖြစ်သည့် စီမံချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးဝိုင်းဝန်းဆောင်ရွက်ပေးကြရန် အလေးအနက်တိုက်တွန်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဒီရေတောနှင့် သန္တာကျောက်တန်းများဆိုင်ရာ ပညာပေးဗွီဒီယိုမှတ်တမ်းများပြသခြင်းနှင့် တက်ရောက်လာသူများမှ ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ် လုပ်ကိုင်မှုဆိုင်ရာကိစ္စရပ်များအား အကြံပြုတင်ပြဆွေးနွေးကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ NGOs ,INGOsများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ IUCN/ MFF, WCS, FFI တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲအား (၃၀-၆-၂၀၁၇) ရက်နေ့ထိကျင်းပပြုလုပ်ခဲ့ပါသည်။

## "Myanmar –EU FLEGT" ရုံးဖွင့်ပွဲ ကျင်းပခြင်း



သစ်တောဥပဒေစိုးမိုးသက်ရောက်ရေး၊ စီမံအုပ်ချုပ်မှုနှင့်ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းရုံးဖွင့်ပွဲ အခမ်းအနားကို (၉-၆-၂၀၁၇)ရက် နံနက်(၉)နာရီအချိန်တွင် အမှတ်(၅၃)၊ ကျိုင်းတုံလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်ရှိ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်အသင်းရုံး၌ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီတက်ရောက်၍ Myanmar -EU FLEGT ရုံးဆိုင်းဘုတ်အား စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးကာ ရုံးအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး၊ ရုံးဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် EU FLEGT VPA လုပ်ငန်းစဉ်တွင် ပါဝင်ရသည့် ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံမှသစ်များ ဥရောပသမဂ္ဂ EU သို့ FLEGTလိုင်စင်ဖြင့် တရားဝင်တင်ပို့ရန်၊ တရားမဝင်သစ်ထုတ်လုပ်မှုနှင့် ဆက်စပ်နေသည့်ကုန်သွယ်မှုကိုတိုက်ဖျက်ရန်နှင့် သစ်တောစီမံအုပ်ချုပ်မှုစနစ်ကို အားကောင်းလာစေပြီး ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရန်တို့ဖြစ်ပြီး EU FLEGT Action Plan ၏ရည်ရွယ်ချက်များဖြစ်သော တရားမဝင် သစ်ထုတ်လုပ်မှုနှင့် ဆက်စပ်နေသည့် ကုန်သွယ်မှုကို တိုက်ဖျက်ရန်နှင့် EU ဈေးကွက်အတွင်း တရားဝင်သစ်များသာ တင်သွင်းနိုင်ရန်အစရှိသည့် ရည်ရွယ်ချက်များနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊

FLEGT VPA လုပ်ငန်းစဉ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် EU FAO FLEGT ၊ Department for International Development(DFID)၊ Palladium နှင့် Interin Task Force – ITF (ကြားဖြတ်လုပ်ငန်းအဖွဲ့)များမှ ကူညီဆောင်ရွက်ပေးခဲ့ပြီး FLEGT လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေရန် Myanmar – EU FLEGT ရုံးအဖွဲ့အား ခန့်ထားဆောင်ရွက်လျက်ရှိကြောင်း၊

FLEGT လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အဖိုးတန်သယံဇာတများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်စီမံအုပ်ချုပ်နိုင်မည် ဖြစ်ပါကြောင်း၊ဥပဒေနှင့်လုပ်ထုံးလုပ်နည်း

များကို ပိုမိုပြည့်စုံကောင်းမွန်လာစေရေး စိစစ်ဆောင်ရွက်ခြင်းဖြင့် ဥပဒေစိုးမိုးမှုအားကောင်းလာမည်ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်များအတွင်း ထိုးဖောက်ဝင်ရောက်နိုင်သည့် အခွင့်အလမ်းများရရှိ၍ နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိနိုင်မည့်အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ခိုင်မာသောဈေးကွက်နှင့်အကျိုးအမြတ်များရရှိမည်ဖြစ်ပါကြောင်း၊ ထို့အပြင် သစ်တောစီမံအုပ်ချုပ်မှုနှင့် ထုတ်ယူသုံးစွဲမှုများတွင် ပြည်သူတို့၏ ပါဝင်ဆောင်ရွက်နိုင်မှုနှင့် အကျိုးခံစားခွင့်များရရှိလာမည်ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ EU Delegation Office (Myanmar)နှင့် DFID မှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ ကြားဖြတ်လုပ်ငန်းအဖွဲ့ဝင်များ၊ ဆက်စပ်ကဏ္ဍများနှင့် Palladium မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

## သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ဂေဟစနစ်ထိန်းသိမ်းရေးနှင့်ပြည်သူ့အစုအဖွဲ့ဖွံ့ဖြိုးရေးအသင်း (ECCDI) တို့မှ ကြီးမှူးကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပခြင်း





သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူ့အစုအဖွဲ့ဖွံ့ဖြိုးရေးအသင်း (ECCDI)တို့မှကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို (၂၅-၆-၂၀၁၇) ရက်နေ့ နံနက်(၈း၃၀)အချိန်တွင် ရေတာရှည်မြို့နယ်၊ ကျောက်မဆင်ကြီးပိုင်း၊ အကွက်အမှတ်(၂၀)တွင် သစ်တောဦးစီးဌာနနှင့်(ECCDI)အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာ့ရွေးချယ်ခြင်းစနစ်ပြုပြင်ခြင်းဆိုင်ရာ သုတေသနစမ်းသပ်ကွက်အတွင်း၌ကျင်းပခဲ့ရာ ဒေသခံပြည်သူအပါအဝင် စုစုပေါင်းအင်အား (၁၁၆)ဦးတက်ရောက်ခဲ့ပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သင်းဝင်စသည့် အဖိုးတန်သစ်ပင်ပေါင်း(၁၀၁၂) ပင်စိုက်ပျိုးခဲ့သည်။

ယခုစိုက်ပျိုးခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်ရှိ ကျောက်မဆင်ကြီးပိုင်းအကွက်အမှတ်(၂၀)သည် ဧရိယာ(၅၂၁)ဧကရှိပြီး အကွက်အတွင်းပေါက်ရောက်ပင်များအား မြန်မာနိုင်ငံသစ်တောကျောင်းသားများဖြင့် ကွက်ပြည့်အပင်စာရင်း ကောက်ယူခြင်းဆောင်ရွက်ခဲ့ရာ သစ်မျိုး(၁၆၅)မျိုး၊ အပင်ပေါင်း(၂၇၁၁၁)ပင် စာရင်းကောက်ယူရရှိခဲ့ပါသည်။ အထက်ပါ အကွက်အမှတ်(၂၀)အား မြန်မာ့ရွေးချယ်ခြင်းစနစ်ပြုပြင်ခြင်း Modified Myanmar Selection System (MMS)ဆိုင်ရာ သုတေသနလုပ်ငန်း စမ်းသပ်ကွက်အဖြစ်သတ်မှတ်ပြီး ယခုကဲ့သို့ သဘာဝတောတန်ဖိုးကျဆင်းနေသောအကွက်တွင် ကျွန်းနှင့်အဖိုးတန်သစ်မျိုးများ ဖြည့်စွက်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဖြင့် အဖိုးတန်သစ်ပင်များပါဝင်မှုပိုမိုကောင်းမွန်လာပြီး သဘာဝအလျောက် အဖိုးတန်သစ်မျိုးများ၏ မျိုးဆက်မှုကောင်းမွန်လာစေ၍ ရေရှည်တွင် အဖိုးတန် သဘာဝတောများပေါ်ပေါက်လာစေရန်ရည်ရွယ်၍ ယခုကဲ့သို့ စိုက်ပျိုးပွဲကျင်းပရခြင်းဖြစ်ကြောင်း သိရှိရသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့သစ်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ (ECCDI)အသင်းဥက္ကဋ္ဌတို့မှ သစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်းနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားပြီးတက်ရောက်လာသည့် သစ်တောစိုက်ခင်းတောင်ယာ မိသားစုများသို့ ဗလာစာအုပ်များ၊ ခဲတံများနှင့် စွမ်းအားမြင့်မီးဖိုများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

## ကျွန်းသစ်ဖျက်ပိုးများကင်းထောက်စစ်ဆေးခြင်းစနစ်ဖွံ့ဖြိုးရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (Development of template Forestry Surveillance program of Teak) Workshop ကျင်းပခြင်း



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် Asia Development Bank ADB –RETA8732 တို့ပူးပေါင်း၍ ရွှေနန်းတော်ဟိုတယ် (နေပြည်တော်)၌ (၂၂-၆-၂၀၁၇)ရက်နေ့၊ နံနက်(၉)နာရီအချိန်တွင် ကျွန်းသစ်ဖျက်ပိုးများ ကင်းထောက်စစ်ဆေးခြင်းစနစ် ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Development of template Forestry Surveillance program of Teak) Workshop ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ယခင်ကကျွန်းကို သဘာဝတောများမှထုတ်ယူခဲ့သော်လည်း ယနေ့အချိန်တွင် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် စိုက်ခင်းများပါ တည်ထောင်စိုက်ပျိုးလျက်ရှိပါသည်။ ဖျက်ပိုးများမှာစိုက်ခင်းများတွင် ကျရောက်လေ့ရှိကြောင်း တွေ့ရှိရပါသဖြင့် စောစီးစွာစုံစမ်းစစ်ဆေးခြင်းနည်းဖြင့် အန္တရာယ်ရှိသောဖျက်ပိုးများအား ကာကွယ်ခြင်းမှာအရေးကြီးလှပါသည်။

ကင်းထောက်စစ်ဆေးခြင်းလုပ်ငန်းသည် အပင်ဖျက်ပိုးများ အန္တရာယ်စီမံကွပ်ကဲမှုအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်ပြီး ပုံမှန်ကင်းထောက်စစ်ဆေးခြင်းဖြင့် သစ်တောလုပ်ငန်းတစ်ခုလုံးအတွက် လက်ရှိတွင် မည်သည့်ရောဂါပိုးများကျရောက်နေမှုရှိ/မရှိကိုသိရှိနိုင်မည်ဖြစ်ပါသည်။ ဆောင်ရွက်ရန်လိုအပ်သည့် အရေးကြီးလုပ်ငန်း(၃)ခုမှာ ကုန်သွယ်ဖက်များနှင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် လုံခြုံစိတ်ချမှုကိုပေးရန်၊ ဖျက်ပိုးများရုတ်တရက်ပြန့်ပွားလာမှုကို တုန့်ပြန်နိုင်ရန်၊ ကျရောက်လာသောရောဂါပိုးများအကြောင်းကို ပိုမိုနားလည်စေပြီး ယင်းတို့အား ထိရောက်စွာကာကွယ်နှိမ်နှင်းနိုင်ရန်ဖြစ်ပါသည်။

ယခုစီမံကိန်းမှ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနနှင့် ပုဂ္ဂလိက စိုက်ခင်းလုပ်ငန်းရှင်များအား သစ်တောဖျက်ပိုးများ ကင်းထောက်ခြင်းနည်းလမ်း၊ ဖျက်ပိုးများအားစီမံကွပ်ကဲခြင်း၊ ဖျက်ပိုးအမျိုးအစားခွဲခြားခြင်း၊ ကျွန်းဖျက်ပိုးရောဂါများ စသည့်နည်းပညာများကိုဖြန့်ဖြူးပေးလျက်ရှိပါသည်။

သစ်တောသုတေသနဌာန ဝန်ထမ်းများအတွက် ဖျက်ပိုးကာကွယ်နှိမ်နှင်းရေး သင်တန်းများပို့ချသွားမည်ဖြစ်သဖြင့် အနာဂတ်ကျွန်းသစ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေး၊ ပိုးမွှားထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်၍ ကာကွယ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာနနှင့် သစ်တောသုတေသနဌာနတို့မှ ပညာရှင်များက ကျွန်းဖျက်ပိုးများ ကာကွယ်နှိမ်နှင်းခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် အရာရှိကြီးများ (ADB) မှတာဝန်ရှိသူများ၊ စီမံကိန်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

## ပြည်သူ့လွှတ်တော် ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ပဲခူးရိုးမသစ်တောများ ပြန်လည်တည်ထောင်ရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစိုးသူရထွန်း ဦးဆောင်သည့် ကော်မတီအဖွဲ့ဝင်များသည် သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ (၁၇-၆-၂၀၁၇)ရက်နေ့တွင် ပဲခူးရိုးမသစ်တောများပြန်လည်တည်ထောင်ရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာ ကျောက်တံခါးမြို့နယ်၊ ရဲနွယ်ပျိုးဥယျာဉ်ရှင်းလင်းဆောင်တွင် ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးမှ ပဲခူးရိုးမသစ်တောဖုံးလွှမ်းမှု၊ ပဲခူးရိုးမဒေသအား သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်




ကိုယ်စားလှယ်များမှ သိရှိလိုသည့် အချက်များအား ရှင်းလင်းတင်ပြ၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ်မှ ဖြည့်စွက်ရှင်းလင်းတင်ပြပါသည်။

ကိုယ်စားလှယ်အဖွဲ့သည် မြို့ချောင်း၊ စိန်ကန့်လန့်လမ်း(၁၉)မိုင်ရှိ ဒေသခံပြည်သူအစုအဖွဲ့လုပ်ငန်း(၃၅)ကေသို့ ဆက်လက်ထွက်ခွာ၍ ယာယီရှင်းလင်းဆောင်တွင် သစ်တောသုတေသန ညွှန်ကြားရေးမှူးမှ သစ်တောအတန်းအစားကျဆင်းခြင်းနှင့် သစ်တောပြုန်းတီးမှုမှ ကာဗွန်ထုတ်လုပ်မှု လျှော့ချခြင်းဆိုင်ရာ REDD+ လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခြင်းနှင့် ကိုယ်စားလှယ်များမှ ဒေသခံပြည်သူများအား စွမ်းအားမြှင့်အောဝမ်းမီးဖိုများပေးအပ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ပြီး ကော်မတီဥက္ကဋ္ဌမှ ဒေသခံများအား သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကိုယ်စားလှယ်အဖွဲ့အား ခါချဉ်တောင်စခန်းရှင်းလင်းဆောင်တွင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးမှ သာယာဝတီခရိုင်အတွင်း သစ်တောပြန်လည်တည်ထောင်ရေး၊ တရားမဝင်သစ် ဖမ်းဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ကိုယ်စားလှယ်များ သိရှိလိုသည်များအားရှင်းလင်းတင်ပြခဲ့ပြီး၊ ကိုယ်စားလှယ်အဖွဲ့သည် မင်းလှမြို့နယ်သစ်တောဦးစီးဌာန၊ မက္ခာကြိုးဝိုင်းအကွက်အမှတ် (၅၀)ရှိ ၁/၂၀၁၇ စီးပွားရေး(ကျွန်း)စိုက်ခင်း(၁၀၀)ဧကအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ အမှတ်တရသစ်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ပါသည်။

ဆက်လက်၍ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ အုတ်တွင်း-ပေါက်ခေါင်းကားလမ်း မိုင်တိုင်အမှတ်(၄၃)ရှိ ဖြိုးစည်သူပုဂ္ဂလိက(ကျွန်း)စိုက်ခင်းသို့ရောက်ရှိ၍ စိုက်ခင်းရိပ်သာ ရှင်းလင်းဆောင်တွင် ဖြိုးစည်သူကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာမှ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများအား ဆွေးနွေးတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ဖြည့်စွက်ရှင်းလင်းပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့မှ အခက်အခဲများအား မူဘောင်အတွင်းမှ ညှိနှိုင်းဆောင်ရွက်နိုင်ရေး လမ်းညွှန်မှာကြားပါသည်။ ဆက်လက်၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများအား တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွှေတောင်၊ ငွေတောင်ကျေးရွာမှဒေသခံ ကရင်တိုင်းရင်းသူ၊ တိုင်းရင်းသားများအားတွေ့ဆုံ၍ ကျေးရွာဘုန်းတော်ကြီးကျောင်း၊ ခရစ်ယာန်ဘုရားကျောင်း၊ ကျေးရွာစာသင်ကျောင်းနှင့် ဆေးပေးခန်းတို့တွင် အသုံးပြုရန် အိမ်သုံးဆိုလာ(၁)စုံစီကို ပေးအပ်ပါသည်။

(၁၈-၆-၂၀၁၇)ရက်နေ့နံနက်ပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၀ ခုနှစ်၊ ဖြိုးစည်သူ ပုဂ္ဂလိက(ကျွန်း) စိုက်ခင်းဧက(၃၀၀)တွင် အမှတ်တရ စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း၊ အုတ်တွင်း-ပေါက်ခေါင်းကားလမ်း မိုင်တိုင်(၅၇/၆) သဘာဝသစ်တောများ ဖုံးလွှမ်းတည်ရှိနေမှုကိုကြည့်ရှုစစ်ဆေးပြီး၊ အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာန၊ ခပေါင်းကြိုးပြင်ကာကွယ်တောရှိ(၁/၂၀၀၇) စီးပွားရေး(ကျွန်း)စိုက်ခင်း(၁၀၀၀)ဧကသို့ ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ကိုယ်စားလှယ်များမှ သိရှိလိုသည်များအား ရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ ရေတာရှည်မြို့နယ်၊ကိုးပင်-သာဂရလမ်း ဖိုးကျားဆင်စခန်းသို့ ရောက်ရှိ၍ ဆင်စခန်းရှိ ရွှေပြည်အေးရှင်းလင်းဆောင်တွင် ကိုယ်စားလှယ်များအား မြန်မာ့သစ်လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာမှ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆင်စခန်းများ၏ အချက်အလက်များနှင့် သဘာဝခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးမှ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်ခြင်းဆိုင်ရာလုပ်ငန်းအဆင့်ဆင့်အား ရှင်းလင်းတင်ပြရာ ကိုယ်စားလှယ်အဖွဲ့မှ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအတွက်ထိရောက်စွာစည်းရုံးဆောင်ရွက်ရေး မှာကြား၍ ဆင်စခန်းအတွင်း လှည့်လည်ကြည့်ရှုကာ (၁၅း၄၅)နာရီအချိန်တွင် ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရပါသည်။



# တရားမဝင်သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိခြင်းသတင်း

## ရှမ်းပြည်နယ်(ကျိုင်းတုံ)



၄-၆-၂၀၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ခလရ(၂၄၄)တပ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်အုပ်စု၊ ပန်လီ ကျေးရွာ၊ ကျိုင်းတုံ-မိုင်းခုတ်သွားကားလမ်းနေရာတွင် ယာဉ်အမှတ်၊ SHN-3C/3926 တပ်ဆင်ထားသော နီဆန်းယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား(၉၅)ချောင်း (၁၀.၂၉၁၀)တန်ကို တရားခံ(၂)ဦးနှင့်လည်းကောင်း၊ ယာဉ်အမှတ်၊ YGN-2C/6398 တပ်ဆင်ထားသော နီဆန်းယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား(၉၅)ချောင်း (၈.၀၄၀၄)တန်ကို တရားခံ(၂)ဦးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။



## ရခိုင်ပြည်နယ်




၂-၆-၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ခေါင်းဆောင်သော သစ်တောဝန်ထမ်းများသည် တောင်ကုတ်မြို့နယ်၊ မြို့မဘီနယ်၊ ပန်းတောင်း-တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ် (၇၃/၃) နေရာတွင် စုပုံထားသည့် တရားမဝင် ကျွန်း/ပိတောက်ခွဲသား (၂၃၉) ချောင်း(၂၂.၃၅၂၈)တန် ဖမ်းဆီးရမိခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး

၃-၆-၂၀၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ် သစ်တောဦးစီးဌာနဝန်ထမ်းများသည် တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်၊ သဝန်ငယ်ရပ်ကွက်၊ တောတွင်းနေရာမှ တရားမဝင် ပျဉ်းကတိုးခွဲသား/သစ်/လုံးပတ်(၃)ပေအောက်သစ်စုစုပေါင်း(၁၈၉)လုံး/ချောင်း(၁၅. ၇၆၄၈) တန်ကို ဖမ်းဆီးရမိခဲ့ပါသည်။



## နေပြည်တော်



၄-၆-၂၀၁၇ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ခေါင်းဆောင်သည့် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် တပ်ကုန်းမြို့နယ်၊ ညောင်ကိုင်းကြိုးဝိုင်းအကွက်အမှတ် (၁၀)နှင့် ရမည်းသင်းမြို့နယ်၊ ညောင်ကိုင်းကြိုးဝိုင်းအကွက်အမှတ် (၈) တောတွင်းနေရာများမှ တရားမဝင်အခြား(သစ်လုံး/ခွဲခြမ်း/ (၃)ပေအောက်သစ်လုံး)စုစုပေါင်း(၁၂၁)လုံး/ခြမ်း(၂၇.၇၁၁၄)တန်ကို ဖမ်းဆီးရမိခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး






၅-၆-၂၀၁၇ ရက်နေ့တွင် ပြင်ဦးလွင်ခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးနှင့်သစ်တောဝန်ထမ်းများပါဝင်သောအဖွဲ့သည် တရားမဝင်သစ်ဖမ်းဆီးခြင်း ဆောင်ရွက်စဉ် ၆-၆-၂၀၁၇ ရက်နေ့ (၀၇း၀၀)နာရီအချိန်ခန့်၌ သပိတ်ကျင်းမြို့နယ်၊ မိုးမိတ်-တွင်းငယ်ကားလမ်းဘေး၊ တောင်လယ်ရွာနေ ဦးစိန်သာ၏ ခြံဝင်းအတွင်းဝင်ရောက်ရှာဖွေခဲ့ရာတရားမဝင် ပိတောက်ခွဲသားများတင်ဆောင်ထားသည့် ယာဉ်အမှတ်၊ ၈က/၇၄၆၁ နီဆန်းဒီဆယ် (၆)ဘီးယာဉ်နှင့် ယာဉ်အမှတ်၊ MDY-S/3786 နီဆန်းယူဒီယာဉ်တို့အားလည်းကောင်း၊ ခြံဝင်းအတွင်းယာဉ်(၂)စီးစာခန့် စုပုံထားသော ပိတောက်ခွဲသားများအားလည်းကောင်း၊ စုစုပေါင်းပိတောက်ခွဲသား(၂၇၃) ချောင်း (၂၉.၀၀၁၆)တန်၊ တရုတ်အင်ဂျင်(၁)လုံးနှင့် သစ်စက်ဆက်စပ်ပစ္စည်းများ အားယာဉ်(၂)စီး၊ ခြံဝင်းပိုင်ရှင်နှင့်အတူ သစ်ပိုင်ရှင်/ယာဉ်ပိုင်ရှင်(၅)ဦးတို့အားဖမ်းဆီးရမိခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး






၆-၆-၂၀၁၇ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိခေါင်းဆောင်သော သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ် စုံစမ်းရှာဖွေဖော်ထုတ်ခဲ့ရာ ကြံခင်းမြို့နယ်၊ ပုသိမ်-မုံရွာကားလမ်း၊ အုပ်ပုံစစ်ဆေးရေးစခန်းတွင် ယာဉ်အမှတ် 9J/6300၊ 1C/9507 တပ်ဆင်ထားသော (၁၂) ဘီးယာဉ်(၂)စီးပေါ်မှ တရားမဝင် ပိတောက်ခွဲသား စုစုပေါင်း (၃၃၄)ချောင်း (၂၂ .၂၆၄၄)တန်ကို တရားခံ (၅)ဦးနှင့်အတူ ဖမ်းဆီး ရမိခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး



၆-၆-၂၀၁၇ ရက်နေ့တွင် မော်လိုက်မြို့နယ် သစ်တော ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ ပါဝင်သော စစ်ကြောင်းအဖွဲ့သည် မော်လိုက်မြို့နယ်၊ မော်လိုက်-ကလေးဝမြို့နယ်အစပ်၊ (၇)မိုင်လမ်းပေါက်၊ ဖုန်းတုန်း ကြိုးဝိုင်းတောနေရာများမှ တရားမဝင် ကျွန်းသစ်/ ခွဲသား/ ပျဉ်းကတိုးခွဲသားစုစုပေါင်း (၁၀၇)လုံး/ ချောင်း (၂၁.၆၇၁၈)တန် ဖမ်းဆီးရမိခဲ့ပါသည်။

## ရှမ်းပြည်နယ်(လားရှိုး)



၁၅-၆-၂၀၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်(လားရှိုး)၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ ကွတ်ခိုင်အခြေချ စစ်ဗျူဟာအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ်၊ Oriental Toll Gate တွင် ယာဉ်အမှတ်၊ MDY-3E/3545 တပ်ဆင်ထားသော (၂၂)ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်/ တမလန်း စုစုပေါင်း (၇၁)တုံး (၆. ၉၄၇၆)တန်နှင့်အား တရားခံ(၁) ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## ကချင်ပြည်နယ်



၁၆-၆-၂၀၁၇ ရက်နေ့နှင့် ၁၇-၆-၂၀၁၇ ရက်နေ့တို့တွင် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ မြန်မာ့သစ်လုပ်ငန်းမှ လက်ထောက်မန်နေဂျာများပါဝင်သောပူးပေါင်းအဖွဲ့သည် တရားမဝင်သစ် ခိုးယူထုတ်လုပ်မှုအားရှာဖွေ ဖော်ထုတ်ခဲ့ရာ ရွှေကူမြို့နယ်၊ သဘော်အင်းဘီနယ်၊ မိုးစစ်ကြိုးဝိုင်း အကွက် အမှတ်(၄)နှင့် (၅) တောတွင်းနေရာတို့မှ တရားမဝင် ကညင်သစ် (၁၆၃)လုံး (၁၀၉ .၅၄၄)တန်ကိုဖမ်းဆီးရမိခဲ့ပါသည်။

## မွန်ပြည်နယ်



၁၇-၆-၂၀၁၇ ရက်နေ့၌ မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ကျိုက်ထိုမြို့နယ်၊ ကျိုက္ကသာဘီနယ်၊ ရန်ကုန်-မော်လမြိုင်ကားလမ်း၊ ဗိုက္ကားရွာအနီးတွင် ယာဉ်အမှတ်၊ 9F/8717 တပ်ဆင်ထားသော ISUZU ကွန်တိန်နာ(၆)ဘီးယာဉ်ပေါ်မှ တရားမဝင် ကျွန်းတံခါးရွက် (၅၄၉)ချပ် (၈.၃၉၆၂)တန် ကို တရားခံ (၃)ဦးနှင့်အတူဖမ်းဆီးရမိခဲ့ပါသည်။

INTERPOL

# အင်တာပိုလ်က အဖွဲ့ဝင်နိုင်ငံများထံ ပေးပို့သည့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်းသတင်းများ

## နိုင်ငံတကာတောရိုင်းတိရစ္ဆာန်မှုခင်းသတင်းများ

### တောင်အာဖရိကနိုင်ငံ၊ OR Tambo လေဆိပ်တွင် ဆိုးရှားပါးဆင်စွယ်များနှင့်အတူ တွေ့ရှိသူ(၂)ဦးအား ထိန်းသိမ်းထားရှိခြင်း

၂၀၁၇ခုနှစ်၊ ဇွန်လ၁၃ရက်နေ့တွင် တောင်အာဖရိကနိုင်ငံ၊ OR Tamboအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရုတ်နိုင်ငံသား (၂)ဦး၏ လက်ဆွဲအိတ်အတွင်း၌ ကြံ့ဦးချို(၁၀)ချောင်းအား အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးတွေ့ရှိသဖြင့် ၎င်းတို့အား ရဲစခန်းတွင်ထိန်းသိမ်းထားရှိပါသည်။

### တောင်အာဖရိကတွင် ကြံ့မုဆိုးဟု သံသယရှိသူအား ဖမ်းဆီးခြင်း

၂၀၁၇ခုနှစ်၊ ဇွန်လ၁၅ရက်နေ့တွင် တောင်အာဖရိကရဲတပ်ဖွဲ့ဝင်များသည် နယ်စပ်ဖြတ်ကျော်လာသော ကြံ့မုဆိုးများဟု ထင်မြင်ယူဆရသူ ဇင်ဘာဘွေ နိုင်ငံသား(၃)ဦးအား သေနတ်များနှင့်အတူ တွေ့ရှိဖမ်းဆီးခဲ့ပါသည်။ အဆိုပါ (၃)ဦးမှာ အခြားပြစ်မှု(၆၀)ကိုလည်း ကျူးလွန်ခဲ့သူများဖြစ်ကြောင်း၊ ယခင်ကတည်းက တရားရုံးမှတ်တမ်းတွင် စွဲချက်တင်ခံရသူများဖြစ်ကြောင်း တောင်အာဖရိကရဲတပ်ဖွဲ့က ပြောကြားပါသည်။

### ဇင်ဘာဘွေနိုင်ငံတွင် ဆိုင်ရာနိုက်အဆိပ်မိထားသော ဆင်အသေ(၁၀)ကောင်တွေ့ရှိခြင်း

၂၀၁၇ခုနှစ်၊ ဇွန်လ၁၅ရက်နေ့တွင် ဇင်ဘာဘွေနိုင်ငံ၏ အကြီးဆုံးတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ဧရိယာဖြစ်သော Hwange အမျိုးသားဥယျာဉ်အနီးတဝိုက်တွင် အရွယ်ရောက်ဆင်(၉)ကောင်နှင့် ဆင်သားပေါက်(၁)ကောင် ဆိုက်ရာနိုက် အဆိပ်မိကာ သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရပါသည်။ အဆိပ်မိထားသော ဆင်များအနက်(၄)ကောင်သည် အမျိုးသားဥယျာဉ်၏ တောင်ဘက်တွင် အဆိပ်မိသေဆုံးလျက်တွေ့ရပြီး အစွယ်များဖြတ်တောက်ရယူထားသည်ကို တွေ့ခဲ့ခြင်းဖြစ်ပြီး၊ အခြားဆင်သေကောင်များကို ဥယျာဉ်၏ မြောက်ဘက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဆင်ဖမ်းဆီးသူများသည် ကျန်ဆင်များ၏အစွယ်များအား ပြန်လည် လာရောက်ဖြတ်တောက်ခြင်းမရှိကြောင်း သိရပါသည်။

### အင်ဒိုနီးရှားနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၉၀၀၀၀တန်ဖိုးရှိ သင်းခွေချပ်များနှင့်အကြေးခွံများဖမ်းဆီးရမိခြင်း

၂၀၁၇ခုနှစ်၊ ဇွန်လ(၁၄)ရက်နေ့၌ အင်ဒိုနီးရှားအာဏာပိုင်များသည် တရားမဝင်ကုန်သန်းရောင်းဝယ်မှုထိန်းချုပ်စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်စဉ် အမေရိကန်ဒေါ်လာ ၁၉၀၀၀၀၀တန်ဖိုးရှိ မျိုးသုဉ်းရန်အန္တရာယ်ရှိသော သင်းခွေချပ်(၁၀၀)ကောင်နှင့် အကြေးခွံများကို ဖမ်းဆီးရမိခဲ့ပါသည်။

ဝဒ္ဒ၏အသုံးအမဖြင့်
သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကြပါစို့။

သက်ရှိလောက တည်မြဲဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

## ၂၀၁၆ခုနှစ်အတွင်း မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းများကုန်သွယ်မှု တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ အဓိကတင်ပို့မှုဈေးကွက်အခြေအနေ

Forest Trends, **၂၀၁၇ခုနှစ် ဌန်လ**

၂၀၁၅နှင့် ၂၀၁၆ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရက သစ်တောထွက်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် တင်ပို့ခြင်းဆိုင်ရာ မူဝါဒများ ပြင်ဆင်ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံများအကြား သစ်တောထွက်ပစ္စည်းများ ကုန်သွယ်မှု လေ့လာဆန်းစစ်ချက်သည် အဆိုပါမူဝါဒများ၏ သက်ရောက်မှုကိုဆန်းစစ်သုံးသပ်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းများ၏ ၉၅ ရာခိုင်နှုန်းခန့်သည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ကြောင်းနှင့် UN Comtrade သို့ကုန်သွယ်မှုဆိုင်ရာအချက်အလက်များအား အစီရင်ခံပေးပို့ထားသည့် နိုင်ငံများ၏ကုန်သွယ်မှုအခြေအနေများအား Graph များ ဖြင့်ဆန်းစစ်လေ့လာတင်ပြထားပါသည်။

UN Comtrade အချက်အလက်များအား အသုံးပြု၍ ၂၀၁၅နှင့် ၂၀၁၆အပါအဝင် နှစ်ကာလအပိုင်းအခြားဖြင့် အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများ၏ ကုန်သွယ်မှုအချက်အလက်အသေးစိတ်အား သက်ဆိုင်ရာ Chart များဖြင့်ဖော်ပြထားပါသည်။ တရုတ်နိုင်ငံ၏ကုန်သွယ်မှု အချက်အလက်များအတွက် Forest Trends က ပိုမိုတိကျသောလက်ရှိကုန်သွယ်မှုအချက်အလက်များ ရရှိစေရန် တရုတ်နိုင်ငံအကောက်ခွန်အဖွဲ့အစည်းများထံမှ တိုက်ရိုက်တောင်းခံတင်ပြထားခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံ အကောက်ခွန်အဖွဲ့အစည်းများက ပေးပို့တင်ပြမည့်လအလိုက်နှင့် နယ်စပ်ဂိတ်များအလိုက်အချက်အလက်များအား မကြာမီကာလအတွင်း ဆန်းစစ်လေ့လာနိုင်မည် ဖြစ်ပါသည်။ အလားတူစွာပင် ဗီယက်နမ်နိုင်ငံအတွက်လည်း တိကျမှန်ကန်သောအချက်အလက်များ ထွက်ပေါ်လာစေရေး Forest Trends က အချက်အလက်များ စုစည်းဆောင်ရွက်လျက်ရှိပြီး မကြာမီကာလအတွင်း အဆိုပါအချက်အလက်များတင်ပြနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ သစ်တောထွက်ပစ္စည်းများတင်ပို့မှု မှတ်တမ်းများအရ အိန္ဒိယနှင့်တရုတ်နိုင်ငံသည် အဓိကဝယ်ယူတင်သွင်းသူများ ဖြစ်ကြပြီး အိန္ဒိယနိုင်ငံသည် ၂၀၀၉ခုနှစ်မှ ၂၀၁၄ခုနှစ် အထိတစ်နှစ်ထက်တစ်နှစ်တင်သွင်းမှုနှုန်း တပြေးညီမြင့်တက်လာသော်လည်း ၂၀၁၅ခုနှစ်တွင်မှ သိသိသာသာကျဆင်းသွားပါသည်။ အလားတူတင်သွင်းမှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည်လည်း နှစ်အလိုက်တင်သွင်းမှု တိုးမြင့်လာသော်လည်း ၂၀၁၅ခုနှစ်တွင် တင်သွင်းမှုလျော့နည်းခဲ့ပါသည်။

**နိုင်ငံအလိုက် မြန်မာနိုင်ငံမှ သစ်ထုတ်ကုန်ပစ္စည်းများ တင်သွင်းမှုအခြေအနေ**




**Source: UN Comtrade, various reporter countries' statistics as compiled by Forest Trends**

၂၀၁၀-၂၀၁၆ခုနှစ်နှင့် ၂၀၁၇ခုနှစ် ပထမသုံးလကာလအတွင်း တရုတ်နိုင်ငံ၏မြန်မာနိုင်ငံမှ သစ်ထုတ်ကုန်ပစ္စည်းများ တင်သွင်းမှုကိန်းဂဏန်းများအရ နှစ်စဉ်မီးသွေး၊ သစ်လုံးနှင့် သစ်ခွဲသားတင်သွင်းမှုပမာဏသည် အများဆုံးဖြစ်ပြီး အခြားအထပ်သား၊ သစ်ပါးလွှာ၊ ကြမ်းခင်းနှင့်ပရိဘောဂပစ္စည်းများ တင်သွင်းမှုသည် အလွန်နည်းပါးပါသည်။ တင်သွင်းမှုတန်ဖိုးများအရ သစ်အလုံးလိုက်တင်သွင်းမှုတန်ဖိုးသည် အများဆုံးဖြစ်ပြီး သစ်ခွဲသားက ဒုတိယနေရာ၌ရှိ၍ အထက်ဖော်ပြပါ တန်ဖိုးမြှင့်သစ်အချောထည်ပစ္စည်းများ တင်သွင်းမှု တန်ဖိုးသည် အလွန်နည်းပါးပါသည်။

## တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံမှ သစ်ထုတ်ကုန်ပစ္စည်းများ တင်သွင်းမှုပမာဏ ၂၀၁၀-၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ခုနှစ် ပထမသုံးလကာလ







Source: China Customs stastistics as compiled by Forest Trends

၂၀၁၆-၂၀၁၇ကာလအလိုက် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံမှ သစ်ထုတ်ကုန်ပစ္စည်းများ တင်သွင်းမှုကိန်းဂဏန်းများအရ ၂၀၀၆ခုနှစ် ပထမနှင့် ဒုတိယ သုံးလ ကာလတွင် မီးသွေး၊ သစ်လုံးနှင့် သစ်ခွဲသားတင်သွင်းမှု ပမာဏသည် ၂၀ ,၀၀၀ ကုဗမီတာခန့်သာရှိခဲ့ပြီး တတိယသုံးလတွင် ၈၀ ,၀၀၀ကုဗမီတာ မြင့်တက်လာခဲ့ကာ စတုတ္ထသုံးလတွင် မီးသွေး၊ သစ်လုံးနှင့် သစ်ခွဲသားပမာဏအချိုးညီတင်သွင်းခဲ့ရာမှတင်သွင်းမှုပမာဏ ၂၉၀ ,၀၀၀ ကုဗမီတာခန့်ထိ မြင့်တက်လာပြီး ၂၀၁၆ခုနှစ်အတွင်း တင်သွင်းမှု အများဆုံးကာလဖြစ်ခဲ့ပါသည်။ တင်သွင်းမှုပမာဏအများဆုံးဖြစ်သည့် ၂၀၁၆ခုနှစ် စတုတ္ထသုံးလတွင် သစ်လုံးတင်သွင်းမှုမှ အမေရိကန်ဒေါ်လာ သန်း ၁၄၀ ခန့်ရှိပါသည်။ ၂၀၁၇ခုနှစ် ပထမသုံးလကာလတွင် ၁၀၀ ,၀၀၀ ကုဗမီတာ ခန့်ရှိပြီး မီးသွေးတင်ပို့မှု ပမာဏသည် အများဆုံးဖြစ်၍ သစ်လုံး တင်သွင်းမှု ရာခိုင်နှုန်း အလွန်လျော့နည်းသွားခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ခုနှစ် ကာလအလိုက် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံမှ သစ်ထုတ်ကုန်ပစ္စည်းများ တင်သွင်းမှု




Source: China Customs stastistics as compiled by Forest Trends

၂၀၀၉–၂၀၁၆ခုနှစ် အိန္ဒိယနိုင်ငံ၏ မြန်မာနိုင်ငံမှ သစ်ထုတ်ကုန်ပစ္စည်းများ တင်သွင်းမှုကိန်းဂဏန်းများအရ ၂၀၀၉ခုနှစ်မှ ၂၀၁၄ခုနှစ်အတွင်း သစ်လုံး တင်သွင်းမှုအများဆုံးဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း၃၀၀မှ အမြင့်ဆုံး သန်း ၇၀၀ နီးပါးရှိပါသည်။ အိန္ဒိယနိုင်ငံသည် ၂၀၀၉–၂၀၁၄ခုနှစ်တွင် သစ်လုံးတင်သွင်းမှုပမာဏ အများဆုံးဖြစ်ခဲ့သော်လည်း ၂၀၁၅နှင့် ၂၀၁၆ခုနှစ်တွင် သစ်ပါးလွှာများကိုသာ တိုးမြှင့်တင်သွင်းလာခဲ့ပြီး သစ်လုံးတင်သွင်းမှုသည် အလွန်လျော့နည်းသွားခဲ့ပါသည်။

## အိန္ဒိယနိုင်ငံ၏ မြန်မာနိုင်ငံမှ သစ်ထုတ်ကုန်ပစ္စည်းများ တင်သွင်းမှု ၂၀၀၉–၂၀၁၆




**Source: UN Comtrade, India- reported statistics as compiled by Forest Trends**

၂၀၀၉–၂၀၁၅ခုနှစ် ထိုင်းနိုင်ငံ၏ မြန်မာနိုင်ငံမှ သစ်ထုတ်ကုန် ပစ္စည်းများ တင်သွင်းမှုကိန်းဂဏန်းများအရ ၂၀၀၈–၂၀၁၄ခုနှစ်၌ သစ်လုံး၊ မီးသွေး၊ သစ်ခွဲသား၊ ပရိဘောဂ၊ အခြားတန်ဖိုးမြှင့်ထုတ်ကုန်များ တင်သွင်းမှုများတွင် သစ်လုံးတင်သွင်းမှုသည် အများဆုံးဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း၃၀မှ သန်း၈၀ကျော်ရှိပြီး ၂၀၁၅ခုနှစ်တွင်မူ သစ်လုံးတင်သွင်းမှုမရှိ သလောက်နည်းပါးပြီး တန်ဖိုးမြှင့်ပစ္စည်းများကို ယခင်နှစ်များအတိုင်း ဆက်လက်တင်သွင်းလျက်ရှိပါသည်။

## ထိုင်းနိုင်ငံ၏ မြန်မာနိုင်ငံမှ သစ်ထုတ်ကုန်ပစ္စည်းများ တင်သွင်းမှု ၂၀၀၉–၂၀၁၅




**Source: UN Comtrade, Thailand reported statistics as compiled by Forest Trends**

၂၀၀၈–၂၀၁၅ခုနှစ် ဗီယက်နမ်နိုင်ငံ၏ မြန်မာနိုင်ငံမှ သစ်ထုတ်ကုန်ပစ္စည်းများ တင်သွင်းမှုကိန်း ဂဏန်းများအရ ၂၀၀၈–၂၀၁၄ခုနှစ်ထိ သစ်လုံးတင်သွင်းမှုပမာဏသည် အမေရိကန်ဒေါ်လာ သန်း၅၀ကျော် တင်သွင်းခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် သစ်လုံးတင်သွင်းမှုမှာ မရှိ သလောက်နီးပါး နည်းပါးသွားခဲ့ပြီး ယခင် ပုံမှန်တင်သွင်းနေသည့် သစ်ခွဲသား ပမာဏအနည်းငယ်သာ ဆက်လက် တင်သွင်းခဲ့ပါသည်။

## ဗီယက်နမ်နိုင်ငံ၏ မြန်မာနိုင်ငံမှ သစ်ထုတ်ကုန် ပစ္စည်းများတင်သွင်းမှု ၂၀၀၈–၂၀၁၅




**Source: UN Comtrade, Vietnam- reported statistics as compiled by Forest Trends**

# ဒီရေတောပြန်လည်ထိန်းသိမ်းခြင်းနှင့်ရာသီဥတုပြောင်းလဲခြင်းကို သဟဇာတနေထိုင်ရေး

## FREDA ဒီရေတောစီမံကိန်းများ

ဦးစိန်သက်၊ ညွှန်ကြားရေးမှူး(ငြိမ်း)
ဒုဥက္ကဋ္ဌ၊ FREDA အသင်း

ဒီရေတောများကို အပူပိုင်းနှင့် သမပိုင်းဒေသများရှိ ကမ်းရိုးတန်းဧရိယာများတွင်တွေ့ရှိရပြီး ဒီရေတောများတွင်အတ္တဏဝါဒေသ၏ ဂေဟာစနစ်ဆိုင်ရာတည်ငြိမ်စေမှုအတွက် အရေးပါသည့် သစ်တောဂေဟာစနစ်များပါဝင်ပါသည်။ မြန်မာ့ကမ်းရိုးတန်းအရှည်သည် ကီလိုမီတာ(၃၀၀၀)ခန့်ရှည်လျားပြီး ဒီရေတောများကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းဒေသများ တစ်လျှောက်အပြောက်အမြားတွေ့ရှိရပါသည်။ World Mangrove Atlas (၂၀၁၀)အရမြန်မာ့ဒီရေတောများသည် ကမ္ဘာ့ဒီရေတောဧရိယာစုစုပေါင်း၏(၃ . ၃ရာခိုင်နှုန်း)ဖြစ်ပြီး၊ ဒီရေတောဧရိယာ ဟက်တာပေါင်း၅၀၂-၉၁၁(၁,၂၄၂, ၁၉၀)ကေ ပေါက်ရောက်လျက်ရှိ၍ အာရှဒေသတွင် တတိယအများဆုံးနှင့် ကမ္ဘာပေါ်တွင် သတ္တမမြောက်အများဆုံး ဒီရေတောပေါက်ရောက်သောနိုင်ငံဖြစ်ပါသည်။ ဒီရေတောများသည် ကမ်းရိုးတန်းဒေသတွင် မှီတင်းနေထိုင်ကြသော ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များဖြစ်သည့် အစားအစာ၊ လောင်စာ၊ ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများအား အဓိကထောက်ပံ့ပေးလျက် ရှိပါသည်။ ထို့ပြင်ကမ်းရိုးတန်းနှင့် မြစ်ဝှမ်းဒေသများတွင် မြေပြိုတိုက်စားခြင်းနှင့် လှိုင်းဒဏ်လေဒဏ်စသည့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှုများကိုလျှော့ပါးစေနိုင်ခြင်းစသည့် လူသားတို့၏ စီးပွားရေးလုပ်ငန်းများနှင့် အသက်အိုးအိမ် လုံခြုံတည်တံ့စေရေးတို့အတွက်ပါအရေးပါသည့် သဘာဝအရံအတားများလည်း ဖြစ်ပါသည်။ ကမ်းရိုးတန်းဒေသနေ ပြည်သူလူထု၏ လူမှုစီးပွားရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီရေတောသယံဇာတများအား ရေရှည်အသုံးပြုနိုင်ရေးတို့အတွက် ဒီရေတောများကိုစနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ရန် အလွန်အရေးကြီးပါသည်။

မြန်မာနိုင်ငံတွင်၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးသည့်နောက်ပိုင်းတွင် ဒီရေတောများသည် ပိုမိုအာရုံစိုက်ခြင်းခံလာရပါသည်။ ဒီရေတောများ၏အကာအကွယ်ရမှုကြောင့် အသေအပျောက် အပျက်အစီး လျော့နည်းခဲ့ကြပါသည်။ သဘာဝဘေးဒဏ်လျော့ချရေးတွင် အရေးပါသောကဏ္ဍမှ ပါဝင်နေကြောင်းကို နားလည်ခဲ့ကြပါသည်။ ကမ်းရိုးတန်းနေ ပြည်သူများအနေဖြင့် ဒီရေတောများမှအစားအစာ၊ ဆေးဝါးများနှင့် နေထိုင်ရေးအတွက် လိုအပ်သည့်၊ သစ်၊တိုင်၊ ထင်းနှင့်မီးသွေးထုတ်ယူသုံးစွဲကြသည်မှာလည်း ရှေးအစဉ်အဆက်ကပင် ဖြစ်ပါသည်။ ဒီရေတောများသည် သားငါးပုစွန်တို့၏ ပေါက်ဖွားကြီးပြင်းရာနေရာများလည်းဖြစ်ကြပါသည်။

ဒီရေတောများသည် အီကွေတာရာသီဥတုနှင့် သမပိုင်းရာသီဥတုရှိပြီး ဒီရေအတက်အကျရှိသော ပင်လယ်ကမ်းခြေများ၏ မြေနိမ့်လွင်ပြင်များနှင့် မြစ်ဝကျွန်းပေါ်ဒေသများရှိ မြစ်ချောင်းကမ်းပါးများတွင် ရှင်သန်ပေါက်ရောက်ကြပြီး အပင်အမျိုးပေါင်းများစွာနှင့် တိရစ္ဆာန်မျိုးစုံတို့ ရှင်သန်ကျက်စားရာ သဘာဝအဖွဲ့အစည်း(ဂေဟာစနစ်)အဖြစ်တည်ရှိပါသည်။ ကမ္ဘာပေါ်တွင် ဒီရေတောဧရိယာအများဆုံး ပေါက်ရောက်သည့်နိုင်ငံမှာ အင်ဒိုနီးရှားနိုင်ငံဖြစ်ပြီး စုစုပေါင်း ဟက်တာ(၄)သန်းခန့် ဖြစ်ပါသည်။ ဒီရေတောများကို အာဖရိကတိုက်၊ သြစတြေးလျတိုက်၊ ကာရေဘီယံကျွန်းစုများ အလယ်ပိုင်း၊ တောင်အမေရိကတိုက်နှင့် အာရှတိုက်တို့တွင်လည်း တွေ့ရှိရပါသည်။

အာရှတိုက်တွင်တည်ရှိသော ဒီရေတောဧရိယာများသည် ယေဘုယျအားဖြင့်ငါးအမျိုးပေါင်း(၂၈၃)မျိုးကဏန်းနှင့်ပုစွန်အမျိုးပေါင်း (၂၂၉)မျိုးနှင့် ရေခရုအမျိုးပေါင်း(၂၁၁)မျိုးတို့ ရှင်သန်ပေါက်ဖွားရာဒေသဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ရေချိုနှင့်ရေငန်တို့တွင် ဖမ်းယူရရှိသော အထက်ဖော်ပြပါရေနေသတ္တဝါများသည် ဒီရေတောများတွင် ပြန်လည်လာရောက်၍၊ ဥချခြင်းနှင့် ပေါက်ဖွားခြင်း၊ သို့မဟုတ် ၄င်းတို့၏ ဘဝစက်ဝန်းအဆင့်အချို့ကို ဒီရေတောများတွင် စတည်းချဖြတ်သန်းခြင်းများ ပြုလုပ်ကြရပေသည်။ ဥပမာအားဖြင့် ရေချိုရေငန်ပုစွန်များနှင့် ငါးသလောက်ငါးတို့ဖြစ်ပေသည်။ ထို့ကြောင့် အပူပိုင်းဒေသရှိနိုင်ငံများသည် ရေထွက်ပစ္စည်းလုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေမြောက်မြားစွာ ရရှိနေကြပေသည်။ အများအားဖြင့် ဒီရေတောများသည် ပင်လယ်ကမ်းခြေတစ်လျှောက်နှင့် ဒီရေအတက်အကျရှိသော ရွှံ့နွံပြင်များတွင်ပေါက်ရောက်ကြသည်ဖြစ်၍ ကုန်းတွင်းဒေသများအား လေပြင်းမုန်တိုင်း တိုက်ခတ်မှု၊ ဒီရေအတက်အကျကြောင့် ကမ်းခြေများရေတိုက်စားမှုနှင့် ဆူနာမိကဲ့သို့သော ပင်လယ်လေလှိုင်းကြီးများ စသည့်

သဘာဝဘေးအန္တရာယ်များ၏ဒဏ်ကို လျော့နည်းစေခြင်းနှင့် လုံးဝကာကွယ်ပေးခြင်း စသည့်အကျိုးကျေးဇူးများကို ပေးပါသည်။ ထိုမျှသာမက ကမ္ဘာကြီးပိုမိုပူနွေးလာမှုကို ဖြစ်ပေါ်စေရာတွင် အဓိကအရေးပါသည့် ဓါတ်ငွေ့တစ်မျိုးဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့များကို လေထုအတွင်းမှစုပ်ယူ၍ သိုမှီထားရာတွင် ဒီရေတောများသည် အဓိကအခန်းမှ ပါဝင်လျက်ရှိပါသည်။

အာရှတိုက်အတွင်းရှိ ဒီရေတောများ ပျက်စီးဆုံးရှုံးရခြင်း၏ အဓိကအကြောင်းရင်းကို လေ့လာကြည့်ခဲ့ရာ ဒီရေတောဧရိယာများကိုဖျက်ဆီး၍ ပုစွန်ကန်၊ ငါးကန်များ တူးဖော်ခြင်းကြောင့်ဖြစ်ပေသည်။ ဒီရေတောဧရိယာအတွင်းရှိ ဒီရေအတက်အကျရှိသောချောင်းငယ်များကို ပိတ်ဆို့ တာပတ်ခြင်းဖြင့် သဘာဝရေစီးရေလာစနစ်များ ပျက်စီးခဲ့ရပြီးဒီရေတောပင်များအတွက် ပုံမှန်ရေချိုရေငန်နှင့် အစာအာဟာရထောက်ပံ့မှု သဘာဝများပျက်စီးသွား၍ ဒီရေတော သစ်မျိုးများသာမက ဒီရေတောများတွင်ကျက်စားကြသည့် တိရစ္ဆာန်များပါ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန်အခက်အခဲများရှိလာပါသည်။ ဒီရေတောပျက်စီးမှုမှာ ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဒီရေတောများကိုခုတ်ထွင်ရှင်းလင်း၍ လယ်ယာမြေတိုးချဲ့ခြင်း၊ငါးနှင့်ပုစွန်ကန်များဖေါ်ထုတ်ခြင်းနှင့် ထင်း၊ မီးသွေးထုတ်လုပ်ခြင်းစသည်တို့ကြောင့် ပျက်စီးမှုများဖြစ်ပေါ်လာခဲ့ပါသည်။ မြန်မာနိုင်ငံသည် ကီလိုမီတာ(၃၀၀၀)ခန့် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်သည်နှင့် အမျှကမ်းခြေနှင့် ပင်လယ်ဆိုင်ရာသဘာဝသယံဇာတများ များစွာပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပါသည်။ အဆိုပါ သယံဇာတများကို နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည်တည်တံ့သောနည်းဖြင့် စနစ်တကျအသုံးချနိုင်ရန် အလွန်အရေးကြီးလှပါသည်။ ဤသို့ ထုတ်ယူသုံးစွဲနိုင်ရန်အတွက် ပင်လယ်သယံဇာတများနှင့် ကုန်းတွင်းသယံဇာတများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသည့် ဒီရေတောများကို စနစ်တကျထိန်းသိမ်းကာကွယ်သွားရန် အရေးကြီးလှပါသည်။

ဒီရေတောများက ကမ္ဘာကြီးပူနွေးလာမှုကိုဖြစ်စေသည့် မှန်လုံအိမ်ဓါတ်ငွေ့များထဲတွင် အပါအဝင်ဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ကို မည်၍မည်မျှ စုပ်ယူထားခြင်းနှင့်ပတ်သက်၍ အချို့နိုင်ငံများတွင် သုတေသီများ ရှာဖွေဖေါ်ထုတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ လေ့လာသုတေသနပြုချက်များ လွန်စွာနည်းပါးနေသော်လည်း ကျိုတိုတက္ကသိုလ်မှ ဒေါက်တာ မာမိုယုကန်ဇာကီ မဟာသိပ္ပံကျောင်းသူ မယမင်းသန့်နှင့်ဖရီဒါအသင်း၊ ဗဟိုကော်မတီဝင် ဒေါက်တာမောင်မောင်သန်းတို့ ပူးတွဲဆောင်ရွက်သည့် သုတေသနအား ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်အမာမြို့နယ်ခွဲ၊ တယ်ပင်ဆိပ်ကျေးရွာအုပ်စုပိုင်ဝါးကုန်းကျေးရွာအနီးရှိ သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးရေးနှင့်ထိန်းသိမ်းရေးအသင်း(FREDA) မှ ဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်တောများတွင်(၂၀၀၇)ခုနှစ်က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ သဘာဝဒီရေတောကျန်ဧရိယာနှင့် ဒီရေတောစိုက်ခင်းများတွင် နမူနာအပင်များကိုယူပြီး မြေပေါ်နှင့် မြေအောက်ရှိဇီဝဒြပ်ထု(Biomass)နှင့် ကာဗွန်စုပ်ယူထားသည့် ပမာဏအားလေ့လာခဲ့ကြခြင်းဖြစ်ပါသည်။ (၂၀၀၁)ခုနှစ်ကပြန်လည်စိုက်ပျိုးထားသည့် ဒီရေတောသစ်မျိုး သုံးမျိုးဖြစ်သည့် သမဲ့ကြီး(Avicennia officinalis)၊ သမဲ့ဖြူ (Avicennia marina)နှင့် ကန့်ပလာ(Sonneratia apetala)တို့ကိုလေ့လာသုတေသနပြုခဲ့ကြပါသည်။ ကြီးထွားမှု မြန်ဆန်သည့် ကန့်ပလာစိုက်ခင်း၏ မြေပေါ်နှင့် မြေအောက်ဒြပ်ထုများမှာလည်း တစ်ဟက်တာလျှင် ၆၉ တန်နှင့် ၃၂တန်တို့ရှိပါသည်။ အခြားကြီးထွားနှုန်း အထိုက်အလျောက်ကောင်းသည့် သစ်မျိုးများဖြစ်သော သမဲ့ဖြူသည် တစ်ဟက်တာလျှင် ၂၅ တန်နှင့် ၂၇ တန် တို့ရှိကြောင်း တွေ့ရှိပြီး သမဲ့ကြီးသည်လည်း တစ်ဟက်တာလျှင်၂၁တန်နှင့်၂၆တန်တို့ရှိကြောင်း တွေ့ရပါသည်။ စိုက်ခင်းမြေနေရာများသည် စွန့်ပစ်ထားသော လယ်ကွက်ဟောင်းများ ဖြစ်ကြပါသည်။ အကယ်၍ ၄င်းတို့သဘာဝအတိုင်းပေါက်ရောက်သော မြေနေရာတွင်ရှင်သန်ခွင့်ရခဲ့လျှင် ယခုထက် ပိုမိုကြီးထွားနိုင်ဖွယ်ရာရှိပါကြောင်း ဇီဝဒြပ်ထုပမာဏလည်း ပိုမိုမြင့်တက်လာနိုင်ကြောင်း သုံးသပ်ထားပါသည်။

သစ်တောဦးစီးဌာန၊သစ်တောသုတေသနဌာနမှ ညွှန်ကြားရေးမှူးဦးသောင်းနိုင်ဦးနှင့် သုတေသီများဖြစ်သော ဒေါက်တာချောချောစိန်၊ ဦးဘိလီနေဝင်းတို့သည် ဖျာပုံမြို့နယ်အတွင်းရှိ ဒီရေတောဧရိယာများရှိ မြေအသုံးချမှုပုံစံများနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးအခြေအနေများလေ့လာခြင်းကို ၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ဒီရေတောများသည် သစ်တောထွက်ပစ္စည်းအလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းကြောင့်နှင့် အခြားမြေများအဖြစ်အသုံးပြုခြင်းကြောင့် ဒီရေတောများပြုန်းတီးလာပါသည်။ ကျေးလက်နေပြည်သူများ၏ လူမှုသဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးအခြေအနေများ အထောက်အကူပြုနေသော ဒီရေတောများရေရှည်တည်တံ့စေရန် မြေအသုံးချမှုပုံစံများနှင့် လူမှုစီးပွားရေးအခြေအနေများကို လေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။ မြေအသုံးချမှုကိုသိရှိနိုင်ရန်အတွက် RS/GIS နည်းပညာဖြင့် ၂၀၁၄ခုနှစ်အတွင်း ရိုက်ကူးထားသော Landsat 7 ဂြိုဟ်တုဓါတ်ပုံကိုအသုံးပြု၍ အမျိုးအစားခွဲခဲ့ပါသည်။ မြေအသုံးချမှုပုံစံများနှင့်လူမှုစီးပွားရေး အခြေ

အနေများကိုအခြေခံ၍ ကျပန်းနည်းကိုအသုံးပြု၍ ဖရိဒါအသင်းဒီရေတောပြန်လည် ထူထောင်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေသောဧရိယာရှိ အကျိုးပြုကျေးရွာများဖြစ်သော အိမ်ခြေ၉၅အိမ်ရှိသော ဝါးကုန်းကျေးရွာအား ၅၀၊ အိမ်ခြေ ၁၉၈အိမ်ရှိသော ကညင်ကုန်းကျေးရွာအား ၂၅ နှင့် အိမ်ခြေ ၄၉ အိမ်ရှိသော ပိတောက်ပင်ဆိပ်ကျေးရွာအား (၅၀)ကောက်ယူခဲ့ပါသည်။ စာရင်းကောက်ယူခဲ့သောရွာများ၏ အဓိကအသက်မွေးမှုလုပ်ငန်းများမှာ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း၊ ဓနိခြံများ၊ ငါးကန်များ၊ ပုစွန်ကန်များဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုလုပ်ငန်းများ တာရှည်တည်တံ့စွာ လုပ်ဆောင်နိုင်ရန်အတွက် ကျေးလက်နေပြည်သူများအတွက် ဒီရေတောထိန်းသိမ်းခြင်းလုပ်ငန်းများ ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများနှင့် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လာသလိုမှန်ကန်သော ဒီရေတောထိန်းသိမ်းခြင်းလုပ်ငန်းတွင် ဂေဟစနစ်များကို အထောက်အကူပြုသော နည်းစနစ်များထောက်ပံ့ပေးရန် လိုအပ်လျက်ရှိပါသည်ဟု သုံးသပ်တင်ပြထားပါသည်။

သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းရေးအသင်း (FREDA) ဥက္ကဋ္ဌ (၂၀၁၂-၂၀၁၅)ဦးအုန်းက ပင်လယ်ကမ်းရိုးတန်း အထူးသဖြင့် ဧရာဝတီတိုင်းမှာ သဘာဝဘေးအန္တရာယ်တွေက အများဆုံးပဲ၊ အဲလိုနေရာတွေမှာ ဒီရေတောစိုက်ခြင်းအားဖြင့် Coastal Damage ကိုလျော့စေတယ်၊ ဒီရေတောဧရိယာကေ (၅၀၀၀)ကျော် (ဟက်တာ ၂၀၀၀ကျော်) စိုက်ပျိုးပေးပြီးဖြစ်ပါသည်။ ဒီရေတောကိုအမှီပြုပြီး တစ်နိုင်တစ်ပိုင်ငါး၊ ပုစွန်၊ ကဏန်းမွေးတယ်၊ သီးနှံရောနှောစိုက်တယ်၊ အဖိုးတန် သစ်ပင်တွေဝေငှတယ်၊ Cyclone Shelter School-cum-Cyclone Shelter တွေဆောက်ပေးတယ်၊ အထွက်တိုးစပါး စမ်းသပ်နေတယ်၊ နွေအခါမှာ ရေရရှိဖို့ကြိုးစားပေးတယ်၊ စပါးခွံသုံးမီးအား လျှပ်စစ်စမ်းသပ်ထုတ်လုပ်ပေးတယ်၊ ထင်း(၆၀%)သက်သာတဲ့မီးဖို၊ ဆန်တစ်ပြည်ချက်မီးဖိုထင်း(၂၀)ကျပ်သားပဲကုန်တယ်၊ ၁၀ မိနစ် နဲ့ ၁၅ မိနစ်ကြားမှာကျက်ပါတယ်၊ ဆန်(၄)ပြည်အတွက် မီးဖိုကြီးကတော့ မီးဖိုတစ်လုံးကို ၄၅,၀၀၀/- လောက်ကျတယ်၊ အဲဒီတော့ အဲဒီမီးဖိုက နာရီဝက်နဲ့ကျက်ပါတယ်၊ ကျွန်တော်တို့ထင်းက(၁) ပိဿာအပြင် ပိုမကုန်ပါဘူး၊ ဆန်(၄)ပြည်ကနေ(၇)ပြည်ချက်တဲ့မီးဖို၊ ဒါလဲကျွန်တော်ဖြန့်နေပါတယ်၊ နိုင်ငံခြားကလည်း ကျွန်တော်တို့လုပ်တာတွေကောင်းတဲ့အတွက် ဂျာမဏီက ဧရာဝတီတိုင်းကို ဦးစားပေးပြီးတော့ မီးဖိုအလုံး ၃၀၀ ပေးဖို့ငွေထောက်ပံ့ပေးတယ်၊ FREDA ဥက္ကဋ္ဌကလည်း ပိုပြီးတော့အဆင်ပြေအောင် လုပ်နေပါတယ်ဟု ၂၀၁၃ ခုနှစ် အောက်တိုဘာလ(၆)ရက်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များနှင့် အတိုင်ပင်ခံပညာရှင်အဖွဲ့တွေ့ဆုံပွဲတွင်ပြောကြားသွားပါသည်။

မြန်မာ့ဒီရေတောဒေသများတွင် ဒီရေတော သစ်မျိုးစိတ် ၂၉ မျိုးပေါက်ရောက်လျက်ရှိပြီး ငါးမျိုးစိတ် ၆၅မျိုး၊ ပုစွန်မျိုးစိတ် ၁၃မျိုး၊ ကဏန်းမျိုးစိတ်၄မျိုး၊ ခရုဂုံး၊ ကမာမျိုးစိတ်၉မျိုးတို့ နေထိုင်ကျက်စားသည်။ ထို့ပြင် နို့တိုက်တိရစ္ဆာန်မျိုးစိတ်၆မျိုး၊ ငှက်မျိုးစိတ်၃၀ကျော်ခန့်နှင့်ရေချိုရေငန်စပ်မိကျောင်းတစ်မျိုးတွေ့ရသောကြောင့် ဇီဝမျိုးစုံမျိုးကွဲအတော်အတန်ပေါကြွယ်ဝသော ဂေဟစနစ်တစ်ခုဖြစ်သည်။ ယခုအခါဒီရေတောများသည် သစ်၊ထင်း၊မီးသွေး၊ အလွန်အကျွံ ထုတ်လုပ်မှု၊ ဒီရေတောများခုတ်ထွင်ရှင်းလင်း၍ ပုစွန်ကန်၊ ငါးကန်၊ စိုက်ပျိုးမြေနှင့် မြို့ပြလူနေဒေသအဖြစ်ချဲ့ထွင်ခြင်းတို့ကြောင့် ပျက်စီးပြုန်တီးလျက်ရှိသည်။ အထူးသဖြင့်ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိဒီရေတောများပျက်စီးမှုမှာ သိသာထင်ရှားလှသည်။ ၂၀၀၈ ခုနှစ်နာဂစ် မုန်တိုင်းတိုက်ခတ်စဉ် အတားအဆီးမဲ့ဝင်ရောက်လာသော ဒီရေလှိုင်းများကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့်ဒီရေတောများအားစိုက်ပြုစုခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

ဖရိဒါအသင်းမှဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နယ်များ အတွင်း ၂၀၁၅ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ခုနှစ်များအတွင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစီမံကိန်းများမှာ-

**(၁) မြန်မာ့သစ်တော ပြန်လည်ပြုစုထိန်းသိမ်းရေး စီမံကိန်း(အဆင့်၄) Myanmar Reforestation Programme (Phase IV) (ACTMANG-Action for Mangrove Reforestation-Japan)**

အဆိုပါစီမံကိန်းကို ဂျပန်နိုင်ငံအခြေစိုက် ACTMANG အဖွဲ့အစည်း၏ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံနှင့်ဘိုကလေးမြို့နယ်များအတွင်းရှိ ကျေးရွာများတွင် ဒီရေတောစိုက်ခင်းများကိုစိုက်ပျိုးခဲ့ရာ ယခုအခါ Phase IV(၂၀၁၄ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ)အား ဆက်လက် အကောင်အထည်ဖော်လျက်ရှိပါသည်။ ဤစီမံကိန်းအရ ၁၉၉၉ ခုနှစ်မှ ၂၀၁၆ခုနှစ်ထိ ဆောင်ရွက်ပြီးသော ဒေသအစုအဖွဲ့ပိုင် ဒီရေတောစိုက်ခင်းမှာစုစုပေါင်း (၆၀၄၀) ဧက စိုက်ပျိုးတည်ထောင်ထားပြီးဖြစ်ပါသည်။

**(၂) ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ရာသီဥတုပြောင်းလဲမှု လိုက်လျောညီထွေနေထိုင်ရေး စီမံကိန်း Climate Change Adaptation in Ayeyarwady Delta (DKH/BFTW) (Project No.20130701/ 20131301)**

ဤစီမံကိန်းကို ဂျာမဏီနိုင်ငံ အခြေစိုက် Diakonie Katastrrophehilfe (DKH) အဖွဲ့အစည်း ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးရှိကျေးရွာအချို့တွင် မုန်တိုင်းဒဏ်ခံစာသင်ကျောင်းများဆောက်လုပ်ခြင်း၊ ကမ်းပါးပြိုထိန်း တာတမံဆောက်လုပ်ခြင်း၊ မိုးရေလှောင်ကန်များဆောက်လုပ်ခြင်း၊ သောက်သုံးရေသန့်ပစ္စည်းများ ပံ့ပိုးခြင်းနှင့် ဒေသခံပြည်သူများ၏စားဝတ်နေရေး တိုးတက်မှုပေးစွမ်းနိုင်သည့် သင်တန်းများပို့ချခြင်းများပြုလုပ်ပါသည်။ ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်မှစတင်၍၊ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ (၄)နှစ်စီမံကိန်းဖြစ်ပါသည်။ စီမံကိန်းပြီးသောအခါတွင် မုန်တိုင်းဒဏ်ခံ စာသင်ကျောင်း (၈)လုံး၊ ကမ်းပါးပြိုထိန်းတာတမံဆောက်လုပ်ခြင်း(၈)ခု၊ မိုးရေလှောင်ကန်(၈)လုံး၊ သောက်သုံးရေသန့်ပစ္စည်းများ ထောက်ပံ့ခြင်း (၁၃)ရွာနှင့် သင်တန်း(၈)ခုကို ဆောင်ရွက်မည်ဖြစ်ပါသည်။

**(၃) သဘာဝအန္တရာယ်လျှော့ချရေးနှင့် ပြန်လည် ထူထောင်ရေးစီမံကိန်း Disaster Risk Reduction and Sustainable Community Development. (EED/BFTW Project No.20130122)**

ဤစီမံကိန်းသည်ဧရာဝတီတိုင်းဒေသကြီး အတွင်း နာဂစ်ဆိုင်ကလုန်းဒဏ်ခံ ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ထင်းသုံးစွဲမှု ၆၀% အထိလျှော့ချနိုင်သော Save-၆၀ မီးဖိုနှင့် ဘက်ထရီ LED မီးအိမ်များဖြန့်ဝေခြင်း၊ ဒီရေတောစိုက်ခင်းများ လေကာတန်းစိုက်ခင်းများနှင့် သီးစားပင်များစိုက်ခြင်း ဒေသခံလူများ၏ ဝင်ငွေတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးစပါး (System for Rice Intensification- SRI) စိုက်ပျိုးခြင်းတို့ကိုဆောင်ရွက်လျက်ရှိပါသည်။ (၃)နှစ်စီမံကိန်းဖြစ်၍ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့မှ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းပြီးဆုံးချိန်တွင် Save ၆၀ (၃၀၀)လုံး၊ ဘက်ထရီနှင့် LED မီးအိမ်(၉၀၀) ဒီရေတောစိုက်ခင်းဟက်တာ(၁၅၀)၊ လေကာတန်းစိုက်ခင်းဟက်တာ(၂၄)၊ SRI ဟက်တာ(၃၀)နှင့် သီးစားပင်(၆၀,၀၀၀)ပင် သင်တန်း(၉)ကြိမ်ဆောင်ရွက်ပေးခဲ့ပါသည်။

**၄။ ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူများ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေနေထိုင်ရေး ရပ်ရွာအခြေပြုစည်းလုံးညီညွတ်ရေး...**

**၄။ ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူများ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေနေထိုင်ရေး စုစည်းလုပ်ငန်းများ စီမံကိန်း Integrated Climate Change Adaptation for Local Community-Ayarwaddy Region.**

ဤစီမံကိန်းသည် ဧရာဝတီတိုင်းဒေသကြီး အတွင်း ဖျာပုံ၊ဘိုကလေး၊မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ်များအတွင်းရှိ ဒေသခံပြည်သူများစားဝတ်နေရေးနှင့် လူမှုအဆင့်အတန်းမြင့်မားရေးအတွက် ဒီရေတောစိုက်ခင်းများ(ဟက်တာ ၈၀)၊ လေကာခံ သစ်တောအုပ်စုများ (၃၆ ဟက်တာ)ဒေသခံပြည်သူများဝင်ငွေတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့်လူမှုအဆင့် မြင့်မားရေးအတွက် အထွက်တိုးစပါး (System for Rice Intensyfication-SRI) (၈၀ ဟက်တာ)၊ ရေလုပ်ငန်း/သစ်တောပညာတိုးတက်ရေး (Aqua Forestry) (ကန် ၈ ကန်)၊ အဆင့်မြင့် မီးဖိုဖြန့်ချိရေး (၁၆၀၀) တစ်အိမ်ထောင်သုံးဘက်ထရီ LED မီးအိမ်များ (၁၂၀၀)ဖြန့်ဝေခြင်းနှင့် ပညာပေးသင်တန်းများ (အကြိမ်၂၀) ဖွင့်လှစ်ခြင်းဖြစ်ပြီး၊ စီမံကိန်းကို ၂၀၁၇ ခုနှစ် မေလမှ၂၀၂၀ပြည့်နှစ်၊အောက်တိုဘာလအထိ ၃နှစ်ခွဲ အတွင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒီရေတောများသည်ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များတွင် အလွန်အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး အခြားသစ်တောအမျိုးအစားနှင့် နှိုင်းယှဉ်ပါက မှန်လုံအိမ်အာနိသင်ဓါတ်ငွေ့ဖြစ်သည့် ကာဗွန်ထုတ်ယူ သိုလှောင်နိုင်စွမ်းအား ပိုမိုမြင့်မားကြောင်း သိရှိရပါသည်။ ထို့ကြောင့်ကမ္ဘာ့ရာသီဥတု ပူနွေးလာမှုဖြစ်စဉ်များ လျှော့ချရေးအတွက် ဒီရေတောထိန်းသိမ်းရေးနှင့်ပြန်လည် ထူထောင်ရေးကို ကမ္ဘာနှင့်အဝန်း အလေးထားဆောင်ရွက်ကြရပါသည်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်များကို အစဉ်ဖြည့်ဆည်းပေးနေပြီး သဘာဝ ဘေးအန္တရာယ်ကျရောက်မှုကို တားဆီးကာကွယ်ပေးနေသည့် ဒီရေတောများထာဝစဉ်တည်တံ့နေစေရန် အတွက် ဖရီဒါ၏ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သာမက ယနေ့တိုင် ဒီရေတောများ ပြုစုထိန်းသိမ်းမှုများကို ပြည်သူအားလုံး၏ပူးပေါင်းပါဝင်မှုရယူပြီး ထိရောက်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့်အပြင် သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်တည်ငြိမ်ခြင်း အကျိုးကျေးဇူးများလည်း စဉ်ဆက်မပြတ်ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

+++++++++++

# ရုံးစာရေးသားနည်းနှင့် လေ့လာသင့်သည့် အခြေခံရေးသားနည်းများ

## ဘယ်လိုရေးမလဲ !!!

ကျော့ကေကေစု

**ဝန်ခံချက်** ။ စာရေးသူသည် မြန်မာစာအရေး အသားနှင့်စပ်လျဉ်း၍ မြန်မာသဒ္ဒါ၊ အရေးအသား၊ တင်ပြပုံ၊ တင်ပြနည်းတို့ကို လေ့လာဆဲဖြစ်ပါသည်။ နိုက်နိုက်ချွတ်ချွတ်လေ့လာသောအခါ မြန်မာစကား၊ မြန်မာစာနှင့် ပတ်သက်၍ ကျမ်းအဆူဆူ၊ စာအုပ်အထူထူ များပြားစွာရှိပြီး၊ ဖတ်၍မကုန်၊ ပမာဆိုရသော် သမုဒ္ဒရာတမျှ ကျယ်ပြောလှပါသည်။ ယခုဖော်ပြချက်သည် သာမန်ထက် မပိုသော ရုံးစာရေးနည်းမျှသာ ဖြစ်ပါသည်။

### (က) ရည်ရွယ်ချက်

အရေးပါသောအချက်အလက်များ၊ စာဖတ်သူ အဓိကသိစေလိုသော အချက်ကိုပေါ်လွင်ထင်ရှားအောင်၊ သတိပြုမိအောင် သတ်မှတ်ထားသော နည်းစနစ်များနှင့် အညီတိုတောင်းရှင်းလင်း၍ တိကျပြတ်သားစွာ အစီအစဉ်တကျ ရေးသားရှင်းစေရန်ပင်ဖြစ်သည်။

### (ခ)အခြေခံရမည့်အချက်များ

စာတစ်စောင်ရေးသားရာတွင် နိဒါန်း၊ စာကိုယ်၊ နိဂုံးများပါဝင်ရန်လိုအပ်ပြီး စနစ်တကျဖြစ်စေရန် အောက်ပါအတိုင်းလိုက်နာရပါမည် –

(၁) စာလက်ခံဖတ်ရှုသူ သိစေလိုသည့်၊ ဆောင်ရွက်ရမည့် အချက်များကို စာရေးသူ(အသိပေးတင်ပြသူ) ကိုယ်တိုင်ရှင်းလင်း ပြတ်သားစွာသိရှိရမည်။
(၂) အချက်အလက်ပြည့်စုံ မှန်ကန်တိကျမှုရှိရမည်။
(၃) ဖော်ပြသည့်အချက်အလက်များ အစီအစဉ်တကျ ဖြစ်ရမည်။
(၄) ဖော်ပြလိုသည့် အကြောင်းအရာ၏ အဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှားအောင်၊ သိသာအောင်အထူး ဂရုစိုက်ရမည်။ ဆိုလိုရင်းကို အပို/အလိုမရှိတိုတိုနှင့် တိကျရှင်းလင်းအောင် ရေးရမည်။

### (ဂ) အမျိုးအစားများ

(၁) စာတမ်း
(၂) အကျဉ်းချုပ်စာ
(၃) အတိုချုံးရေးစာ
(၄) စာပေး၊ စာယူ
(၅) အမိန့်နှင့်ညွှန်ကြားချက်
(၆) အစည်းအဝေးမှတ်တမ်း
(၇) ခရီးသွားမှတ်တမ်း
(၈) လုပ်ငန်းမှတ်တမ်း – ဟူ၍ ယေဘုယျအားဖြင့် (၈)မျိုးခွဲခြားထားပါသည်။

### (ဃ) အကြောင်းအရာများကို ခေါင်းစဉ်တပ်ခြင်း

သက်ဆိုင်သည့်စာပိုဒ်များကို အဓိပ္ပါယ် အားလုံးအကျုံးဝင်မည့် တိုနိုင်သမျှ တိုသည့်ခေါင်းစဉ်တပ်ရမည်။

(၁)နိဒါန်း

စာရေးသူ၏ ရည်ရွယ်ချက်ကို အစပျိုးခြင်း ဖြစ်ပြီး ဖော်ပြမည့်အကြောင်းအရာကို ကြိုတင်သိရှိထားရန် အကျဉ်းချုပ်ရေးသားခြင်းဖြစ်သည်။ တိုနိုင်သမျှတိုတောင်းအောင်ရေးရမည်။ စာကိုယ်ရေးသားစဉ် မူလအကြောင်းအရာ ဦးတည်ချက်မလွဲစေရန် နိဒါန်းကို မကြာမကြာသတိပြုရပါမည်။

(၂)စာကိုယ်

စာပိုဒ်တစ်ခုတည်းတွင် အကြောင်းအရာရောပြွမ်းရှုပ်ထွေးမှုမရှိအောင် ဘာသာရပ်(သို့မဟုတ်) ခေါင်းစဉ်နှင့်ဆီလျော်သည့် အချက်များကို စာပိုဒ်များခွဲကာ အစီအစဉ်တကျရေးသားပြီး ခေါင်းစဉ်ကြီး၊ ခေါင်းစဉ်၊ အစုခေါင်းစဉ်၊ စာပိုဒ် ခေါင်းစဉ်စသည်ဖြင့် ရုံးစာရေးသားနည်း ထားသိုပုံအတိုင်း ရေးသားရပါမည်။

(၃)နိဂုံး

စာရေးသူက တင်ပြဆွေးနွေးချက်၊ အကြောင်းအရာလိုရင်းအချက်များကို ခြုံငုံ၍ ရေးသားဖော်ပြရမည်။ အကြောင်းအရာသစ်တစ်ရပ်ထွပ်မံမဖော်ပြဘဲ၊ နိဒါန်း၊ စာကိုယ်တို့၌ ဖော်ပြပြီးသည့် အကြောင်းအရာကိုသာအခြေခံ၍ရေးသားရပါမည်။ ရုံးစာရေးသားနည်းတွင် စံသတ်မှတ်ထားသော

အတိုင်းအတာ၊ အထားအသို၊ အက္ခရာအဝေးများကိုမူ အသေးစိတ်မဖော်ပြတော့ဘဲ လေ့လာလိုပါက အလွယ်တကူရှာဖွေနိုင်ပါသည်။

## (င)အကောင်းဆုံး ရုံးစာရေးသားနည်း

စာလက်ခံဖတ်ရှုသူက အချိန်တိုအတွင်း အဓိပ္ပါယ်ကို ထင်းကနဲ၊ ရှင်းကနဲ နားလည်မှသာလျှင် အကောင်းဆုံးရေးသားနည်းဖြစ်သည်။ စာရေးဆရာကြီး(ဦး)ဇေယျမိန့်ကြားခဲ့သလို ခွန်အားရှိသော ရုံးစာ၊ အကောင်းဆုံးရုံးစာဖြစ်စေရန် အောက်ပါအချက်များကို တစ်သဝေမတိမ်း လိုက်နာသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

(၁) စာမရေးမီဖတ်ရှု/ လေ့လာရန်နှင့် တွေးတောကြံဆရန် အချိန်လုံလောက်စွာရှိရပါမည်။

(၂) လေ့လာရရှိသည့် အချက်အလက်၊ အတွေးအခေါ်နှင့် အကြံဉာဏ်စသည်တို့ကို မှတ်စုရေးသားပြီး ဖော်ပြလိုသောအစီအစဉ်အတိုင်း အဆင့်ဆင့်ပြန်ရေးရပါမည်။

(၃) ရည်ရွယ်ချက်ကို မျက်ခြည်မပြတ်စေဘဲ၊ မသက်ဆိုင်သည့်အချက်များကို ပယ်ဖျက်ရပါမည်။

(၄) ဝါကျများသည် ရှင်းလင်းတိကျရန် လိုအပ်ပြီး ဝါကျတစ်ခုတွင်အချက်တစ်ခုထက်မပိုအောင် ဂရုပြုရပါမည်။

(၅) စာပိုဒ်တစ်ပိုဒ်တွင် ပါဝင်သည့်အချက်အလက်များသည် ခေါင်းစဉ်၏ရည်ရွယ်ချက်နှင့် ပမာဏထက်မကျော်လွန်အောင် သတိပြုရပါမည်။

(၆) ဇန်းစကားများမပါဝင်အောင် သတိပြုရပါမည်။

(၇) နိဂုံးတွင် ခေါင်းစဉ်နှင့်မသက်ဆိုင်သော အကြောင်းအရာသစ်တစ်ရပ် မဖော်ပြမိရန် ဂရုပြုရပါမည်။

(၈) အစ၊အဆုံးရေးပြီးပါက ပုဒ်မ၊ ပုဒ်ဖြတ်၊ သတ်ပုံသတ်ညွှန်းများကို သဒ္ဒါနည်းလမ်းကျ/ မကျ စစ်ဆေးရပါမည်။

မြန်မာနိုင်ငံ၏ အဓိကရုံးသုံးဘာသာမှာ မြန်မာစာဖြစ်ပြီး ဒုတိယမှာ အင်္ဂလိပ်စာဖြစ်ပါသည်။ ကိုလိုနီခေတ်နောက်ပိုင်းတွင် မြန်မာစာကို နယ်ပယ်အသီးသီးတွင် ကျယ်ပြန့်စွာသုံးစွဲခဲ့ကြသည်ကို လေ့လာသိရှိရပါသည်။

ထို့ကြောင့် စာရေးသားသူ၊ စာလက်ခံဖတ်ရှုသူတို့အတွက် အဓိပ္ပါယ်ရှင်းလင်းတိကျပြတ်သား၍ ပြေပြစ်ကျစ်လစ်ကာ သဒ္ဒါနည်းကျသော စာအရေးအသားဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာ လိုက်နာဆောင်ရွက်သူ အဆင့်ဆင့်အတွက် အဆင်ပြေချောမွေ့၍ လုပ်ငန်းများလွယ်ကူမြန်ဆန်နိုင်ပါမည်။

သာဓကအနေဖြင့် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဦးတင်လှ(ကွယ်လွန်) က ရုံးလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အဆင့်မြင့် အရာရှိသင်တန်းများ၊ မွမ်းမံသင်တန်းများ၌ ပို့ချလေ့ရှိသည့်အချက်တစ်ချက်မှာ လွန်စွာအဖိုးတန်လှပါသည်။ သာမန်ရုံးစာများမှအပ သိသာထင်ရှားစေလိုသည့် အမိန့်/ညွှန်ကြားချက် (သို့မဟုတ်) သာမန်ထက်ထူးကဲသည့် ရုံးစာများ ထုတ်ပြန်မည်ဆိုပါက ၎င်းစာမူကြမ်းကို အခြားသူတစ်ဦးအား ဖတ်ရှုစေပြီး စာ၏အဓိပ္ပါယ်ကို ပြန်လည်ပြောကြားစေပါသည်။ ၎င်းစာကြမ်းဖတ်သူ နားလည်သဘောပေါက်မှသာ (သို့မဟုတ်) အဓိပ္ပါယ်ရှင်းလင်းမှသာ ၎င်းရုံးစာကို သက်ဆိုင်ရာသို့ထုတ်ပြန်ပါ ဟု မှတ်ချက်ပြုကြောင်း ပို့ချခဲ့ပါသည်။

ထို့အတူ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဦးစိုးကြည် (ကွယ်လွန်)ကလည်း ၎င်းလက်မှတ်ရေးထိုး၍ ထုတ်ပြန်ရမည့် စာကြမ်းကိုဖတ်ရှုကာ အဆီ၊ အငေါ်မတည့်ပါက ၎င်း၏ကိုယ်ရေးအရာရှိကို စာကြမ်း၏မပြည့်စုံမှု၊ လိုအပ်မှုအပေါ် ဆင်ရုပ်ပန်းချီရေးဆွဲခြင်းနှင့် ဥပမာပေး၍ မင်းဟာက ဆင်တော့ ဆင်ရုပ်ပေါ့ကွာ။ ဒါပေမဲ့ မင်းဆင်ရုပ်မှာ အမြီးလေးက တိုနေတယ်။ အစွယ်တစ်ခြမ်းကပဲ့နေတယ်၊ နားရွက်တစ်ဖက်က နည်းနည်းသေးနေတယ်ကွ ဟူ၍ ရုံးစာ၏ လိုအပ်ချက်၊ သတ်ပုံသတ်ညွှန်းအားနည်းချက်များကို ထောက်ပြသင်ကြားပေးခဲ့ဘူးသည်ဟု တစ်ဆင့်ခံလေ့လာမှတ်သားဖူးပါသည်။

မြန်မာစာအကြောင်းကို သီးခြားလေ့လာမည် ဆိုပါက အထက်တွင်ဖော်ပြထားသကဲ့သို့ ကျယ်ပြောနက်ရှိုင်းလှပါသည်။ သို့သော် ရုံးသုံးမြန်မာစာအတွက်မူ ထိုမျှလောက်မလိုအပ်ဘဲ မြန်မာသဒ္ဒါကို ဂဃဏနသိအောင် ကြိုးစားအားထုတ်ပါက လုံလောက်သည်ဟု ယူဆပါသည်။

ရုံးသုံးမြန်မာစာအကြောင်း ရေးသားထားသည့် စာအုပ်များ၊ သတ်ပုံ၊ သတ်ညွှန်းဆီလျော်မှန်ကန်ရေး အတွက် မြန်မာစာဦးစီးဌာနအဖွဲ့က ထုတ်ဝေဖြန့်ချိသည့် မြန်မာစာ၊ စာလုံးပေါင်းသတ်ပုံကျမ်းကဲ့သို့သော စာအုပ်များကို လက်ကိုင်ပြု၍ သေချာသည့် အသုံးအနှုန်းများကို ကိုးကား၍ ရေးသားခြင်းဖြင့် ကိုက်ညီဆီလျော်သည့် စာရေးသားနည်း ဖြစ်လာနိုင်ပါမည်။

စကားပြေကောင်း၏ အခြေခံလက္ခဏာများ ဖြစ်သည့် (၁)မှန်ကန်မှု၊ (၂)ရှင်းလင်းမှု၊ (၃)တိကျမှု၊ (၄)ကျစ်လျစ်မှု၊ (၅)ပြေပြစ်မှု၊ (၆)လိုက်ဖက်မှု စသည့် အချက်များအပြင် ညီညွတ်အောင်သုံးစွဲရေးသားပါမှ ကိုက်ညီဆီလျော်သည့် ရုံးစာရေးသားနည်းဖြစ်လာနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဥရောပသစ်ကုန်သွယ်မှုအဖွဲ့(European Timber Trade Federation-ETTF)မှ ထုတ်ဝေသည့် ETTF News (မြန်မာနိုင်ငံအတွက် အထူးထုတ်)တွင် မြန်မာနိုင်ငံ၏ ကျွန်းသစ်ကုန်သွယ်မှု၊ တရားဝင်ထုတ်လုပ်သောသစ်ဖြစ်ကြောင်း အာမခံသည့်စနစ် ခိုင်မာစေရေးဆောင်ရွက်မှုများ၊ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုအပေါ် သုံးသပ်ချက်များအား မြန်မာဘာသာပြန်ဆို၍ ဖော်ပြအပ်ပါသည်။

## စိန်ခေါ်မှုတစ်ရပ်သဖွယ်ဖြစ်ပေါ်နေသည့် ကျွန်းသစ်ကုန်သွယ်မှု ကွင်းဆင်းအယူအဆအလွဲများ
## Challenging Teak Trade Supply Chain misconception

ဘာသာပြန်ဆိုသူ- ဒေါ်ဆုရည်နှင်း(တောအုပ်ကြီး)

ဥရောပသစ်ကုန်သွယ်မှုအဖွဲ့(ETTF[1])၏ Secretary General ဖြစ်သူ Andre de Boer က ဥရောပသို့ မြန်မာနိုင်ငံမှ ကျွန်းသစ်တင်ပို့မှု၏ ထူးခြားမှု၊ ရှုပ်ထွေးမှုတို့အား EU-FAO Expert Group အဖွဲ့ဝင်များနှင့် Competent Authority ကိုယ်စားလှယ်များသို့ ထောက်ပြပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံမှ ဥရောပသို့တိုက်ရိုက်သစ်တင်သွင်းမှုသည် တန်ဖိုးအားဖြင့် အနည်းငယ်သာရှိပြီး မြန်မာ့ကျွန်းသစ်တင်ပို့မှု(၇၀%)သည် အခြားနိုင်ငံများမှ တစ်ဆင့်တင်ပို့ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြန်မာသစ်တင်ပို့သူများ အတွက် အကျိုးအမြတ်အနည်းငယ်သာရှိသော်လည်း ဥရောပ၏ တန်ဖိုးမြှင့်ကုန်ပစ္စည်းအကျိုးအမြတ်ကမူ များပြားကြောင်း Andre de Boer က ပြောကြားခဲ့ပါသည်။




ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့(EIA[2])၏ စုံစမ်းစစ်ဆေးမှုနှင့် ဆွီဒင်နှင့်ဒိန်းမတ် Competent Authority ၏ သစ်တင်သွင်းမှုနှင့်ပတ်သက်၍ ကုမ္ပဏီများအား စိစစ်စစ်ဆေးမှုများပြီးစီးသည့်နောက် သစ်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၌ သစ်ရောနှောခြင်းအား ကာကွယ်ရန်နှင့် ထွက်ရှိရာသစ်တောများမှသစ်လွှဲပြောင်းပိုင်ဆိုင်မှုကွင်းဆက် အထောက်အထားများ ရရှိရန် ရှုပ်ထွေးသည်ဟု သစ်တင်သွင်းသူများက ပြောကြားကြကြောင်းနှင့် ETTF အနေဖြင့် သစ်နောက်ကြောင်း ပြန်စစ်ဆေးသည့်ပညာရှင်အဖွဲ့ Double Helix ၏ ဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေး ကော်မတီ၏ MTLAS[3] ကွာဟမှုဆန်းစစ်ချက်တို့အပေါ် ကိုးကားပြောဆိုခြင်းဖြစ်ကြောင်း Mr. de Boer ကပြောကြားထားသည်။ MTLAS ကွာဟမှုဆန်းစစ်ချက်တွင် လက်ရှိမူဘောင်အတွင်း သစ်ထွက်ရှိရာနေရာမှ သစ်တင်ပို့သည်အထိ သစ်နောက်ကြောင်းပြန် စစ်ဆေးခြင်းအတွက် စနစ်တစ်ခုထောက်ပံ့ပေးနိုင်ပါကြောင်းသုံးသပ်ထားပြီး Double-Helix ကလည်း လက်ရှိစနစ်များသည် သစ်ထောက်ပံ့မှုကွင်းဆက်(supply chain)အား စိစစ်သုံးသပ် ခြင်းနှင့် ထိန်းချုပ်ခြင်းများ ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားပါသည်။ သစ်မူလဇစ်မြစ် အထောက်အထားမပါရှိဘဲ မြန်မာ့သစ်များအား ဝယ်ယူခြင်းမပြုရန် သစ်တင်သွင်းသူများအား အကြံပြုခြင်း မဟုတ်ကြောင်းနှင့် သဘောတင်ပို့မှုတွင် အချက်အလက်တစ်ခုချင်းစီအလိုက် စိစစ်သုံးသပ်ရမည်ဖြစ်ကြောင်း Mr. de Boer က EU-FAO Expert Group သို့ ပြောကြားခဲ့ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ FLEGT[4] အကြံပေးပုဂ္ဂိုလ် Dr. Francesca Marzatico ကလည်း အဆိုပါစနစ်တွင် အားနည်းချက်များရှိသော်လည်း ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုပြောကြားခဲ့ပါသည်။

| | |
|---|---|
| ETTF[1] | - European Timber Trade Federation |
| EIA[2] | - Environmental Investigation Agency |
| MTLAS[3] | - Myanmar Timber Legality Assurance System |
| FLEGT[4] | - Forest Law Enforcement Governance and Trade |

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ MTLAS[1] ပြင်ဆင်ဆောင်ရွက်ရေး အသေးစိတ်ပြုပြင်ပြောင်းလဲမှုများ(MONREC[2] Details Reforms)







FAO[3] -FLEGT[4] Programme အထောက်အပံ့ဖြင့် မြန်မာနိုင်ငံသစ်ထောက်ခံချက်ပြုရေး ကော်မတီမှ ဦးဆောင်ကျင်းပသော MTLAS Gap Analysis စီမံကိန်း နိုင်ငံတကာအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီးစီးသည့်နောက် ၂၀၁၇ ခုနှစ် မတ်လ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် သစ်တောများမှ သစ်တင်ပို့သည်အထိ နောက်ကြောင်းပြန် စစ်ဆေးသည့်စနစ်ကို ဆောင်ရွက်ရာတွင် အခြားသောပြည်ပအဖွဲ့အစည်းများအတွက် အနည်းငယ်ရှုပ်ထွေးမှုများရှိနိုင်ကြောင်း၊ ဥရောပသစ်တင်သွင်းမှုဆိုင်ရာ စည်းမျဉ်းများအရ သစ်လွှဲပြောင်းပိုင်ဆိုင်မှု ကွင်းဆက်အား စိစစ်ရာတွင်လိုအပ်သော ကြိုတင်စုံစမ်းလေ့လာမှုဆောင်ရွက်သည့်အခါ ဥရောပသစ်တင်သွင်းသူများအနေဖြင့် စိန်ခေါ်မှုများရှိနေပါကြောင်း၊ အမျိုးမျိုးသောနေရာအဆင့်များ၌ ဇစ်မြစ်အမျိုးမျိုးမှ သစ်များရောနှောခြင်းသည် သစ်များအား နောက်ကြောင်းပြန်စစ်ဆေးခြင်းကို ရှုပ်ထွေးစေပါကြောင်းဖော်ပြထားပြီး မြန်မာ့သစ်တင်ပို့သူများက သစ်ဝယ်ယူသူများကို မြန်မာ့သစ်ထုတ်ကုန်တင်ပို့မှုများသည် ဥပဒေနှင့်အညီဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြနိုင်စေရန် အကောက်တံဆိပ်ရိုက်မှတ်ခြင်းအပါအဝင် MTLAS စနစ်အား တိုးတက်ကောင်းမွန်စေရေး၊ အကျိုးဆက်စပ်ပတ်သက်သူများအားလုံးကို သတင်းအချက်အလက် အပြည့်အစုံအားလက်လှမ်းမီ ရရှိစေရေးအတွက် အဓိကဆောင်ရွက်မည့်လုပ်ငန်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်ခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ သစ်လုံးများအား သစ်ထွက်ရှိရာနေရာမှ ဆိပ်ကမ်းအထိ နောက်ကြောင်းပြန်စစ်ဆေးရန် လိုအပ်သောအချက်အလက်များပြုစုဆောင်ရွက်ခြင်း၊ သစ်နောက်ကြောင်းပြန်စစ်ဆေးသည့်စနစ်အား ရှင်းလင်းတိကျစွာ ဖော်ပြပေးနိုင်ရန်နှင့် လိုအပ်သော အချက်အလက်နမူနာများ ထောက်ပံ့ပေးရန်အတွက် မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနအပါအဝင် အဓိကဆောင်ရွက်မည့်လုပ်ငန်းအဖွဲ့များက အချက်အလက်စာရွက်စာတမ်းများ ပြုစုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားပါသည်။

အဆိုပါကိစ္စရပ်များ ပြင်ဆင်ဆောင်ရွက်နေစဉ်အတွင်း သစ်ထောက်ပံ့မှုကွင်းဆက် (supply chain) အား လေ့လာနိုင်ရန် မြန်မာ့သစ်တောများသို့ ပြည်ပမှတင်ပို့သူများ/ကုမ္ပဏီများမှ လာရောက်လေ့လာနိုင်ကြောင်း သစ်တောဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ပြောကြားခဲ့ပါသည်။

သစ်နောက်ကြောင်းပြန်စစ်ဆေးမှုအတွက် အထောက်အကူဖြစ်စေရန် သစ်တောဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ယခင်ထုတ်ယူနေသည့် နှစ်စဉ်ခုတ်လှဲခွင့်ပြုပမာဏအောက် ထက်ဝက်ခန့်လျှော့နည်းသော ပမာဏသာ ထုတ်လုပ်ရန် သတ်မှတ်ခဲ့ပါသည်။ ထို့ပြင် ဖမ်းဆီးရမိသစ်များ၊ တရားမဝင်ခုတ်လှဲခြင်း၊ မြေယာရှင်းလင်းဆောင်ရွက်ခြင်းမှ ထွက်ရှိလာသောသစ်များအား ပြည်ပသို့တင်ပို့ခွင့်ကိုလည်း ပိတ်ပင်တားမြစ်ခဲ့ပါသည်။ အဆိုပါဆောင်ရွက်မှုများသည် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ပြည့်မီသောပြည့်စုံကောင်းမွန်သည့် MTLAS စနစ် ဖြစ်ပေါ်လာစေရေး အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြောကြားခဲ့ပါသည်။ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှု မူဘောင်အတွင်း ဥရောပသမဂ္ဂနှင့် မိတ်ဖက်အဖြစ် ဆန္ဒအလျောက် သဘောတူညီချက်(VPA[5])ဆောင်ရွက်ရန် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဖွဲ့စည်း၍ MTLAS Gap Analysis မှ ရရှိလာသော သုံးသပ်အကြံပြုချက်များနှင့်အညီ ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ

သည်။ အဆိုပါဆောင်ရွက်ချက်များသည် သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့်ကုန်သွယ်မှုဆိုင်ရာမိတ်ဖက်အဖြစ် ဆန္ဒအလျောက်သဘောတူညီချက်(FLEGT-VPA)လုပ်ငန်းစဉ်အတွက် ပထမခြေလှမ်းတစ်ခုဖြစ်ပါသည်။

| | |
|---|---|
| MTLAS[1] | - Myanmar Timber Legality Assurance System |
| MONREC[2] | - Ministry of Natural Resources and Environmental Conservation |
| FAO[3] | - Food and Agriculture Organization |
| FLEGT[4] | - Forest Law Enforcement Governance and Trade |
| VPA[5] | - Voluntary Partnership Agreement |

## MTLAS[1] Gap Analysis ဆောင်ရွက်ပြီးနောက် ပြုပြင်ပြောင်းလဲမှုများ
## Change Follows MTLAS Gap Analysis






FAO-EU[2] FLEGT[3] Program ၏ နည်းပညာအထောက်အပံ့ဖြင့် မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ(MFCC[4]) က MTLAS gap analysis အား ၂၀၁၆ ခုနှစ် အစောပိုင်းတွင် ဆောင်ရွက်ခဲ့ပါသည်။

ဒေသတွင်း စံသတ်မှတ်ချက်များ သတ်မှတ်နိုင်ရန်နှင့် ဘက်စုံပူးပေါင်းပါဝင်သော ဒေသတွင်း စီးပွားရေးအကောင်အထည်အဖော်ရန်အတွက် ASEAN[5] အဖွဲ့၏ တိုက်တွန်းမှုနှင့်အတူ မြန်မာနိုင်ငံမှ MTLAS ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ မိတ်ဖက်အဖြစ် ဆန္ဒအလျောက်သဘောတူညီချက် (FLEGT-VPA[6]) လုပ်ငန်းစဉ်အတွက် ၂၀၁၅ ခုနှစ်တွင် ကြိုတင်ပြင်ဆင်သည့်အဆင့်(preparation phase)မှ စတင်ဆောင်ရွက်ခဲ့ပြီး တရားဝင်အရင်းအမြစ်များမှ ထွက်ရှိသောသစ်များအား ဥရောပနိုင်ငံများသို့တင်ပို့ရာတွင် ထောက်ခံချက်ပြုနိုင်ရေး MTLAS ပိုမိုအားကောင်းလာစေရေးအဓိကဦးတည်၍ EU FLEGT VPA အား ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သော ပြည်တွင်းပြည်ပမှ ကိုယ်စားလှယ်(၁၅၀)ဦး ခန့်တက်ရောက်ခဲ့သော အကြံပြုညှိနှိုင်းဆွေးနွေးပွဲတွင် MTLAS Gap Analysis ရလဒ်များအား ဖြန့်ဝေခဲ့ပြီး ဖြစ်ပါသည်။ MTLAS သည် လက်ရှိနိုင်ငံတွင်း တရားဥပဒေအခြေအနေနှင့် အစိုးရ၏ စိစစ်စစ်ဆေးခြင်းစနစ်အပေါ် အခြေခံထားသော်လည်း MTLAS Gap Analysis အစီရင်ခံစာတွင် MTLAS လက်ရှိနယ်ပယ်အားကျယ်ပြန့်လာစေခြင်း၊ သစ်ထွက်ရှိရာနေရာများအား စိစစ်စစ်ဆေးနိုင်စေခြင်း၊သစ်ထုတ်လုပ်သည့်အဆင့်တွင် တရားဝင်ဖြစ်ကြောင်းအတည်ပြုချက်များ၊ အဆင့်ဆင့်စစ်ဆေးခြင်းနှင့် ပြင်ပကြားခံအဖွဲ့က သစ်ထောက်ပံ့မှုကွင်းဆက်(supply chain) အား စစ်ဆေးအတည်ပြုမှုရှိနိုင်မှာလာစေခြင်း၊ ပွင့်လင်းမြင်သာမှုတိုးတက်လာစေရေး နည်းလမ်းများ၊ MTLAS စနစ်အလုံးစုံအား ကြီးကြပ်ဆောင်ရွက်ခြင်းအတွက် နည်းစနစ်များ၊ MTLAS စနစ်၊ လုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အချက်အလက်များအား မှတ်တမ်းတင်ထားရှိခြင်းနှင့် ပြည်သူလူထုသို့ အသိပေးဆောင်ရွက်ခြင်းစသည့် အချက်များအား အကြံပြုဖော်ပြထားပါသည်။

သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဦးကျော်ဇောက MTLAS Gap Analysis ရလဒ်များ အရ နိုင်ငံတကာဈေးကွက်က အသိအမှတ်ပြုပြီးရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုစနစ် စံနှုန်းများအား ပြည့်မီရန်အတွက် MTLAS ပိုမိုခိုင်မာတောင့် တင်းလာစေရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

MFCC က နိုင်ငံတကာအသိအမှတ်ပြုတရားဝင်သစ်ဖြစ်ကြောင်းထောက်ခံသည့်စနစ်တစ်ခု ဖြစ်လာစေရေးအကောင်းဆုံးကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြော

ကြားခဲ့ပါသည်။

FAO-EU-FLEGT Program မှ Bruno Cammaert က ကောင်းမွန်သောနိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာသော စနစ်တစ်ခုအဖြစ် မြန်မာနိုင်ငံမှ သဘောတူဆောင်ရွက်ခြင်းသည် သစ်တောကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒတစ်ခုအား ဖော်ထုတ်ပြသခြင်းဟုရှုမြင်ပါကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာသစ်နှင့်သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ထောက်ပံ့သောအချက်အလက်များသည် သစ်တင်သွင်းသူများအတွက် EUTR[7] လိုအပ်ချက်တစ်ခုဖြစ်သော ကြိုတင်စုံစမ်းလေ့လာမှု (due diligence)အား ဖော်ပြရန် ပြည့်စုံလုံလောက်မှု မရှိကြောင်းကို ဆွီဒင်တရားရုံး၏ ဆုံးဖြတ်ချက်နောက်ပိုင်း MTLAS gap analysis ရလဒ်များကလည်း ထပ်မံထောက်ပြထားပါသည်။ အဆိုပါ စည်းမျဉ်းကန့်သတ်ချက်က မြန်မာနိုင်ငံမှ ဥရောပသို့ သစ်တင်သွင်းမှုအပေါ် သက်ရောက်မှုများရှိနေပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တရားဝင်သစ်ဖြစ်မှုနှင့် သစ်နောက်ကြောင်းပြန်ခြေရာခံလိုက်နိုင်မှုအတွက် ဥရောပသစ်တင်သွင်းသူများ လိုအပ်သောအချက်အလက်များ ရရှိစေရေး ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် MTLAS စနစ် ခိုင်မာစေရေး ပူးပေါင်းပါဝင်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

| | |
|---|---|
| MTLAS[1] | - Myanmar Timber Legality Assurance System |
| FAO- EU[2] | - Food and Agriculture Organization and European Union |
| FLEGT[3] | - Forest Law Enforcement Governance and Trade |
| MFCC[4] | - Myanmar Forest Certification Committee |
| ASEAN[5] | - Association of South East Asian Nations |
| VPA[6] | - Voluntary Partnership Agreement |
| EUTR[7] | - European Union Timber Regulation |

## International Wood Products Association (IWPA) က ပြုပြင်ပြောင်းလဲမှုများအားကြိုဆို (IWPA welcomes consistent reform)




International Wood Products Association (IWPA) သည် မကြာသေးမီကာလက ရန်ကုန်မြို့တွင်ကျင်းပခဲ့သော အစည်းအဝေးအပါအဝင် သစ်ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ခဲ့ကြောင်းနှင့် IWPA နှစ်စဉ်ညီလာခံသို့ တက်ရောက်ရန်နှင့် တရားရေးရာဌာနက ရှင်းလင်းတင်ပြမည့် အမေရိကန်နိုင်ငံတွင် ကျင့်သုံးသည့် လက်စီအက် (Lacey Act) ဥပဒေအကြောင်း သိရှိနိုင်စေရန် မြန်မာသစ်ကုန်သွယ်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအား အမေရိကန်နိုင်ငံသို့ဖိတ်ခေါ်ခဲ့ပါကြောင်း IWPA ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်သူ Cindy Squires က ပြောကြားခဲ့ပါသည်။ အဆိုပါ ကိစ္စရပ်များက နိုင်ငံတကာကုန်သွယ်မှုနှင့် ပြုပြင်ပြောင်းလဲမှုရလဒ်များ၊ မြန်မာ့ကုန်သွယ်မှုအပေါ် အလေးထားဆောင်ရွက်မှုများ တိုးပွားလာစေပါသည်။

မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် တရားမဝင်သစ်ထုတ်လုပ်ကုန်သွယ်မှု ပြဿနာများအား ဖြေရှင်းဆောင်ရွက်နိုင်စေရန်အတွက် IWPAက မြန်မာနိုင်ငံနှင့် တိုက်ရိုက်ကုန်သွယ်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ သစ်တောများအထိ သစ်နောက်ကြောင်းပြန်စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုမှုသည် အလွန်ချီးကျူးလေးစားထိုက်ကြောင်း IWPA မှ Ms. Squires က ပြောကြားထားပါသည်။ မြန်မာနိုင်ငံ၏ တရားဝင်ထုတ်လုပ်ထားသောသစ်ဖြစ်ကြောင်းအာမခံသည့် စနစ်(MTLAS[1] )ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် မြန်မာနိုင်ငံနှင့်လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ပြောကြားခဲ့ပါသည်။

MTLAS[1] - Myanmar Timber Legality Assurance System

# (Bonn Challenge) ဘွန်းစိန်ခေါ်မှုကို အကောင်အထည်ဖော်မည့် (FLR: Forest Landscape Restoration) သစ်တောဆက်စပ်မြေများကို မူလအခြေအနေသို့ ရောက်ရှိစေရန် ဆောင်ရွက်ခြင်း

ပါမောက္ခ ဦးအုန်းလွင်

FLR-Forest Landscape Restoration ကို မြန်မာဘာသာသို့ ထိထိမိမိနှင့်တိတိကျကျအတိုကောက် ဘာသာပြန်ဆိုရန် အခက်အခဲရှိပါသဖြင့် ယခုဆောင်းပါးတွင် (FLR)ဟုပင် ဖော်ပြသွားမည်ဖြစ်ပါသည်။ စာဖတ်သူများအနေဖြင့်လည်းအကြံပြုပေးနိုင်ပါရန် တိုက်တွန်း အကူအညီတောင်းခံအပ်ပါသည်။

၁၉၉၂-ခုနှစ်ရီယိုကမ္ဘာ့မြေထိပ်သီး ညီလာခံမှ ထွက်ပေါ်လာသောရလဒ်များကို ဦးတည်အကောင်အထည်ဖော်မည့်အစီအစဉ်များစွာအနက် ၂၀၀၃-ခုနှစ်တွင် IUCN: International Union for Censervation of Nature, WWF: World Wide Fund for Nature နှင့် Forestry Commission Britain တို့မှ GP-FLR: Global Partnership on Forest/Landscape Restoration အစီအစဉ် တစ်ခုကို စတင်ကြေညာခဲ့ပါသည်။ အဆိုပါအစီအစဉ်တွင် အစိုးရများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ စတင်ပါဝင်လာခဲ့ပါသည်။ ၄င်းနောက်ပိုင်း ၂၀၁၁-ခုနှစ်စက်တင်ဘာလ(၂)ရက်နေ့ ဂျာမဏီနိုင်ငံ၊ ဘွန်းမြို့တွင် IUCN နှင့်ဂျာမဏီနိုင်ငံတို့ ထပ်မံပူးတွဲပြုလုပ်သော (GPFLR: Global Partnership on Forest/ Landscape Restoration)အစီအစဉ်တွင် နှစ်ကာလအပိုင်းအခြားအလိုက် အကောင်အထည်ဖော်မည့် ရည်မှန်းချက်ပမာဏများပါဝင်ပြီး အဆိုပါအစီအစဉ်ကို(Bonn Challenge)ဟုလူသိများပါသည်။ Bonn Challenge အရ သက္ကရာဇ်၂၀၂၀မတိုင်မီ ပျက်စီးနေသောသစ်တောများနှင့် အတန်းအစားလျော့ကျနေသော မြေနေရာဟက်တာသန်းပေါင်း၁၅၀ (ကေသန်းပေါင်း၃၇၀)နှင့် သက္ကရာဇ်၂၀၃၀ မတိုင်မီ ဟက်တာသန်းပေါင်း၃၅၀(ကေသန်းပေါင်း၈၆၅) ကို မူလအနေအထားသို့ရောက်ရှိအောင်ပြုစုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါ ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အပေါ်ငွေကြေးအကျိုးအမြတ်မမျှော်ကိုးဘဲ မိမိဆန္ဒဖြင့်ပူးပေါင်းအကောင်အထည်ဖော်ရန် အဆိုပြုထားသော နိုင်ငံအများအပြားပေါ်ထွက်လာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါကမ္ဘာလုံးဆိုင်ရာ သစ်တောအတန်းအစားကျဆင်းခြင်းကြောင့် ထာဝစဉ်ညီဖွံ့ဖြိုးတိုးတက်မှုအတွက်အဓိကကျသောဂေဟစနစ်ဆိုင်ရာနှင့် လူမှုစီးပွား တန်ဖိုးများဆုံးရှုံးနေခြင်းမှ မူလအနေအထားသို့ပြန်လည်ရောက်ရှိစေရန်ဆောင်ရွက်ရာတွင် ယခင်ဆောင်ရွက်မှု၏ အားနည်းချက် အားသာချက်များအပေါ် အခြေခံထားသော FLR Approach သည် မတူညီသောနေရာဒေသနှင့်အခြေအနေအမျိုးမျိုးတွင် လက်တွေ့ကိုက်ညီသင့်လျော် ဆုံးသော ချဉ်းကပ်မှုအဖြစ်ခံယူပြီး ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပါသည်။

FLRအကြောင်း မိမိသိသမျှဖော်ပြရာတွင် သစ်တောသမားများသိရှိပြီးဖြစ်သည့် FLR နှင့် ဆက်စပ်သောအောက်ဖော်ပြပါ ဝေါဟာရအသုံးအနှုန်းများကိုလည်း အကျဉ်းချုပ်၍ဖော်ပြအပ်ပါသည်။

**Reforestation:** ဆိုသည်မှာ ယခင်ကသစ်တော တည်ရှိခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းသွားသောနေရာတွင်သဘာဝနည်းအတိုင်း (ဓမ္မတာ)မျိုးဆက်ခြင်းနှင့်ပဝတ္တိနည်းဖြင့် သစ်တောသစ်ပင်ရှက်အုပ်များ ရရှိလာအောင် ရည်ရွယ်တည်ထောင်ပေးခြင်းဖြစ်ပါသည်။

**Afforestation:** ဆိုသည်မှာ ယခင်က သစ်တောဖုံးလွှမ်းမှုမရှိခဲ့သောနေရာတွင် သစ်တောသစ်ပင်ရှက်အုပ်များ ဖြစ်ပေါ်လာအောင် တည်ထောင်ပေးခြင်းဖြစ်ပါသည်။

**Forestation:** ဆိုသည်မှာ နေရာဒေသတစ်ခုတွင် ယခင်က သဘာဝသစ်တောများတည်ရှိပေါက်ရောက်ခဲ့သည်ဖြစ်စေ၊ မပေါက်ရောက်ခဲ့သည်ဖြစ်စေ နည်းမျိုးစုံဖြင့် သစ်တောသစ်ပင်ရှက်အုပ်များ စိုက်ပျိုးတည်ထောင်ပြီး ဆက်လက်ကြီးထွားစေခြင်းကိုဆိုလိုပါသည်။ Reforestation နှင့် Afforestation တို့သည် Forestation ကဏ္ဍအောက်တွင်ပါဝင်ပါသည်။

**Re-afforestation:** ဆိုသည်မှာ သဘာဝအတိုင်းပေါက်ရောက်နေသောသစ်တောတွင်ဖြစ်စေ၊ ယခင်သစ်တောမရှိသောနေရာတွင် စတင်တည်ထောင်ထားသော သစ်တောတွင်ဖြစ်စေလူတို့ပယောဂကြောင့်သော်လည်းကောင်း၊ ရောဂါပိုးမွှားကြောင့်သော်လည်းကောင်း၊ တောမီးလောင်ခြင်းကြောင့်သော်လည်းကောင်း ဒုတိယအကြိမ်ထပ်မံ ပျက်စီးလျော့ပါးသွားသောနေရာများတွင် ထပ်မံ၍ သစ်တော

သစ်ပင်ရှက်အုပ်ပြန်ဖြစ်အောင်စိုက်ပျိုးပြုလုပ်ပေးခြင်းဖြစ်ပါသည်။

**Forest rehabilitation:** ဆိုသည်မှာအတန်းအစား ကျဆင်းသွားသောသစ်တောမြေကို သစ်တောထွက်ပစ္စည်းနှင့်ဝန်ဆောင်မှုများ ပြန်လည်ထုတ်လုပ်ဖြန့်ဝေပေးနိုင်အောင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုသို့သစ်တောများပြန်လည်တည်ထောင်ရာတွင် မူလတည်ရှိခဲ့သည့် ဇီဝမျိုးစုံ မျိုးကွဲများအားလုံး(အပင်နှင့်တိရစ္ဆာန်များ) ဖြစ်ရမည်ဟု ရည်ရွယ်ထည့်သွင်းစဉ်းစားရန်အထိမလိုအပ်ပါ။

**Forest restoration:** ဆိုသည်မှာ အတန်းအစား ကျဆင်းသွားသော သစ်တောကိုင်း၏ မူလအခြေအနေအတိုင်းရှိအောင်လုပ်ခြင်းဖြစ်ပြီး အဆိုပါနေရာတွင် မူလရှိတည်ရှိခဲ့သည့်သစ်တောအတန်းအစား၊ ထုတ်လုပ်နိုင်မှုစွမ်းရည်နှင့် (အပင်၊သတ္တဝါ)မျိုးကွဲများရှိသည်ဟု မျှော်မှန်းထင်မြင်သည့် အတိုင်းဖြစ်လာအောင် ရည်ရွယ်ချက်ထားရှိပြီး ပြန်လည်တည်ထောင်ခြင်းဖြစ်ပါသည်။

The purpose of forest rehabilitation is to restore the capacity of degraded forest land to deliver forest products and services. Forest rehabilitation re-establishes the original productivity of the forest and some, but not necessarily all, of the plant and animal species thought to be originally present at a site.

The purpose of forest restoration is to restore a degraded forest to its original state – that is, to re-establish the presumed structure, productivity and species diversity of the forest originally present at a site.

Ref:(http://www.fao.org/sustainable-forest-management/toolbox/modules/forest-restoration-and-rehabilitation/basic-knowledge/en/)

**Landscape** ဆိုသည်မှာ မြင်နိုင်သောနေရာတစ်ခု၏ အကျယ်အဝန်းပုံသဏ္ဍာန်များနှင့် ၎င်းတို့သည်သဘာဝအတိုင်းသို့မဟုတ်လူတို့ဖန်တီးထားသည့်အရာများနှင့် မည်ကဲ့သို့ဆက်စပ်ပေါင်းစပ်တည်ရှိနေသည်ကို ဆိုလိုပါသည်။ ဆင်တူသောအခြားအဓိပ္ပါယ်မှာဘူမိ၊ မြေမျက်နှာသွင်ပြင်၊ မြေဆီလွှာ၊ရာသီဥတု၊ သက်ရှိများ(အပင်နှင့်တိရစ္ဆာန်) နှင့်လူများအပြန်အလှန်သက်ရောက်မှုကြောင့်ဂေဟစနစ်တစ်ခုအတွင်းအပြန်အလှန်သက်ရောက်နေသောအသွင်သဏ္ဍာန်မျိုးစုံပါဝင်ဖွဲ့စည်းထားသည့် ပထဝီအနေအထားတစ်ခုကိုခေါ်ဆိုပါသည်။(အသုံးပြုမှုဆိုင်ရာမှုတည်၍ အဓိပ္ပါယ်အနည်းငယ်ကွဲပြားမှုရှိပါသည်။)

(၁) Landscape is the visible features of an area of land, its landforms and how they integrate with natural or man-made features. (၂) Landscape is a geographical mosaic composed of interacting ecosystems resulting from the influence of geological, topographical, soil, climate, biotic and human interacting in a given area.

Ref: (https://en.wikipedia.org/wiki/Landscape)

**Landscape approach**: နိုင်ငံတကာအစိုးရများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအကြားဆွေးနွေးမှုရလဒ်အရ Landscape Approach တွင်ဥပဒေသ (၁၀)ခုပါဝင်ပါသည်။အဆိုပါဥပဒေသအကျဉ်းချုပ်များမှာ–

ဥပဒေသ(၁)

(Continual learning and adaptive management) စဉ်ဆက်မပြတ်လေ့လာသင်ယူခြင်းနှင့်လိုက်လျောညီထွေအောင်ပြုပြင် စီမံအုပ်ချုပ်နိုင်မှုရှိခြင်း။

ဥပဒေသ (၂)

(Common concern entry point) လက်တွေ့ဆောင်ရွက်သည့်အခါ ရိုးရှင်းသောရည်ရွယ်ချက်အပေါ် ဘုံသဘောတူညီမှုမှစတင်ဆောင်ရွက်ခြင်း။

ဥပဒေသ(၃)

(Multiple scales)အလွှာအဆင့်စုံဖြင့် ဆောင်ရွက်ခြင်း (နှီးကြားသောအသိဖြင့် ဒေသအဆင့်အောက်ခြေပိုင်းမှ လက်တွေ့ပါဝင်ဆောင်ရွက်လာခြင်းမှတစ်ဆင့် မူဝါဒစီမံကိန်းဆောင်ရွက်သောအထက်ပိုင်းကိုတင်ပြနိုင်ခြင်း)၊

ဥပဒေသ (၄)

(Multi-functionality)လုပ်ငန်းစဉ်စုံလင်မှုရှိခြင်း။(သစ်တောသစ်ပင်၊တောရိုင်းတိရစ္ဆာန်၊ ရေ၊မြေ၊ စိုက်ပျိုးသီးနှံ၊ သားငါး၊ယဉ်ကျေးမှု၊ သဘာဝအမွေအနှစ်၊ အစရှိသည်)

ဥပဒေသ (၅)

(Multiple stakeholders) အကျိုးသက်ဆိုင်သူအဖွဲ့အစည်းများပါဝင်ခြင်း။

ဥပဒေသ (၆)

(Negotiated and transparent change logic) ညှိနှိုင်းဆွေးနွေးမှုနှင့် ပွင့်လင်းမြင်သာရှိမှုမှ ယုံကြည်မှုရှိလာပြီးကြောင်းကျိုးဆက်စပ်မှုပြောင်းလဲစေနိုင်ခြင်း။ (ဤဥပဒေသသည် Landscape Approach ၏ အခြေခံအကျဆုံးဥပဒေသဖြစ်ပါသည်)၊

ဥပဒေသ (၇)

(Clarification of rights and responsibilities) အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ ရှင်းလင်းစွာမြင်နိုင်ခြင်း။

ဥပဒေသ(၈)

(Participatory and user-friendly monitoring) ပူးပေါင်းပါဝင်မှုနှင့် ဒေသခံများရင်းနှီးအကျွမ်းတဝင်ရှိသော စောင့်ကြည့်စစ်ဆေးခြင်းစနစ်ဖြင့် ဆောင်ရွက်ခြင်း၊

ဥပဒေသ(၉)

(Resilience) ထိခိုက်ဖျက်ဆီးခံခဲ့ရပါက မူလအနေအထားသို့ အလျင်အမြန်ပြန်လည်ရောက်ရှိနိုင်မှု စွမ်းရည်ရှိခြင်း၊

ဥပဒေသ(၁၀)

(Strengthen stakeholders capacity) အကျိုးသက်ဆိုင်သူများ၏စွမ်းရည် (လူမှုရေး၊ယဉ်ကျေးမှု၊စီးပွားရေး)ကို အားဖြည့်ပေးခြင်း၊

**Forest Landscape Restoration (FLR):** ဟူသောဝေါဟာရ ကို၂၀၀၀-ခုနှစ်တွင် ကျွမ်းကျင်သူ (၃၀) ဦးတို့မှ ယနေ့ကမ္ဘာ့အခြေအနေလိုအပ်ချက်နှင့် အသင့်လျော်ဆုံးဖြစ်အောင် စတင်သတ်မှတ်အသုံးပြုခဲ့ပါသည်။သစ်တောပြုန်းတီးနေသော (သို့မဟုတ်)အတန်းအစား လျော့နည်းကျဆင်းနေသောမြေနေရာဒေသတွင် ဂေဟစနစ်ကောင်းမွန်ပြည့်စုံစေရန်နှင့် လူသားအကျိုးစီးပွား အမြင့်မားဆုံးရရှိစေရန် စီမံဆောင်ရွက်သောလုပ်ငန်း အစီအစဉ် အဆင့်ဆင့် (Process) ဖြစ်ပါသည်။

**Concept of FLR:** အခြေခံအယူအဆမှာမတူညီသောနေရာဒေသအချိန်အခါ အခြေအနေအလိုက် မတူညီသောရည်ရွယ်ချက်များရရှိစေရန် အကျိုးသက်ဆိုင်သူအစုအဖွဲ့များအားလုံးပေါင်းစပ်မှုဖြင့် အဆင့်ဆင့်ဆောင်ရွက်ရသော လုပ်ငန်းစဉ် (Inclusive and Participatory) ဖြစ်ပါသည်။ သစ်တောနှင့်ဆက်စပ်သောနေရာဒေသတစ်ခုတွင်လူသားများနှင့်ဇီဝမျိုးစုံမျိုးကွဲများ၏လိုအပ်ချက်(၂)မျိုးစလုံးပြည့်ဝစေပြီး မူလသစ်တောဂေဟအတိုင်း ပြန်လည်နိုးထလာအောင်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအားလုံးပါဝင်ခြင်းဖြင့် ထာဝစဉ်တည်တံ့ပြီးလက်တွေ့ အကျိုးအမြတ်ရှိစေမည်ဖြစ်ပါသည်။

**FLR Process:** ၏ယေဘုယျလုပ်ငန်းစဉ်များမှာ သဘာဝသယံဇာတများ စီမံအုပ်ချုပ်ရာတွင် ယခင်ရှိပြီးဖြစ်သောအခြေခံဥပဒေသများ၊ဖွံ့ဖြိုးမှုနှင့်ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာများ၊ မတူညီသောပထဝီရာသီဥတုနှင့်နေရာဒေသ၏လက္ခဏာသွင်ပြင်များ၊ လူမှုစီးပွားရေးအခြေအနေများ၊ သစ်တောစိုက်ပျိုးပြုစုခြင်းနည်းစနစ်များကို ကနဦးကြိုတင်စူးစမ်းလေ့လာခြင်း၊ အကျိုးသက်ဆိုင်သူများနှင့်ရင်းနှီးမြှုပ်နှံမှု၊ အကျိုးအမြတ်ခွဲဝေမှုအတွက် ညှိနှိုင်းဆွေးနွေးပြီးနည်းလမ်းရှာခြင်း၊ မဟာဗျူဟာများရွေးချယ်ခြင်း၊ ပြောင်းလဲမှုအမျိုးမျိုးတို့အတွက် လိုက်လျောညီထွေအောင်ပြုပြင်စီမံအုပ်ချုပ်ခြင်း၊ ဝင်ငွေအမြန်ရရှိစေရန်အတွက် သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း မြန်ဆန်စေရန်ကူညီအားဖြည့်ပေးခြင်းနှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းစဉ်များဆောင်ရွက်မှုအပေါ်လေ့လာသင်ယူခြင်း၊ စသည့်မှုဘောင်များပါဝင်ပါသည်။ နေရာဒေသတစ်ခု၏ FLR လုပ်ငန်းစဉ်များကို စတင်အကောင်အထည်ဖော်ရာတွင် (IUCN)မှပြုစုထားပြီး စမ်းသပ်ဆောင်ရွက်လျက်ရှိသောနည်းစနစ် (ROAM: Restoration Opportunity Assessment Methodology) ကိုအောက်ပါအတိုင်းအကျဉ်းချုပ်ဖော်ပြအပ်ပါသည်။

**Phase 1. Preparation and Planning** (ကြိုတင်ပြင်ဆင်ခြင်းနှင့်အစီအစဉ်ရေးဆွဲခြင်း)တွင် (၁) အဆိုပါနေရာ၏ပြဿနာများကိုကနဦးသတ်မှတ်ဖော်ထုတ်ခြင်း၊ (၂) အဓိကသက်ဆိုင်သူများ ပူးတွဲဆောင်ရွက်မည့်အဖွဲ့များနှင့် တွေ့ဆုံခြင်း၊ (၃) လုပ်ငန်းပမာဏအကျယ်အဝန်း ကန့်သတ်ချက်နှင့် ထွက်ပေါ်လာမည့်ရလဒ်ကိုသတ်မှတ်ခြင်း၊ (၄) မတူညီသောလုပ်ငန်းကဏ္ဍဧရိယာများအဖြစ် အုပ်စုလိုက်အလွှာခွဲခြင်း၊ (၅) နေရာဒေသ၊အခြေအနေနှင့်ကိုက်ညီမည့် FLR နည်းလမ်းများသတ်မှတ်ခြင်း၊ (၆) ဆန်းစစ်စူးစမ်း လေ့လာမည့်စံများသတ်မှတ်ခြင်း၊ (၇) လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်းတို့ပါဝင်ပါသည်။

**Phase 2. Data Collection and Analysis** (အချက်အလက်ကောက်ယူခြင်းနှင့်ဆန်းစစ်ခြင်း)တွင် -

(၁) အချက်အလက်ရနိုင်မည့်နေရာများဖော်ထုတ်ခြင်း၊
(၂) အခွင့်အလမ်းရှိနိုင်မှုများကိုစုစည်းပြီးမြေပုံရေးဆွဲခြင်း၊
(၃) စီးပွားရေးတွက်ခြေကိုက်မှုကိုဆန်းစစ်ခြင်း၊
(၄) ကာဗွန်သိုလှောင်ရောင်းဝယ်မှုကိုဆန်းစစ်ခြင်း၊
(၅) အောင်မြင်နိုင်မည့်အဓိကအချက်အလက်များအပေါ်စိစစ်ခြင်း၊
(၆) ငွေကြေးရင်းနှီးမြှုပ်နှံမှုဆန်းစစ်ခြင်းတို့ပါဝင်ပါသည်။

**Phase 3. Results to recommendations** (ရလဒ်မှအကြံပြုခြင်း) ဖော်ပြပါအဆင့်များမှ ထွက်ပေါ်လာသောရလဒ်များကိုသက်ဆိုင်ရာအစိုးရဌာနများ၊ အကျိုးသက်ဆိုင်သူများသို့ တင်ပြနားလည်သဘောတူမှုရယူပြီး အကြံပြုချက်များရယူခြင်းတို့ဖြစ်ပါသည်။

ROAM Handbook udk (https://portals.iucn.org/librar y/sites/library/files/documents/2014-030.pdf) နှင့်ဗွီဒီယိုဖိုင်ကို (https://www.youtube.com/playlist ? list=PLE_scKstDhz4N7dUVUR7 EmYHy UdBJ9QXG)တွင် download လုပ်ယူနိုင်ပါသည်။

FLR လုပ်ငန်းစဉ်အတိုင်းဆောင်ရွက်ပါက ရရှိနိုင်မည့် အကျိုးရလဒ်များမှာ–

(၁) သစ်တောပျက်စီးခြင်းနှင့် သစ်တောအတန်းအစားကျခြင်းတို့၏အကြောင်းရင်းဇစ်မြစ်ကို ဖေါ်ထုတ်သတ်မှတ်နိုင်ခြင်းနှင့် အနာဂတ်သစ်တော ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်တားမြစ်နိုင်ခြင်း၊

(၂) ဒေသခံအဖွဲ့များအားလုံး၏ပါဝင်မှုဖြင့် သစ်တောပြန်လည်ကောင်းမွန်အောင်စီမံခြင်း၊ မြေအသုံးချမှုဆိုင်ရာ အငြင်းပွားမှုအဖြေရှာခြင်းနှင့် အကျိုးအမြတ်ခွဲဝေမှုတွင် ဘုံသဘောတူညီမှုရရှိနိုင်ခြင်း၊

(၃) မြေအသုံးချမှုဆိုင်ရာကွဲပြားမှုများအပေါ် ညီမျှအောင် ဖျန်ဖြေညှိနှိုင်းပေးခြင်းဖြင့် အကျိုးသက်ဆိုင်သူများအကြား ရေရှည်သဘောတူ လက်ခံနိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်း၊

(၄) ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းတွင် ဒေသဆိုင်ရာနှင့်ကမ္ဘာလုံးဆိုင်ရာနှစ်မျိုးစလုံးအတွက်တန်ဖိုးရှိစေခြင်း။

(၅) ဒေသခံပြည်သူများအတွက်လက်တွေ့ကျသော အကျိုးရလဒ်များအမြန်ဖြန့်ဝေပေးနိုင်ခြင်း။ ဥပမာအားဖြင့် –

–သန့်ရှင်းသောရေဖြန့်ဝေထောက်ပံ့ပေးနိုင်ခြင်း၊

–သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်း (ရေဝေရေလဲဒေသများ၊ မြေဆီလွှာတိုက်စားခြင်း၊ မြေပြိုမှု လျော့ကျစေခြင်း၊ ရေလွှမ်းမိုးမှုနှင့် အပူချိန်လွန်ကဲမှုများ သက်သောင့်သက်သာရှိစေခြင်း)၊

–အစားအစာ၊ ဆေးဝါး၊ ထင်းလောင်စာ အစရှိသည်တို့ ပုံမှန်ထောက်ပံ့ပေးနိုင်ခြင်း။

–ချက်ချင်းဝင်ငွေရနိုင်သော (သဘာဝခရီးသွားလုပ်ငန်း၊ ကာဗွန်ရောင်းဝယ်ရေး၊ ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအပေါ် အခကြေးငွေ သတ်မှတ်နိုင်ခြင်း)နည်းလမ်းများပါဝင်ခြင်းတို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိပျက်စီးနေသော (သို့မဟုတ်) အတန်းအစားကျဆင်းနေသောသစ်တောမြေများအား ပြန်လည်ပြုစုရာတွင် ရေရှည်တည်တံ့စေနိုင်သော FLR လုပ်ငန်းစဉ်နှင့် နည်းလမ်းများပေါင်းစပ်ကျင့်သုံးရာတွင် အခက်အခဲများ၊ လိုအပ်ချက်များ၊ စိန်ခေါ်မှုများရှိသော်လည်း လက်တွေ့အောင်မြင်စွာ အကောင်အထည်ဖေါ်နိုင်ရန်အတွက် IUCN, WRI: World Resource Institute, IUFRO: International Union of Forest Research Organizations, FAO, တို့မှ လိုအပ်သော အထောက်အကူပြုလုပ်ငန်းများကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်အကြံပြုပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ယခုသစ်တောကဏ္ဍတွင် ဆောင်ရွက်လျက်ရှိသော MRRP: Myanmar Reforestation and Rehabilitation Programme တွင် FLR နည်းလမ်းများ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့်အပြည်ပြည်ဆိုင်ရာ သဘောတူသတ်မှတ်ချက်များနှင့်အညီ ကမ္ဘာ့လိုအပ်ချက်များဖြစ်သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ NDC (Nationally Determined Contribution), CBD, Bonn Challenges နှင့် New York Declaration on Forests တို့ကို ပိုမို အထောက်အကူပြုပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDG: Sustainable Development Goals)များကို အကောင်အထည်ဖေါ်နိုင်မည်ဖြစ်ပါကြောင်းတင်ပြလိုက်ရပါသည်။

## ရည်ညွှန်းချက်များ

- **၂၀၁၆-ခုနှစ် ဇူလိုင်လ (၁၆) မှ (၂၂) ထိ RECOFTC နှင့် State Administration Academy of Forestry Administration (STAFA), China တို့ Guizhou Province တွင် ကျင်းပပြုလုပ်သော Community Forestry Champions Network 2016 "Forest Landscape Restoration: Experience sharing between ASEAN Countries and China,**
- **၂၀၁၆-ခုနှစ် နိုဝင်ဘာလ(၉) ရက်မှ(၁၁)ရက်နေ့ xd IUCN, FD, TNC (The Nature Conservancy) တို့ နေပြည်တော်၊ သင်္ဂဟဟိုတယ်တွင် ပူးပေါင်း ကျင်းပပြုလုပ်သော Workshop on Restoring Myanmar's Degraded and Deforested Landscapes,**
- **၂၀၁၇-ခုနှစ် ဇန်နဝါရီလ (၃၀) မှ မတ်လ (၁၇) ထိ The Environmental Leadership and Training Initiative (ELTI) at the Yale School of Forestry and Environmental Studies (F&ES) နှင့်(IUCN)တို့ ကြီးမှူးပြုလုပ်သော Online course on "The Forest Landscape Restoration in the Tropics"၊**
- **၂၀၁၇-ခုနှစ် ဇွန်လ(၆)မှ (၉) ရက်နေ့အထိ အမေရိကန်ပြည်ထောင်စု၊ ပူတိုရီကိုတွင် (IUFRO)၊ (US Forest Services)တို့ ကျင်းပပြုလုပ်သော "International Conference on FLR on Global Change and Knowledge Sharing workshop on "Translating Global FLR policy into Local Action", အတွေ့အကြုံများအပေါ် အခြေခံပြီး ဆီလျော်သလို ပြန်ဆိုရေးသားထားခြင်းဖြစ်ပါသည်။**





# ပင်ကျပ်နှုတ် သစ်ထုတ် ဂဲဂဲလုပ်

ဝန (၈၆)

ညီနောင်တို့ရေ ဒီတစ်ခါ Messages ပေးချင်တာကတော့ ပင်ကျပ်နှုတ်ခြင်းနဲ့ စိုက်ခင်းဟောင်း(၁၀)နှစ်အထက် သစ်ထုတ်ခြင်းအကြောင်းအရာလေးပါ။ ဒီအကြောင်းအရာကိုသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ မကြာခဏပြောနေတာပါ၊ ပြီးခဲ့တဲ့ ၂-၅-၂၀၁၇ နေ့မှ ၃-၅-၂၀၁၇ နေ့ထိ ဦးစီးရုံးချုပ် အင်ကြင်းခန်းမမှာ ပြုလုပ်သွားခဲ့တဲ့ တိုင်းဒေသကြီး ပြည်နယ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှာ ညွှန်ကြားရေးမှူးချုပ်က အသေးစိတ်ထပ်မံပြောကြားခဲ့ပါတယ်။ ညွှန်ကြားရေးမှူးချုပ်ရဲ့ လမ်းညွှန်မှာကြားချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်တာဝန်ခံများမှ တိုက်ရိုက်သော်လည်းကောင်း၊ ခရိုင်၊ မြို့နယ်တာဝန်ခံများမှ တစ်ဆင့်သော်လည်းကောင်း မှာကြားရှင်းလင်းမှာ အသေအချာပါပဲ။ ဒါပေမဲ့ ကိုယ် ပြင်ဦးလွင် သစ်တောကျောင်းမှာ ကျောင်းဆရာအဖြစ်(၃)နှစ်ခွဲ၊ မြို့နယ်၊ခရိုင်တွေမှာ လုပ်ခဲ့ကြုံခဲ့တဲ့ အတွေ့အကြုံတွေအရ ညီနောင်များဟာ မရှင်းလင်းတာတွေကို ပြန်မေးရမှာမဝံ့ရဲတာ၊ ကြိုတင်လေ့လာဖတ်ရှုမှုအားနည်းတာ၊ တစ်ယောက်နဲ့တစ်ယောက် ငါ့အထက်မှာသူရှိနေသေးတာပဲဆိုတဲ့ အတွေးတွေရှိနေသေးတာ၊ ကိုယ်တိုင်တာဝန်ခံလုပ်ရမဲ့လုပ်ငန်းတွေကို ပိုင်ပိုင်နိုင်နိုင်ပြတ်ပြတ်သားသား မဆောင်ရွက်နိုင်တာတွေ နေရတယ်။ ဥပမာ-ပင်ကျပ်နှုတ်လုပ်ငန်းမှာ တစ်ဦးတစ်ယောက်က ဒီလိုလုပ်မယ်ဆိုရင် ကျန်တစ်ယောက်က ကိုယ်သိတာ သဘောထားမကိုက်ညီတာကို တင်ပြ ဆွေးနွေးခြင်းမရှိပဲ အသာမှောလိုက်နေတာမျိုး၊ နှုတ်ဆိတ်နေတာမျိုးတွေ့နေရပါတယ်။ သစ်တောလုပ်ငန်းမှာ စီးပွားရေးစိုက်ခင်းတွေဟာ အချိန်ကာလအလိုက် ပင်ကျပ်နှုတ်ရမှာ မလွဲမသွေပါပဲ၊ ဒီနေရာမှာအကြောင်းအမျိုးမျိုးကြောင့် လျော့နည်းပျက်စီး စိုက်ခင်းတွေနဲ့ကြုံတွေ့ရတဲ့အခါ အများစုက ပင်ကျပ်နှုတ်ဖို့ လက်ရှောင်လာကြတယ်၊ အကြောင်းကတော့ ပင်ကျပ်နှုတ်ရမဲ့ စိုက်ခင်းဘယ်အဆင့်မှာဖြစ်ဖြစ် နှုတ်ရမဲ့အပင် ချန်ရမဲ့အပင် အချိုးမညီမျှမှုတွေကြောင့်ပါပဲ၊ ပင်ကျပ်နှုတ်ပြီး ချန်ထားရမဲ့ အပင်အရေအတွက်ဟာ လက်ရှိစိုက်ခင်းမှာ မရှိနေတာတွေ တွေ့နေရလို့ပါပဲ၊ ဒီအခါမှာ ညီနောင်များ အပြစ်တင်ခံရမှာစိုးရွံ့တာတစ်ကြောင်း၊ မလုပ်တတ်တာတစ်ကြောင်း ဖြစ်ကုန်ရော၊ တကယ်တော့ စိုက်ခင်းထဲ အပင်အပြည့်ရှိတာ မရှိတာကတစ်ပိုင်း၊ သတ်မှတ်ကာလမှာ သတ်မှတ်လုပ်ငန်းဆောင်ရွက်ရမှာကတစ်ပိုင်းပါ၊ ပုံသေပင်ကျပ်နှုတ်ခြင်းဆိုပေမဲ့ အပင်ပြည့်မရှိတဲ့ စိုက်ခင်းတွေမှာ ထိန်းချုပ်ပင်ကျပ်နှုတ်ခြင်း(Control Mechanical Thinning)လို့ပဲခေါ်ခေါ် မွမ်းမံထားသော ပင်ကျပ်နှုတ်ခြင်း(Modify Mechanical Thinning)လို့ပဲခေါ်ခေါ် အဲ့ဒီနည်းစနစ်တွေနဲ့ ပင်ကျော်ပင်ကြား၊ တန်းကျော်တန်းကြားတင်မဟုတ်ဘဲ လိုအပ်သလို ချင့်ချိန်နှုတ်ရတာတွေ လုပ်ရပါတယ်။ ဒ့ိပြင် ပင်ကျပ်နှုတ်စရာမလိုတဲ့နေရာတွေမှာ ပင်ပူးခွာခြင်း၊ ကိုင်းချိုင်ခြင်း၊ အောက်ပေါင်းရှင်းခြင်းလုပ်ငန်းတွေ လုပ်ရပါတယ်။ စိုက်ခင်း(၁)ကေ ပင်ကျပ်နှုတ်ရင် အပင်ဘယ်လောက်နှုတ်ရမယ်လို့ ပုံသေသတ်မှတ်ထားတာမျိုး မရှိပါဘူး၊ ညီနောင်တို့ ကျောင်းတော်မှာ တက္ကသိုလ်မှာ သင်ကြားပေးလိုက်တုန်းက အပင်ပြည့်ရှိနေတဲ့ စိုက်ခင်းတစ်ခုကို နည်းစနစ်အရတွက်ချက်ပြီး ပင်ကျပ်နှုတ်နည်းစနစ်အလိုက် (၁)ကေ နှုတ်ရမည့်အပင်၊ ချန်ရမည့်အပင်ကို ဖော်ပြခြင်းဖြစ်တယ်။ မြေပြင်မှာ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းပျက်စီးနေတဲ့ စိုက်ခင်းတွေရှိတဲ့အတွက် မိမိဆောင်ရွက်ရမည့် စိုက်ခင်းအဆင့်အတန်း အောင်မြင်မှုအပေါ် အခြေခံပြီး ဆောင်ရွက်ရတာဖြစ်လို့ စိတ်ပူစရာမလိုဘူးလို့ပြောချင်ပါတယ်။ ဒါကြောင့် ကိုယ်တာဝန်ကျရာဒေသမှာ ပင်ကျပ်နှုတ်လုပ်ငန်းရှိရင် ရဲရဲဝံ့ဝံ့ဆောင်ရွက်ဖို့လိုပါတယ်။ ဒါမှ ပင်ကျပ်နှုတ်ခြင်းရဲ့ တိုက်ရိုက်ကောင်းကျိုး၊ နောက်ဆက်တွဲ ကောင်းကျိုးတွေကို ရရှိမှာဖြစ်ပါတယ်။ ပင်ကျပ်နှုတ်ခြင်းရဲ့ တိုက်ရိုက်အကျိုးတွေကတော့ ညီနောင်တို့ ကျောင်းမှာသင်ကြားခဲ့ပြီး ဖြစ်တဲ့အတွက် မပြောတော့ပါဘူး၊ နောက်ဆက်တွဲအကျိုးတွေကိုတော့သင်ကြားတုန်းကမပါတဲ့အတွက် အရေးကြီးတာလေးတွေအချို့ပြောပါ့မယ်။

- ပုံမှန်ပင်ကျပ်နှုတ်ပေးခြင်းဖြင့် စိုက်ခင်းလျော့နည်း

ပျက်စီးမှုကိုအတိုင်းအတာတစ်ခုအထိလျော့ကျစေခြင်း။

- စီးပွားရေးစိုက်ခင်းများသည် သတ်မှတ်သက်ပတ် ကာလတစ်ခုတွင် အပြောင်းရှင်းခုတ်လှဲထုတ်လုပ်မှာ ဖြစ်သည့်အတွက် ယင်းအချိန်တွင် စိုက်ခင်းစာရင်း မှ ပယ်ဖျက်ပြီးဖြစ်ခြင်း။
- စိုက်ခင်းအသစ်တည်ထောင်ရန် မြေနေရာပြန်လည်ရရှိ ခြင်း အစရှိသောအကျိုးများအပြင် အခြားအကျိုး ကျေးဇူးများ များစွာရှိပါသေးတယ်။

ဒီနေရာမှာ ပင်ကျပ်နုတ်လုပ်ငန်း ရဲရဲဝံ့ဝံ့ ဆောင်ရွက်သလို သက်ပတ်ပြည့်နေတဲ့နှစ်(၃၀)ကျော် စီးပွားရေးစိုက်ခင်းတွေထဲက သစ်ထုတ်ဖို့လုပ်ငန်းကိုလည်း ဆောင်ရွက်ဖို့လိုအပ်ပါတယ်၊ လုံးပါတ်(၃)ပေအထက် အပင်နည်းလို့ဆိုပြီး လက်တွန့်နေဖို့မလိုပါဘူး။ စီးပွားရေးစိုက်ခင်းတည်ထောင်တယ်ဆိုတာ စီးပွားရေးလုပ်တာပဲ ရင်းနှီးမြှုပ်နှံပြီး စွန့်စားတာပဲ၊ ရှုံးချင်ရှုံးနိုင်သလို မြတ်ချင်မြတ်မှာပဲ၊ ဘယ်သူကမှတော့ ရှုံးအောင်မလုပ်ချင်၊ မရှုံးချင်ကြတာ လူတိုင်းသိတာပဲ၊ ဒါပေမဲ့နိုင်ငံရေးအခြေအနေ၊ သဘာဝဘေးအန္တရာယ်အခြေအနေ၊ ပြုစုစောင့်ရှောက်မဲ့ဝန်ထမ်းအခြေအနေ၊ ခိုးယူဖျက်ဆီးခံရမှုအခြေအနေ စတဲ့အကြောင်းအမျိုးမျိုးရှိတာပဲလေ၊ သစ်တောဌာနက ထိန်းသိမ်းခဲ့တဲ့ သဘာဝတောတွေထဲကနေ နိုင်ငံတော်အတွက် လိုအပ်ရင်လိုအပ်သလို ဘဏ္ဍာငွေရှာပေးခဲ့တာပဲ၊ တစ်ချိန်က နိုင်ငံတော်လုပ်ငန်းများ လည်ပတ်ရပ်တည်နိုင်ရေးအတွက် လိုအပ်တဲ့ ဘဏ္ဍာငွေဒုတိယအများဆုံး ရှာဖွေပေးနိုင်ခဲ့တဲ့ အချိန်တွေလည်း ရှိခဲ့တာပဲ၊ ဆိုလိုတာက ခေတ်ကာလ အခြေအနေအရ အကျိုးအမြတ်ရရှိတဲ့အချိန်ရှိခဲ့သလို ဆုံးရှုံးမှုရှိတဲ့အခြေအနေလည်း ရှိနိုင်တာပေါ့။ ဒါကြောင့် ညီနောင်တို့ရဲ့ နှစ်(၃၀)အထက် စီးပွားရေးစိုက်ခင်းဟောင်းများ သစ်ထုတ်ဖို့အတွက် တစ်ဧက(၁) ပင်၊ (၂)ပင်(သို့မဟုတ်) ဧက(၁၀၀)မှာ ပျမ်းမျှအပင်(၁၀၀)(၂၀၀)ထွက်လည်း ဘာဖြစ်လည်း။ ဧက(၁၀၀)အတွင်း အချို့နေရာတွေမှာ အပင်ရှိချင်မှရှိမယ်၊ အချို့နေရာတွေမှာတော့ အပင်(၅/၆/၇)ပင် ရှိနေနိုင်တာပဲ၊ စုစုပေါင်း(၁၀၀)ဧကမှာအပင်ထွက်နိုင်တဲ့အပင်ရှိနေတယ်ဆိုရင် ထုတ်ရမှာပဲ၊ အချိန်ကာလတွေတော့ ဆုံးရှုံးတာပေါ့၊ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံမှုတွေ မဆုံးဘူးလို့ ယူဆလို့ရတာပေါ့။ ကဲ--ညီနောင်တို့ရေ ခင်ဗျားတို့ မမေးရဲမပြောရဲမလုပ်ရဲတဲ့လုပ်ငန်းတွေအတွက် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ရဲ့ လမ်းညွှန် မှာကြားချက်ကို အခြေခံမြေပြင်မှာ တကယ်အလုပ်လုပ်ကြရမဲ့ ဝန်ထမ်းများနားလည်အောင်ရေးသားတင်ပြခြင်းဖြစ်လို့ အသုံးအနှုန်းလေးတွေ နည်းနည်းတစ်မျိုးဖြစ်ချင်ဖြစ်နေလိမ့်မယ်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ရဲ့ အထပ်ထပ်လမ်းညွှန်မှာကြားချက်တွေကို မှတ်ဝေလိုက်ဦးမယ်။

အမိကဝန်ထမ်းများအတွက် -

၁။ သစ်တောလုပ်ငန်းတွေကို သေသေချာချာလေ့လာပါ၊
၂။ ရဲရဲဝံ့ဝံ့အလုပ်လုပ်ပါ၊
၃။ ကိုယ်မသိတာမရှင်းတာကို အဆင့်ဆင့် ပွင့်ပွင့်လင်းလင်းမေးပါ၊
၄။ အခက်အခဲရှိရင်အချိန်မီတင်ပြပါ၊
၅။ ကိုယ်ကျင့်တရားကောင်းအောင်နေထိုင်ကျင့်ကြံပါ၊ လာဘ်ပေးလာဘ်ယူကိစ္စ ရှောင်ကြဉ်ကြပါ၊

**ကြီးကြပ်သူဝန်ထမ်းများအတွက် အထက်ပါ အချက်များအပြင် -**

၆။ Computer (IT)/ English လေ့လာကြိုးပမ်းရန်၊
၇။ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုကောင်းမွန်အောင်ဆောင်ရွက်ရန်၊
၈။ ကြိုတင်ပြင်ဆင်စရာရှိသည်များ ကြိုတင်ပြုလုပ်ထားရန်၊
၉။ ဝန်ထမ်းများကိုသင်ကြားပြသပြောဆိုပါ - လက်တွေ့ဆောင်ရွက်ပြသပါ၊
၁၀။ အောက်ခြေပြောမှ လုပ်တာမျိုးရှောင်ပါ၊
၁၁။ မိမိကိုယ်တိုင်အပါအဝင် အရာရာကို ပြန်ဆန်းစစ်ပါ၊
၁၂။ သီလ၊ သမာဓိ၊ ပညာရှိရန်လိုအပ်

**နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ စကားဖြစ်သော**

**''စနစ်ပြောင်းရန်အချိန်လိုအပ်-စိတ်ဓာတ်ပြောင်းရန် အလွန်မြန်သည်''**ဆိုတဲ့အတိုင်းမလုပ်၊ မရှုပ်၊ မပြုတ် မနေကြပဲ အဟုတ်အလုပ်လုပ်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါသည်။

ညီနောင်များ၊ အောင်မြင်ကြပါစေ



APK

# ကျန်းမာရေးအတွက် ဆေးတစ်ခွက်

ဦးအောင်စိုး၊ လ/ထသုတေသနအရာရှိ
သစ်တောသုတေသနဌာန

မြန်မာတိုင်းရင်းဆေးပညာသည် ရှေးယခင်ဘုရင်များ လက်ထက်ကပင် တန်ဖိုးမြင့် ဆေးပညာတစ်ရပ်ပင် ဖြစ်ပါသည်။ ဆေးဖက်ဝင်အပင်များသည် အများအားဖြင့် မြန်မာသစ်တောများရှိ သစ်တောသယံဇာတများဖြစ်သည့် နွယ်မြက်များမှလည်းကောင်း၊ သစ်မြစ်၊ သစ်ဥ၊ သစ်ခေါက်၊ သစ်စေး၊ သစ်ရွက်၊ သစ်ပွင့်များမှလည်းကောင်း တိုင်းရင်းဆေးဆရာကြီးတို့မှ ဖော်ထုတ်ခဲ့ကြပေသည်။ ယခင်က မြန်မာတိုင်းရင်းဆေးများသည် လျှို့ဝှက်ခြင်း၊ မှတ်တမ်းမှတ်ရာ အားနည်းခြင်းတို့ကြောင့် ပြည်ပနိုင်ငံများသိရှိမှုနည်းပါးခဲ့ရပေသည်။ ယခုအခါ ရောဂါအသစ်အဆန်းများလည်း တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်လျက်ရှိပေရာ မြန်မာတိုင်းရင်းဆေးဆရာကြီးတို့ကလည်း မြန်မာတိုင်းရင်းဆေးအကျိုးအာနိသင် ထက်မြက်ပုံကို ကမ္ဘာသိအောင် ဆောင်ရွက်နေကြပေသည်။

မိမိအနေဖြင့်လည်း သစ်တောဝန်ထမ်းပီပီ သစ်ပင်သစ်တောများမှ အစွမ်းထက်သော တိုင်းရင်းဆေးနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများဖြင့် ခရီးသွားရောက်စဉ် သိရှိခဲ့ရသည့် အတွေ့အကြုံများနှင့် ရှေးတိုင်းရင်း ဆေးဆရာကြီးများ၊ ဆရာတော်ကြီးများ ရေးသားခဲ့သော စာအုပ်များမှ မြန်မာတိုင်းရင်းဆေး၏ အာနိသင်ထက်ပုံ၊ အကျိုးများပုံ၊ အချိန်တိုအတွင်းရောဂါဝေဒနာ ပျောက်ကင်းပုံနှင့် ကုန်ကျစရိတ် သက်သာပုံတို့ကို ဖော်ပြနိုင်ရန်အတွက် ကျန်းမာရေးအတွက်ဆေးတစ်ခွက် ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။

မြန်မာလူမျိုးတို့သည် မိမိတို့တိုင်းရင်းဆေး၏ အကျိုးအာနိသင်ကို အနည်းငယ်သာ သိရှိကြသဖြင့် ယုံကြည်သုံးစွဲမှုအားနည်းကြပေသည်။ ကျန်းမာရေးအတွက် ဆေးကုသနည်းများကို စမ်းစစ်ကြည့်သော် (၁) ခွဲစိပ်ကုသခြင်း (အနောက်တိုင်းဆေးပညာ)၊ (၂) ကိုယ်တွင်းဝေဒနာ (ဆေးမြီးတို တိုင်းရင်းဆေး) နှင့် (၃)ကိုယ်တွင်းဝေဒနာ (နတ်ဆေး(ခ)ရေမန်း၊ ဆီမန်း)တို့ဖြစ်လေသည်။

ကုထုံးဆေးချက် -တို့မရှက်ဟူသော ဆောင်ပုဒ်ဖြင့် မြန်မာဆေးဆရာကြီးများ၏ နှီးနှောဖလှယ်ပွဲကို ၁၉၅၈ ခုနှစ်တွင် ကျင်းပခဲ့ကြလေသည်။ မြန်မာဆေးဆရာတို့သည် စေတနာထက်သန်စွာဖြင့် မိမိတို့အောင်မြင်ခဲ့သော လက်တွေ့ကုထုံးများကို စာတမ်းများအဖြစ် တင်ပြဖတ်ကြားခဲ့ကြပေသည်။ ထိုအချိန်က မြန်မာနိုင်ငံ၏ တစ်ခုတည်းသော သမားတော်စာစောင်မှ စာတမ်းများကို မှတ်တမ်းတင်ဖော်ပြခဲ့ကြောင်း သိရှိခဲ့ရပါသည်။

အစွမ်းထက်သော မြန်မာတိုင်းရင်းဆေးအကြောင်းမရေးခင် မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန်အြွကျဉ်းမှ သိသင့်သိထိုက်သော တိုင်းရင်းဆေးဝေါဟာရများ၏ ဗဟုသုတအတိုအထွာများကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

| စဉ် | အမည် | ဂုဏ်သတ္တိ |
|---|---|---|
| ၁။ | ဆား (ရှုက္ခမူဆား) | အပင်တစ်မျိုးမျိုးကိုပြာချ၍ ချက်ယူပြီး ငန်သောအရသာရှိ။ |
| ၂။ | ဆားခါး | ဘဂ်လီဆား၊ အင်္ဂလိပ်ဆားခါး(သို့)ဆားခါးဖြူ။ |
| ၃။ | ဆားပုပ် | အရောင်မည်းညစ်၍ အနံ့မကောင်းသောဆား |
| ၄။ | ဆားမီးဖုတ် | ကွမ်းရွက်ကန်တော့တွင် ထည့်၍ မီးဖုတ်ထားသောဆား။ |

| | | |
|---|---|---|
| ၅။ | ဆားလျော် | ကျက်အောင်လျော်ထားသောဆား။ |
| ၆။ | ဆေးဖက်ဝင် | ဆေးဝါးအဖြစ် အသုံးပြုနိုင်သောအစွမ်း။ |
| ၇။ | ဆေးမြီးတို | အနာရောဂါများကို လွယ်လွယ်နှင့်ပျောက်ကင်းစေနိုင်သောဆား။ |
| ၈။ | ဆေးမြစ် | ဆေးဖက်ဝင်သော အမြစ်။ |
| ၉။ | ဆေးသကြား | (၁) စပျစ်သီးမှည့်မှရသော သကြား။<br>(၂) ကျောက်မီးသွေး၊ ကတ္တရာစေးမှ ထုတ်ယူသောသကြား။ |
| ၁၀။ | ကျောက်မျိုးငါးပါး | ကျောက်ချဉ်၊ကျောက်စက်၊ ကျောက်ခက်၊ ကျောက်ပွင့်၊ ကျောက်မြုပ်။ |
| ၁၁။ | ပဉ္စငါးပါး | အပင်တစ်ပင်၏အရွက်၊ အပွင့်၊ အခေါက်၊ အမြစ်၊ အသီးဟူသော အစိတ်အပိုင်းငါးမျိုး။ |
| ၁၂။ | ဖာလာမျိုးငါးပါး | ဖာလာကြီး(ဆူလာနဖာ)၊ ဖာလာငယ်(စုဠာနဖာ)၊ ဖာလနဖိတ်၊ ဖာလ ဝတီ၊ ချဉ်ပေါင်ဖာလာ။ |
| ၁၃။ | ထမင်းရည်အကျိုး(၈)ပါး | (၁)အစားများစွာ စားနိုင်ခြင်း။ (၂) ဆီးရွှင်ခြင်း။ (၃)အသက်ရှည်ခြင်း။ (၄) သွေးသားပွားစေခြင်း။ (၅)အဖျားပျောက်ခြင်း။ (၆)သလိပ်ကြေခြင်း။ (၇)သည်းခြေအားကောင်းခြင်း။ (၈)လေတို့ကိုနိုင်ခြင်း။ |
| ၁၄။ | တြိကဋုတ် | ငရုတ်ကောင်း။ ပိတ်ချင်း။ ချင်း။ |
| ၁၅။ | တြိဖလ | (၁)ဆီးဖြူ၊ ဖန်ခါး၊ သစ်ဆိမ့်၊ (၂)ဓာတ်ပွိုလ်၊ ကွမ်း၊ လေးညှင်း။ (၃)စပျစ်၊ တလည်း၊ စွန်ပလွန်၊ (၄)ဆီးဖြူ၊ ကြစု၊ သစ်ဆိမ့်၊ |
| ၁၆။ | တြိဒေါသ | သည်းခြေ၊ လေ၊ သလိပ် |
| ၁၇။ | ဓာတ်ငုတ် | ဓာတ်ကြီးလေးပါး(ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော)တွင် တစ်ပါးပါး မပွင့်မပေါ်ဖြစ်ခြင်း။ |
| ၁၈။ | ဓာတ်စာ | ဓာတ်ကြီးလေးပါးနှင့်ညှိပေးရန်စားရသော အစာ။ |
| ၁၉။ | ယာဂု | ဆန်တစ်ဆ၌ ရေခြောက်ဆထည့်ကာ ဆန်လုံးကွဲရုံကျိုထားသော သောက်ဖွယ်(ပါဠိ) |
| ၂၀။ | ပထဝီကြော | လူ၏ခြေဖဝါးအလယ်သို့ သွယ်ဆင်းသောအကြော။ |
| ၂၁။ | ပထဝီဓာတ် | နူးညံ့ခက်မာခြင်းသဘော |
| ၂၂။ | ဖောရော | ဝေဒနာတစ်ခုခုကြောင့် ကိုယ်ခန္ဓာအသားအရေ ဖောင်းကြွစူမို့ခြင်း။ |
| ၂၃။ | ဖောသွပ် | ရှိရင်းစွဲကိုယ်ခန္ဓာအသားအရေထက် ရောင်အန်းဖောင်းပွခြင်း။ |
| ၂၄။ | ဒူလာ | အဆစ်အမြစ်တို့ ထုံကျင်ကိုက်ခဲသောရှေးရောဂါ။ |
| ၂၅။ | ဆီးကျန်ရောဂါ | ဆီးသွားပြီးနောက် ဆီးရည်ကျန်နေတတ်သော ရောဂါ(တစ်နည်း) ဆီးချို ရောဂါ၏အခြေခံအရင်းအမြစ်ဖြစ်သောရောဂါ။ |
| ၂၆။ | ဗေ | ခန္ဓာကိုယ်ဝမ်းဗိုက်အတွင်း၌ သွေးပျက်၊ သလိပ်ပွား၍ အဖျားရောဂါ ကြာရှည်စွဲရာမှ ဖြစ်ပေါ်လာတတ်သော အအေးအပျဉ်ခဲ(သို့) သရက် ရွက်ကြီးခြင်း။ |
| ၂၇။ | လေငန်း | ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခု မလှုပ်ရှားနိုင်ခြင်း၊ အကြောဆွဲခြင်းဖြစ် သည့်ရောဂါ။ |
| ၂၈။ | လေဖြတ် | ကိုယ်ခန္ဓာသွေးကြောများအတွင်း၌ လိုအပ်သောလေတွန်းပို့အား ပြတ် တောက်ချို့တဲ့ခြင်းကြောင့် အကြောသေခြင်း၊ သွက်ချာပါဒဖြစ်ခြင်း။ |
| ၂၉။ | သွေးတိုးရောဂါ | ပကတိသွေးနှုန်းထက်ပို၍ လွန်ကဲစွာလှုပ်ရှားခြင်းကြောင့် ဖြစ်ပေါ်သော ဝေဒနာ။ |
| ၃၀။ | ကျပဟုံး | သလိပ်၊ သည်းခြေ၊ လေသုံးပါးကြောင့် တက်သော သူငယ်နာငန်း ရောဂါ (အဖြူ၊အနီ၊အဝါ၊အနက်စသည်ဖြင့်) |
| ၃၁။ | ဆက်လေး(ဇက်လေး) | ကုပ်ဆက်တွင် တောင့်တင်းလေးလံခြင်း။ |

| | | |
|---|---|---|
| ၃၂။ | သတ္တုရည် | ဆေးဖက်ဝင်သော အပင်တစ်မျိုးမျိုး၏ အရွက်(သို့)ပဥ္စငါးပါးကို ကြိတ်ခြေထောင်းညှစ်၍ရသော ရေမရောသည့်ပကတိအရည်။ |
| ၃၃။ | ဗိန္ဒော | (၁) ဖော်စပ်ပြီးသော ဆေးဝါးတို့ဖြင့်ကုသနည်းပညာ<br>(၂) ယင်းပညာရပ်နှင့် စပ်လျဉ်းသည့် ကျမ်း |
| ၃၄။ | သကြားခဲ | ဆေးဖက်ဝင်အောင် သကြား၊ ပျားရည်ပန်းစသည်တို့ကို ကျိုချက်ထားသောအစိုင်အခဲ(သို့)ပျားသကာခဲ(သို့)ပန်းသကြား။ |
| ၃၅။ | ပရဆေး(ဘယဆေး) | ရောဂါပျောက်ကင်းစေနိုင်သော အသီး၊ အပွင့်၊ အရွက်၊ အခေါက်၊ အမြစ် စသည့်ပင်ထွက်ပစ္စည်းနှင့်မြေအောက်သတ္တုဓာတ်ဆား။ |

မြန်မာပရဆေး၏ ဂုဏ်အင် စွမ်းအင်သတ္တိသည် လွန်စွာသိမ်မွေ့နက်နဲလှသဖြင့် ဆေးဆရာများလောက၌ မြန်မာတိုင်းရင်းဆေးများကို လျှာအသိ၊ ဆီးအနည်းအများ အသိဖြင့် မည်သည့်အခါမျှ မဆုံးဖြတ်သင့်ကြောင်း ဆေးဆရာကြီးတို့မှ မိန့်မှာခဲ့ပေသည်။ ထိုသို့ဆုံးဖြတ်ပါက ဆေးပစ္စည်းအတတ်ပညာကျမ်း၌ မကျွမ်းကျင်သောသူတို့၏ အယူအဆများသာဖြစ်ကြောင်း၊ အကြောင်းမှာ မြန်မာ့တိုင်းရင်းဆေးများသည် လွန်စွာအသိခက်ခဲသော၊ ကျေညက်ပြီးသောအခါမှ အကျိုးပေးသောဆေးပစ္စည်းများကို ဆေးပစ္စည်းတိုင်း၌ပင်လျှင် တည်ရှိနေကြပေသည်။ ပူသောအရသာပင်ဖြစ်သော်လည်း သွေးမတက်ခြင်း (ဥပမာ–ပိတ်ချင်း)၊ စပ်သောအရသာပင်ဖြစ်သော်လည်း ဆီးမပူခြင်း (ဥပမာ–ပြေပ်ကောင်း၊ ချင်း)၊ ခါးသောအရသာပင်ဖြစ်သော်လည်း လေကိုပျက်စေခြင်း (ဥပမာ–ကြက်ဟင်းခါး)၊ ခါးသောအရသာပင်ဖြစ်သော်လည်း လေဒေါသကို ပွားများစေခြင်း (ဥပမာ–ဆင်တုံးမနွယ်)၊ ခါးသောအရသာပင်ဖြစ်သော်လည်း ဆူလာနဖာကား အဖျားကိုနိုင်ခြင်း၊ တမာကား ပိုးကိုနိုင်ခြင်း၊ အငန်ပင်ဖြစ်သော်လည်း သိန္ဓောဆားကား မျက်စိကို အကျိုးပြုခြင်း၊ သစ်ပင်တိုင်းကိုပင်ပြာဆားပြုလုပ်၍ရပေသည်။ လျှာနှင့်လျက်ကြည့်မှု ငန်ပျပျ အရသာရှိ၏။ အကျိုးသွားမှာမူကား ဆေးပင်ကွဲပြားသလောက် အကျိုးလည်းကွဲပြားပေသည်။ ကျေညက်သွားပြီးနောက် အကျိုးပြုသော ဆေးပစ္စည်းတို့၏ ဂုဏ်အင်စွမ်းအင်သတ္တိကို သိမြင်နိုင်ရန် ခဲယဉ်းပေသည်။ တန်ခိုးသတ္တိဖြင့် အကျိုးပြုသည်ကို မှတ်သားယူဆရသော ဆေးပစ္စည်းများကား မြောက်မြားစွာပင်ရှိသေး၏။ ၎င်းတို့ကို လျှာအသိဖြင့်လည်းမရ၊ ဆီးအနည်းအများ အသိဖြင့်လည်းမရနိုင်၊ လက္ခဏာကို ရှု၍လည်းမပေါ်လာ။ သိပ္ပံနည်းဖြင့် ဓာတ်ခွဲ၍လည်းမရပေ။ အပင်၊ အရွက်၊ အမြစ်၊ အခေါက်၊ အသီး၊ အပွင့်တို့ကို ဆေးအဖြစ် အသုံးပြုရန်အတွက် အာနိသင်ပြည့်ဝသည့် အချိန်ကာလ(မနုလွန်း မရင့်လွန်း)ကို လေ့လာမှတ်သားရန် စုဆောင်းရသည်လည်းရှိပေသည်။ ထို့အပြင် ဆေးဖက်ဝင်အပင်များကို နေပူပူတွင် အခြောက်လှန်းလျှင် အာနိသင်လျော့ပါး တတ်သဖြင့် နေရိပ်တွင် ခြောက်သွေ့စေခြင်းဖြင့် အာနိသင်အပြည့်အဝ ရရှိလေသည်။

ထို့ကြောင့် ပရဆေးကျမ်းများကို ကျွမ်းကျင်စွာ တတ်မြောက်ပါက ထက်မြက်စူးရှသော အစွမ်းသတ္တိရှိသည့် ဆေးများ ဖော်စပ်နိုင်ခြင်းအားဖြင့် မြန်မာတိုင်းရင်းဆေးပညာရပ်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပေသည်။ သို့ဖြစ်ရာ မြန်မာတိုင်းရင်းဆေးပညာရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာ့သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တိုင်းရင်းဆေးစိုက်ခင်းများ တည်ထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သင့်ပါကြောင်း ရေးသားအပ်ပါသည်။

**ကျမ်းကိုးစာအုပ်-**


- **ဦးလှခင် (ဆန်းညွန့်ဦး)**
  **တိုင်းရင်းမြန်မာ အိမ်သုံးဆေးများ ဆဌမအကြိမ်၊ ၁၉၉၁**
- **အရှင် နာဂသိန်**
  **ပုံပြဆေးအဘိဓာန် (ပ၊ဒု၊တ၊စ)တွဲ**


**အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း**

**အကွက်နယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်းကို ကျွန်းသင်းသတ်ခြင်း၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း၊ လုပ်ငန်းနှင့်အတူ ပူးတွဲ၍သော်လည်းကောင်း၊ သီးခြားသော်လည်းကောင်း ဆောင်ရွက်ရန်ဖြစ်သည်။**

# မြန်မာ့မြေက တောဆင်တွေမျိုးတုံး သွားနိုင်သလား . . .



ဒေါက်တာဇော်မင်းဦး၊ သစ်ထုတ်ရေးဌာန

ဧပြီလ၊ ၂၀ ရက်၊ ၂၀၁၇ ခုနှစ်ထုတ် မြန်မာ့အလင်းသတင်းစာပါ သိပ္ပံစာရေးဆရာဆရာကိုကိုအောင်ရဲ့ဆောင်းပါးဖြစ်တဲ့ ''တစ်ချိန်ကျရင် လူသားတွေပါမျိုးတုံးသွားနိုင်သလား''ဆိုတဲ့ခေါင်းစဉ်ကိုဖတ်မိတဲ့အချိန်မှာ စာရေးသူလည်း မြန်မာ့မြေက တောဆင်တွေကော တစ်ချိန်ကျရင်မျိုးတုံးသွားနိုင်သလား ဆိုပြီးအတွေးတစ်ခုဝင်လာမိပါသည်။

အရှေ့တောင်အာရှမှာ မြန်မာနိုင်ငံဟာ Biodiversity (ဇီဝမျိုးစုံမျိုးကွဲများ) ကြွယ်ဝပေါများတဲ့နိုင်ငံဖြစ်ပါသည်။ ကုန်းနေ၊ ရေနေနှင့် ကျေးငှက်မျိုးစုံပေါများသောနိုင်ငံလည်းဖြစ်ပါသည်။ သဘာဝတောများအနေဖြင့်လည်း Mangroves လို့ခေါ်တဲ့ ဒီရေတောမှ ရွက်ပြတ်တော၊ ရွက်ခြောက်တောနှင့် အမှုပိုင်းအမြဲစိမ်းတောစသည့်ဖြင့် အမျိုးစုံလင်စွာရှိပါသည်။

ကျွန်တော်တို့ကျောင်းသားဘဝက တက္ကသိုလ်စာကြည့်တိုက်မှာ ဆင်အကြောင်းလေ့လာချင်လို့ စာအုပ်ရှာဖွေဖတ်ကြည့်တဲ့အခါ " The Lord of Jungle" တောဘုရင်လို့ခေါ်မလား။ ဒီစာအုပ်တစ်အုပ်သာဖတ်ဖူးပါသည်။ CITIES, MIKE စတာတွေလည်းခေတ်မစားသေးတော့ မသိသေးပါ။ အဲဒီ အချိန် ၁၉၉၅-၂၀၀၂ လောက်ကတောဆင်တွေလည်း မြန်မာပြည်မှာ ၄၀၀၀ လောက် ခန့်မှန်းထားကြပါသည်။ တောဆင်သတ်ခံရခြင်း၊ လူကိုဆင်က သတ်ခြင်းစတာတွေလည်းမများလှသေးပါဘူး။

ဒါ့အပြင် သစ်တောတက္ကသိုလ်က ဆရာပါမောက္ခဒေါက်တာစန်းလွင် ရေးသားခဲ့တဲ့ ဆောင်းပါးတွေထဲက ''အညာဆူးလှည်း''ဆောင်းပါးကိုဖတ်နေရင်း တောဆင်တွေနဲ့ပတ်သက်ပြီး ဆရာ့လိုတွေးကြည့်တာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှာကွင်းဆက်တစ်ခုများဖြစ်နေမလားလို့ပါ။ ဘာကြောင့်လည်းဆိုတော့ စာရေးသူဘွဲ့လွန်သုတေသနလုပ်တော့ Ivermectin 1% ဆိုတဲ့ သံချဆေးကိုစမ်းသပ်တော့ နိုင်ငံခြားသား ဝါရင့်တိရစ္ဆာန်ဆေးကုပညာရှင်တစ်ဦးကပြောပါတယ်။ ဒေါက်တာဇော်တဲ့ အဲ့ဒီဆေးကသံ့ဥ၊ သံကောင်တင် သတ်ယုံမကဘူးတဲ့ ဆင်ရဲ့ကျင်ကြီးထဲမှာပါ အာနိသင်ပါသွားပြီး ဆင်ချေးပိုး (Dung Beetle)ကိုပါသေစေနိုင်လို့ ဆင်ရဲ့ကျင်ကြီးတွေ မြေဆွေးမြေ့ဖို့ကူတဲ့ ပိုးကောင်တွေမရှိလို့ မြေဆီလွှာဖြစ်ပေါ်မှုမှာပါ အနှောင့်အယှက်ဖြစ်စေတယ်။ ဒါကြောင့် ဆေးကိုချင့်ချိန်သုံးသင့်တယ်တဲ့။ မှန်ပါတယ် ဆင်တွေဟာ တောတွင်းလှည့်လည်စားသောက်တတ်သည့်အကျင့်ရှိလို့ နွယ်ပင်တွေ၊ ချုံပင်တွေကို ရှင်းလင်းရာရောက်လို့ သစ်တောလုပ်ငန်းမှာ အလင်းဖွင့်တာတို့ နွယ်ရှင်းတာတို့အတွက် အထောက်အကူပြုလေသလားလို့ထင်မိပါတယ်။ တောဆင်တွေဟာ အနည်းဆုံးတော့ တောကိုသစ်သူခိုးရန်ကနေ ကာကွယ်ပေးနိုင်တယ်လို့ထင်မိပါသည်။

သို့သော် နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းနှင့် လိုအပ်ချက်များအရ သဘာဝတောများစွန့်လွှတ်ခဲ့ရခြင်း၊ သစ်အလွန်အကျွံထုတ်ယူခဲ့ခြင်းနှင့် စီမံကိန်းများကြောင့် သစ်တောပျက်စီးမှုများပြားလာခဲ့ပြီး၂၀၁၇ ခုနှစ်တွင် သစ်တောဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ၄၂.၉၂ ခန့် သစ်တောဖုံးလွှမ်းလျက်ရှိကြောင်း သိရပါသည်။ ဒါ့အပြင် ရိုးမဖြတ်ကျော်မျှဟာလမ်းမကြီးတွေကြောင့် သစ်တောကြီးများ အပိုင်းပိုင်းဖြစ်ခြင်း၊ စားကျက်လျော့နည်းလာခြင်းနှင့် လူများ တောတွင်းအခြေချနေထိုင်လာခြင်းတို့နှင့်အတူ အာရှဒေသတွင်း နိုင်ငံအများစုတွင် တွင်တွင်ကျယ်ကျယ်ပြောနေသည့် Key species/ Umbrella species/ Back bone animal/ flagship species ဖြစ်သည့် အာရှတောဆင်များတဖြည်းဖြည်းမှ သိသိသာသာကောင်ရေကျဆင်းလာပါသည်။ ၂၀၁၇ ခုနှစ် ဇွန်လ(၆) ရက်နေ့ ကြေးမုံသတင်းစာ ပါ WWF ၏ ဆောင်းပါး In a disturbing new trend, poachers are killing Myanmar’s elephants for their skin, teeth, and tailsတွင် ဖော်ပြချက်အရအာရှတွင် တောဆင်ကောင်ရေ ၅၀၀၀၀ အောက်ကျလာခဲ့ပြီး၊ မြန်မာနိုင်ငံတွင် ၂၀၀၀ အောက်ကျခဲ့ပြီဖြစ်ကြောင်းဖော်ပြထားပါသည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ၁၉၄၁ လွတ်လပ်ရေးမရခင်က တောဆင်ကောင်ရေ ၁၀၀၀၀ ကျော်ရှိခဲ့သည့်ဟု

သိရပါသည်။ တစ်နှစ်ကို တောဆင်ကောင်ရေ ၁၀၀ ခန့် လျော့နည်းခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် နောင်နှစ်ပေါင်း ၂၀ ကြာလျှင် မြန်မာ့မြေကတောဆင်တွေ ကွယ်ပျောက်သွားလေမလား တွေးပူနေမိပါသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် အာရှဒေသတွင်းနိုင်ငံများ ဖြစ်သော မြန်မာ၊ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ နီပေါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ သီရိလင်္ကာ၊ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များတက်ရောက်၍ တောဆင်များ ရေရှည်ရပ်တည်နိုင်ရေး အကြိတ်အနယ်ဆွေးနွေးခဲ့ကြပါသည်။ ဝန်ကြီးအဆင့်၊ ညွှန်ကြားရေးမှူးချုပ်အဆင့် တက်ရောက်ရမည့် အစည်းအဝေးဖြစ်သော်လည်း အထက်ပါနိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ် အပါအဝင် အဆင့်မျိုးစုံတက်ရောက်ခဲ့ကြပါသည်။

တောဆင်ကောင်ရေသည်လူနှင့်ပဋိပက္ခဖြစ်ပွားခြင်း၊ တရားမဝင်သတ်ဖြတ်ခံရခြင်း၊ စားကျက်ကျဉ်းမြောင်းလာခြင်းတို့ကြောင့် တစ်နှစ်ပြီးတစ်နှစ် ကောင်ရေကျဆင်းလာခြင်းမှာ နိုင်ငံတိုင်း၏ ဘုံတူညီချက်ဖြစ်ပါသည်။ ထို့အပြင် အဖွဲ့ပေါင်းစုံပူးပေါင်းဆောင်ရွက်ရန်နှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံချင်းပူးပေါင်းဆောင်ရွက်ရေးသည်လည်းမဖြစ်မနေလိုအပ်သည့် ကိစ္စဖြစ်ပါကြောင်း တစ်ညီတညွတ်တည်းသဘောတူကြပါသည်။ ဆင်တရားမဝင်ရောင်းဝယ်မှု၊ စားကျက်ကျဉ်းမြောင်းမှု၊ နိုင်ငံတော်၏ ပေါ်လစီမစိုးမိုးမှု၊ သယံဇာတကို ထိန်းသိမ်းရန်ပျက်ကွက်မှု၊ နိုင်ငံအချင်းချင်းပူးပေါင်း ဆောင်ရွက်မှု အားနည်းမှုနှင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များပူးပေါင်း ဆောင်ရွက်ခွင့် အားနည်းမှုတို့ကြောင့် အာရှတောဆင်များ ပျောက်ကွယ်သွားနိုင်သလားလို့ တွေးနေမိရင်း ၂၀၃၇ တွင် ဘာဖြစ်မလဲစိတ်ပူနေမိပါတော့သည်။





တောဆင်အားပစ်ခတ်ခဲ့သည့် အဆိပ်မြှားဖယ်ထုတ်ပေးစဉ်



ရေဒီယိုကော်လာတပ်ဆင်ခဲ့သည့် တောဆင်ကြီးနှင့် ကျွန်တော်တို့အဖွဲ့

## သစ်တောလမ်းပြင်ဆင်ခြင်းလုပ်ငန်း

**သဘာဝသစ်တောနေရိယာများတွင် သစ်တောဦးစီးဌာနမှ ဖောက်လုပ်သောလမ်းများ သည် များသောအားဖြင့် မြေလမ်းများဖြစ်ပါသည်။ သစ်တောလမ်းပြင်ဆင်ခြင်းကို မိုးမကျမီ ဧပြီလ၊ မေလနှင့် မိုးကုန်ပြီးအောက်တိုဘာ၊ နိုဝင်ဘာလများတွင် ဆောင်ရွက်ရပါမည်။**



# ရောင်းတန်းဝင်သစ် အစားထိုးနိုင်မည့် စစ်ပင် (ခေါ်)သစ်ဖြူပင်

ဒေါ်လွင်လွင်အောင် သုတေသနလက်ထောက်-၂၊
သစ်ကြာရှည်ခံဌာနစိတ်

မျိုးရင်း Mimosaceae သည် အဖိုးတန်သစ်ဖြစ်သော ပျဉ်းကတိုး (*Xylia xylocarpa* (Roxb.) Taub.) နှင့် တမလန်း (*Dalbergia olveri* Gramble)သစ်တို့ ပါဝင်သော မျိုးရင်းဖြစ်ပါသည်။ မျိုးရင်းတူ စစ်ပင်ခေါ် သစ်ဖြူပင် (*Albizzia procera* (Roxb.) Benth.) သည် လူသုံးနည်းသေးသော သစ်တစ်မျိုးဖြစ်ပြီး ရေရှည်တွင် အဖိုးတန်သစ်များ ရှားပါးလာသည်နှင့်အမျှ ထိုသစ်များလောက် မကောင်းသော်လည်း အစားထိုးအသုံးပြုလာနိုင်မည့် အပင် တစ်မျိုးဖြစ်သည်။

စစ်ပင်ခေါ် သစ်ဖြူပင်(*Albizzia procera* (Roxb.) Benth)ကို ဟိမဝန္တာ တောင်တန်းအလယ်နှင့် အရှေ့ပိုင်း၊ အိန္ဒိယကျွန်းဆွယ်အနောက်ပိုင်း၊ မြန်မာ၊ မလေးကျွန်းစု၊ ဖိလစ်ပိုင်တို့တွင်တွေ့ရသည်။ မြန်မာ့ရောနှောသစ်တောနှင့် တောခြောက်တို့တွင် ပေါက်ရောက်သည်။ ပြည်၊ ပဲခူးနှင့် မုတ္တမ၊ တနင်္သာရီအထိ တွေ့ရသည်။ ရွံ့ညွန်ရှိသော နေရာများတွင်လည်း ပေါက်ရောက်သည်။ အပင်သည် ၁၅ မှ ၃၈ မီတာ မြင့်မားပြီး ပင်စည်အလွန်ဖြောင့်တန်းသော အပင်ဖြစ်သည်။





စစ်ပင်၏ပြင်ပရုပ်သွင်မှာ အရွက်ကြွေသည့် ဆူးမဲ့သစ်ပင်ကြီးမျိုးဖြစ်သည်။ အခေါက်မှာ ဖြူဖျော့ဖျော့နှင့်ထူသည်။ မညီမညာအက်ကွဲလျက်ရှိသည်။ အကိုင်းငယ်များမှာ အမွေးမရှိဘဲ ပြောင်ချောပြီး အစိမ်းရောင်ဖြစ်သည်။ အရွက်မှာ နှစ်ကြိမ်ရွက်ပေါင်းဖြစ်သည်။ ရွက်ရိုးတံအပေါ်တွင် ထပ်ဆင့်ရိုးတံ ထွက်သည်။ ထပ်ဆင့်ရိုးတံ တစ်ခုလျှင် ရွက်မွှာ ၅ စုံ မှ ၁၁ စုံ အထိပါဝင်သည်။ ရွက်ဖြာစုံဖြင့် ဆုံးသည်။ ပန်းခိုင်မှာ ထိပ်ဖျားထွက် ပင်နီကယ် ဦးခေါင်းငယ် အမျိုးအစားဖြစ်ပြီး အချင်းမှာ ၃.၃-၄.၅ စင်တီမီတာရှိသည်။ အပွင့်ကိုင်းတွင် အမွေးထူသည်။ တစ်ခိုင်တွင် ပန်းပွင့် ၂၀ မှ ၂၈ ပွင့်အထိပါဝင်သည်။ အရောင်မှာ အဖြူရောင်ဖြစ်ပြီး လိမ်မော်ရောင်ပြီ ပန်းပွင့်ဖြစ်သည်။ ပွင့်ဖတ်အုံမှာ ခေါင်းလောင်းယောင်ပြွန်ပုံဖြစ်ပြီး ပွင့်ချပ်အုံမှာ ကတော့ပုံဖြစ်သည်။ ဝတ်ဆံဖို ၁၀ ခု ပါဝင်ပြီး တစ်စုတည်းစုလျက်ရှိသည်။ အစေ့အိမ်ရှည်မျှောမျှောရှိပြီး အောက်ခြေတွင် အတံရှိသည်။ ပန်းကညစ်ခေါ် ဝတ်ဆံတိုင်မှာ သေးသွယ်ပြီး အစေ့လောင်းများစွာ ပါဝင်ပြီး ဘေး

ဘက်မှ တန်းစီထွက်သည်။ အသီးမှာ အက်ကွဲသီးရှည် မျောမျောဖြစ်သည်။ အစေ့ ၆-၁၃ စေ့အထိ ပါဝင်သည်။ အသီးအရောင်မှာ အနီရောင်သန်းသော အညိုရောင်ရှိသည်။ ပန်းပွင့်ချိန်မှာ ဂျူလိုင် မှ စက်တင်ဘာလ အထိဖြစ်ပြီး၊ စက်တင်ဘာ မှ မတ်လအတွင်း အသီးသီးချိန်ဖြစ်သည်။

အကာသား၏အရောင်မှာ အညိုဖျော့ရောင်ဖြစ်ပြီး အနှစ်သားမှာ ဖျော့သောအစင်းများပါသည့် အညိုရင့်ရောင်ဖြစ်သည်။ အနံ့အရသာ မထင်ရှားဘဲ အသင့်အတင့်လေးသော သစ်တစ်မျိုးဖြစ်သည်။ သစ်သား၏အကြောမှာ စင်းပြီး ရေကြောအပေါက်ငယ် (Pore) များမှာ ပျံ့နှံ့လျက်ရှိသည်။ နှစ်ကွင်းထင်ရှားသည်။ ကန့်လန့်ဖြတ်ပိုင်းတွင် တစ်လုံးချင်းရှိ ရေကြောဆဲလ်အပေါက် (solitary pore) များသည် ၅၄ရာခိုင်နှုန်း တွေ့ရပြီး ဗက်ဆယ်ခေါ် ရေကြော (vessel) များတွင် ကော်စေးများ ပိတ်ဆို့နေတတ်သည်။ အမျှင်ဆဲလ်(fibres) များသည် နံရံပါးပြီး အများအားဖြင့် အကန့်နံရံမဲ့သည်။ ဝင်ရိုးအလိုက်တည်ရှိသော ပေရင်ခိုင်မာဆဲလ်(axial parenchyma cell)များသည် ရေကြောအပေါက် (vessel pore) ကိုဝန်းရံနေကြောင်း တွေ့ရှိရသည်။ ဆဲလ် များတွင် တွေ့ရသော ပုံဆောင်ခဲ (crystal)များသည် မုန့်ကူကွက်ပုံဖြစ်သည်။ သစ်သားအတွင်းဖြာထွက်နေသော ရောင်ခြည်ဆဲလ် (ray cell)များမှာ လဲလျက်အနေအထား (procumbent)ရှိပြီး ဆဲလ်တစ်မျိုးတစ်စားထဲ ပါဝင်သည်။ သစ်သားကိုအသုံးပြုမည်ဆိုပါက သစ်၏အရည်အသွေးနှင့် ဂုဏ်သတ္တိများသည် သစ်မျိုးကိုလိုက်၍ များစွာကွာခြားမှုရှိသကဲ့သို့ အလွန်လည်းအရေးကြီးပါသည်။ ၎င်းသစ်မျိုးများ၏ သိပ်သည်းခြင်းနှင့် ရေချိန်သိပ်သည်းဆပေါ်တွင် မူတည်လျက် –

(၁) ပေါ့သောသစ်မျိုးများ

(၂) အတော်အတန်လေးသောသစ်မျိုးများ

(၃) လေးသောသစ်မျိုးများ နှင့်

(၄) အလွန်လေးသောသစ်မျိုးများ

ဟူ၍ အုပ်စု(၄) စု ခွဲခြားထားပါသည်။ သစ်မျိုးတစ်မျိုး၏ ရေချိန်သိပ်သည်းဆမှာ ၀.၃၆ နှင့် အောက်တွင် ရှိပါက ပေါ့သောသစ်၊ ၀.၃၆ နှင့် ၀.၅ အတွင်း ရှိပါက အတော်အတန်လေးသောသစ်၊ ၀.၅ နှင့် ၀.၈ အတွင်းရှိပါက လေးသောသစ်နှင့် ၀.၈ နှင့် အထက်ရှိပါက အလွန်လေးသောသစ်ဟူ၍ (၄)မျိုးခွဲခြားထားပါသည်။

ရောင်းတန်းဝင်သစ်တစ်မျိုးဖြစ်သော ပျဉ်းကတိုး (*Xylia xylocarpa* (Roxb.) Taub.) ၏ သိပ်သည်းဆမှာအစိုအခြေအနေတွင် (1154 kg/m-3)နှင့် ရေချိန် သိပ်သည်းဆမှာ (basic specific gravity 0.779) ဖြစ်ပြီး၊ တမလန်းသစ်(*Dalbergia olveri* Gramble)၏ သိပ်သည်းဆမှာ (940 kg/m-3) နှင့် ရေချိန်သိပ်သည်းဆမှာ (basic specific gravity 0.78 - 0.94 ) အတွင်းရှိကြောင်း တွေ့ရှိရပါသည်။ အထက်တွင် ဖော်ပြခဲ့သော စစ်ပင် ခေါ် သစ်ဖြူပင် (*Albizzia procera* (Roxb.)Benth.) ၏ သိပ်သည်းဆမှာ 1220 kg/m-3 နှင့် ရေချိန်သိပ်သည်းဆမှာ (basic specific gravity 0.72) ဖြစ်ကြောင်းတွေ့ရှိရ၍ ရောင်းတန်းဝင်သစ်မျိုးများနေရာတွင် အစားထိုးအသုံးပြုရန် သင့်တော်ကြောင်းတင်ပြလိုက်ရပေသည်။

## ကျမ်းကိုးစာရင်း


- Hooker (1885),Cooke(1903), Hirtikar and Basu(1933)
- Kurz(1877),Tin Tin Htay(1976), Khin Than Htwe(1991)
- Rodger(1951), Gamble(1922)(1991)
- Brandis(1874), Pearson and Brown(1932)
- Talbot(1909)
- Hooker(1879), Backer(1963), Aung Kyaw(1976)
- Forest department, Ministry of Forestry and International Tropical Timber Organization (ITTO) (2000). A Handbook of Some Lesser Used Species in Myanmar.
- Aung Naing Oo (1995). An Investigation on Morphological and Anatomical Characteristics of Some Myanmer Fuelwood Timber Species.
- Win Kyi-1(1993). Physical and Mechanical Prroperties of Some Myanmar Timbers.




လက်သင့်ခံမယ့်
ကမ္ဘာဂြိုဟ်ကြီးသာ မရှိတော့ရင်
သင့်ရဲ့အိမ်ဟာ ဘာသုံးလို့
ရတော့မှာလဲ။
Henry David Thoreau

# Essential Watch Words for Young Generation in Myanmar Society (2)

အမည်မသိစာဆို(မြင့်ဦးလွင်)

| | | |
|---|---|---|
| ၁။ | ကူညီရိုင်းပင်းခြင်း | 1. Helpfulness |
| ၂။ | ရိုးသားဖြောင့်မတ်ခြင်း | 2. Honesty |
| ၃။ | နှိမ့်ချစိတ်ရှိခြင်း | 3. Humility |
| ၄။ | ရယ်ရွှင်မှုကိုနားလည်ခြင်း | 4. Humour |
| ၅။ | ဉာဏ်ကွန့်မြူးခြင်း | 5.Imagination |
| ၆။ | လုံ့လဝီရိယကြီးခြင်း | 6. Industry |
| ၇။ | တရားမျှတခြင်း | 7. Justice |
| ၈။ | သနားကြင်နာခြင်း | 8. Kindness |
| ၉။ | ခေါင်းဆောင်ခြင်း | 9. Leadership |
| ၁၀။ | ချစ်ခင်မြတ်နိုးခြင်း | 10.Love and Cherish |
| ၁၁။ | သစ္စာစောင့်ထိန်းခြင်း | 11.Loyalty |
| ၁၂။ | ဆုံးမနာယူခြင်း | 12.Obedience |
| ၁၃။ | စနစ်စည်းကမ်းရှိခြင်း | 13.Orderliness |
| ၁၄။ | သည်းညည်းခံခြင်း | 14.Patience |
| ၁၅။ | ဇွဲကောင်းခြင်း | 15.Perseverance |
| ၁၆။ | အချိန်မှန်ခြင်း | 16.Punctuality |
| ၁၇။ | ကြံရည်ဖန်ရည်ရှိခြင်း | 17.Resourcefulness |
| ၁၈။ | ကိုယ်ထူကိုယ်ထလုပ်ခြင်း | 18.Self-reliance |
| ၁၉။ | မြဲမြံခိုင်ခန့်သောစိတ်ရှိခြင်း | 19.Steadfastness |
| ၂၀။ | ကောင်း/ဆိုး-ပိုင်းခြားသိခြင်း | 20.Tacit |
| ၂၁။ | ခြိုးခြံချွေတာခြင်း | 21.Thrift |
| ၂၂။ | ခွင့်လွှတ်ခြင်း | 22.Tolerance |
| ၂၃။ | ပညာဉာဏ်ရှိခြင်း | 23.Wisdom |

**ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်း**

သစ်တောဦးစီးဌာန၏ ပင်မအသက်သွေးကြောဖြစ်သည့် ကြိုးဝိုင်းနယ်နိမိတ်များနှင့် အကွက်နယ်နိမိတ်များသည် မြေပြင်၌ ထင်ရှားစွာ သတ်မှတ်ထားရန် အထူးပင် အရေးကြီးသည်



# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် သစ်တောများ၏ အခန်းကဏ္ဍ

ဒေါက်တာသောင်းနိုင်ဦး (သစ်တောသုတေသနဌာန)

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုရာတွင် မျက်မှောက်ခေတ်လူသားများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး အနာဂတ်မျိုးဆက်များ၏ စွမ်းဆောင်ရည်ကိုလည်း မလျော့ပါးစေသည့် ဖွံ့ဖြိုးတိုးတက်မှုမျိုးကို ဆိုလိုပါသည်။ စီးပွားရေးသက်သက် ဖွံ့ဖြိုးတိုးတက်စေရန်ထက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟာစနစ်တည်ငြိမ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစသည့် အပြန်အလှန်ဆက်စပ်နေသော ဘက်စုံကဏ္ဍစုံကို တစ်ပြေးညီ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းကိုရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၂၅)ရက်နေ့တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်(၁၇)ခု (Sustainable Development Goals-SDGs)နှင့် ရည်မှန်းချက်(၁၆၉)ချက်ကိုချမှတ်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံနှင့် ကမ္ဘာလုံးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ကာ ဆုံးဖြတ်ချက်အမှတ် A/RES/70/1 ဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကိုချမှတ်ခဲ့ခြင်းဖြစ်သည်။

ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များ (Millennium Development Goals)ကိုဆက်ခံသည့် အစီအစဉ်များဖြစ်ပြီး ၂၀၁၅ ခုနှစ် အလွန်ဖွံ့ဖြိုးမှုအစီအစဉ်များ(The Post 2015 Development Agenda)ဟုလည်း ခေါ်ဆိုကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အလွန်ထင်ရှား လူသိများသည့် ဆုံးဖြတ်ချက်တစ်ခုဖြစ်သော ကျွန်တော်တို့လိုချင်သောအနာဂတ် The Future We Want)ဆုံးဖြတ်ချက် (၆၆/၂၈၈) စည်းမျဉ်းများကို အခြေခံ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် ရည်မှန်းချက်များကို ရေးဆွဲချမှတ်ခဲ့ခြင်းဖြစ်သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ(SDGs)သည် အလွန်ကျယ်ပြန့်ပြီး နယ်ပယ်ပေါင်းစုံ၊ ပြဿနာပေါင်းစုံ ပါဝင်လျက်ရှိသည်။ ဆင်းရဲမွဲတေမှု၊ ဆာလောင်မှုနှင့် စားနပ်ရိက္ခာလုံလောက်မှု၊ ကျန်းမာရေး၊ ပညာရေး၊ ကျား၊မတန်းတူရှိမှုနှင့် အမျိုးသမီးများအခန်းကဏ္ဍ၊ သန့်ရှင်းသောသောက်သုံးရေနှင့်ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ ခေတ်မီစွမ်းအင်၊ အလုပ်အကိုင်အခွင့်အလမ်း၊ အခြေခံအဆောက်အဦများ၊ သာတူညီမျှရှိစေမှု၊ လုံခြုံစိတ်ချရသော မြို့ကြီးများ၊ စဉ်ဆက်မပြတ်ထုတ်လုပ်ခြင်းနှင့်စားသုံးခြင်းပုံစံများ၊ ရာသီဥတု ပြောင်းလဲခြင်း၊ ပင်လယ်သမုဒ္ဒရာများ၊ သစ်တောများ စဉ်ဆက်မပြတ်ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်း၊ အားလုံးပူးပေါင်းပါဝင်သော အဖွဲ့အစည်း၊ ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုစသည်ဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်အသီးသီး ပါဝင်သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(၁၇)ခုအနက် ပန်းတိုင်(၁၅) သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်တောများ၏ အရေးကြီးသောအခန်းကဏ္ဍကို မီးမောင်းထိုးပြထားသည်။

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၅)

စဉ်ဆက်မပြတ်ဖွံ့ ဖြိုးတိုးတက်မှုပန်းတိုင်(၁၅)မှာ ကုန်းမြေဂေဟာစနစ်များအားကာကွယ်ရန်၊ ပြန်လည်မွမ်းမံထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့စေမည့်နည်းလမ်းများဖြင့် အသုံးပြုရန်၊သစ်တောများအား ရေရှည် တည်တံ့စေမည့်နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ရန်၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရန်၊ မြေဆီလွှာပြုန်းတီးမှု ရပ်ဆိုင်း၍ မြေအရည်အသွေးပြန်လည်ကောင်းမွန်စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှု ရပ်တန့်ရန် ဟူ၍ဖြစ်သည်။ အဆိုပါ ပန်းတိုင်အောင်မြင်စေရန် အတွက် ရည်မှန်းချက်များကို အချိန်ကာလသတ်မှတ်၍ အောက်ဖော်ပြပါအတိုင်းချမှတ်ထားသည် –

(က) ၂၀၂၀ ခုနှစ်တွင် ကုန်းမြေနှင့် ကုန်းတွင်းရေချို ဂေဟာစနစ်ဝန်ဆောင်မှုများ တိုးပွားစေရေး၊ အထူးသဖြင့် သစ်တောများ၊ ရေဝပ်ဒေသများ၊ တောင်တန်းများနှင့် အပူပိုင်းဒေသများထိန်းသိမ်းရေး၊ပြန်လည်တည်ထောင်ခြင်းနှင့် စဉ်ဆက်မပြတ် အသုံးပြုနိုင်စေရေးတို့ကို ဆောင်ရွက်

ရာတွင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီဖြစ်စေရန် စီစဉ်ဆောင်ရွက်ခြင်း။

(ခ) ၂၀၂၀ ခုနှစ်တွင် သစ်တောများအားလုံးအတွက် စဉ်ဆက်မပြတ်သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများ တိုးတက်စေခြင်း၊ သစ်တောပြုန်းတီးမှု ရပ်တန့်ခြင်း၊တောနိမ့်တောပျက်များတွင်သစ်တောပြန်လည်တည်ထောင်ခြင်း၊ ကမ္ဘာလုံးအတိုင်းအတာဖြင့် သစ်တောပြန်လည်တည်ထောင်ရေးလုပ်ငန်းများ သိသာထင်ရှားစွာတိုးတက်ခြင်း၊

(ဂ) ၂၀၃၀ ခုနှစ်တွင် သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ ရေကြီးခြင်းဖြစ်ပေါ်ခဲ့သည့်နေရာများနှင့် အဆင့်နိမ့်ကျနေသော မြေဆီလွှာများကို ပြန်လည်ထိန်းသိမ်းခြင်း၊ မြေအဆင့်အတန်းယုတ်လျော့ကျဆင်းခြင်းမရှိစေရန် ဆောင်ရွက်ခြင်း၊

(ဃ) ၂၀၃၀ ခုနှစ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက်မရှိမဖြစ်လိုအပ်သော ဇီဝမျိုးစုံမျိုးကွဲအပါအဝင် တောင်တန်းစနစ်များစနစ်တကျထိန်းသိမ်းနိုင်စေရေးအတွက် စွမ်းဆောင်ရည်များတိုးပွားလာစေရေးအတွက် စနစ်တကျဆောင်ရွက်ခြင်း၊

(င) သဘာဝနေရင်းဒေသများ အဆင့်အတန်းကျဆင်းနေခြင်းကို လျော့ကျစေရန် အလေးထားဖြေရှင်းဆောင်ရွက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲပျောက်ကွယ် ဆုံးရှုံးမှု ရပ်တန့်စေရန် ဆောင်ရွက်ခြင်းနှင့် ၂၀၂၀ခုနှစ်တွင် မျိုးသုဉ်းပျောက်ကွယ်ရန်အန္တရာယ်ရှိသည့် မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ခြင်း၊

(စ) မျိုးရိုးဗီဇအရင်းမြစ်များအသုံးပြုမှုမှ ရရှိလာသည့် အကျိုးအမြတ်များကို မျှတစွာ ခွဲဝေခံစားနိုင်ရေးအတွက် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာသဘောတူညီမှုများနှင့်အညီ အဆိုပါ အရင်းအမြစ်များကို သင့်လျော်သလို အသုံးပြုနိုင်ရေးဆောင်ရွက်ခြင်း၊

(ဆ) တားဆီးပိတ်ပင် ကာကွယ်ထားသော အပင်နှင့် တိရစ္ဆာန်များ တရားမဝင် အမဲလိုက်ဖမ်းဆီးခြင်း၊ ရောင်းဝယ်ခြင်းများကို ထိရောက်စွာအရေးယူခြင်း၊ တောရိုင်း တိရစ္ဆာန်အစိတ်ပိုင်းများ တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ခြင်း၊

(ဇ) ၂၀၂၀ ခုနှစ်တွင် မြေနှင့် ရေဂေဟစနစ်များတွင် ပြည်ပမျိုးစိတ်သစ်များ တင်သွင်းလာခြင်းနှင့် ၄င်းတို့၏ အကျိုးဆက်များကို ကာကွယ်ဖြေရှင်းမည့် နည်းလမ်းများ ဖေါ်ထုတ်ခြင်းနှင့် အရေးကြီးသည့် အဓိက မျိုးစိတ်များကိုထိန်းချုပ်ခြင်း(သို့မဟုတ်)ဖယ်ရှားခြင်း၊

(ဈ) ၂၀၂၀ ခုနှစ်တွင် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ တန်ဖိုးများကို နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့် စီမံကိန်းများ၊ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မဟာဗျူဟာလုပ်ငန်းစဉ်များတွင် ပေါင်းစပ်ထည့်သွင်းခြင်း၊

(ည) ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်နှင့် စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန်အတွက် ရန်ပုံငွေကြေးများ အရင်းအမြစ်အမျိုးမျိုးမှ ရရှိနိုင်စေရေးဆောင်ရွက်ခြင်း၊

(တ) သစ်တောများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်နိုင်ရန် အတွက်ရန်ပုံငွေကြေးများ အရင်းအမြစ်အမျိုးမျိုး၊ အလွှာအမျိုးမျိုးမှရရှိနိုင်ရေးဆောင်ရွက်ခြင်း။သစ်တောများထိန်းသိမ်းခြင်းနှင့် သစ်တောများပြန်လည်တည်ထောင်ရေးလုပ်ငန်းများအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအား လုံလောက်သော မက်လုံးများပေးခြင်း။

(ထ) တားဆီးကာကွယ်ထားသော မျိုးစိတ်များအား တရားမဝင် ကုန်သွယ်ရောင်းဝယ်ခြင်းလုပ်ငန်းများအား တိုက်ဖျက်ရေးတွင် ကမ္ဘာလုံးဆိုင်ရာ အကူအညီများ တိုးပွားလာစေရေးနှင့် ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအခွင့်အလမ်းများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေးဆောင်ရွက်ခြင်း၊

**သစ်တောများ၏ အခန်းကဏ္ဍ**

သစ်တောများစိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများစွာကို ရရှိခံစားနိုင်သည်။ ထောက်ပံ့မှုဆိုင်ရာဝန်ဆောင်မှုများ ဖြစ်သည့် သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ရရှိခြင်း၊ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစေခြင်း၊စားနပ်ရိက္ခာ ထုတ်လုပ်မှု တိုးတက်စေခြင်း၊ ရေကောင်းရေသန့် ရရှိစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် ငွေကြေးဖြင့် ဝယ်ယူမရနိုင်သည့် ပတ်ဝန်းကျင် ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှုများ ဖြစ်သည့် ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိပေးခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ပေးခြင်း၊ မြေအောက်ရေ ပေါများစေရန်နှင့် သန့်စင်စေရန် အထောက်အပံ့ပေးခြင်း၊ မြေတိုက်စားမှု၊ မြေပြိုမှု၊ လေတိုက်စားမှုများမှ ကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်းတို့ကို အထောက်အပံ့ဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ပေးစွမ်းလျက်ရှိသည်။ သစ်ပင်သစ်တောများရှိခြင်းဖြင့် မျက်စိပသာဒကောင်းမွန်၍ စိတ်ကြည်လင်လန်းဆန်းခြင်း၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ရိုးရာဓလေ့ထုံးတမ်းများအတွက် အထောက်အကူပြုခြင်းနှင့် သစ်တောများသည် အခြားဆက်စပ်ကဏ္ဍများအတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေရန် ကူညီပံ့ပိုးပေးခြင်းဖြင့် နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ထို့ကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များအနက် သစ်တောများထိန်းသိမ်းရေးလုပ်ငန်းစဉ်ကို ပန်းတိုင်တစ်ခုအဖြစ်ထည့်သွင်းထားခြင်းဖြစ်သည်။ အကယ်စင်စစ် သစ်တောများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(၁၅)သာမက အခြားပန်းတိုင်များကိုလည်း အလွန်အထောက်အကူပြုလျက်ရှိသည်။ ဥပမာပန်းတိုင်(၁) ဆင်းရဲမွဲတေမှုပပျောက်ရေး၊ ပန်းတိုင်(၂) စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး၊ ပန်းတိုင်(၆) ရေကောင်းရေ သန့်ရရှိရေးနှင့် ရေအရင်းအမြစ် စနစ်တကျစီမံခန့်ခွဲရေး၊ ပန်းတိုင်(၇) စွမ်းအင်ဖူလုံရေး၊ ပန်းတိုင် (၁၁)လုံခြုံစိတ်ချပြီးခံနိုင်ရည်ရှိသော စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်သောမြို့ပြများ၊ လူများအခြေချနေ ထိုင်ရာဒေသများအဖြစ်ဆောင်ရွက်ရေး၊ ပန်းတိုင်(၁၃) ရာသီဥတုပြောင်းလဲမှုလျော့ချရေးစသည့်ပန်းတိုင်များ အောင်မြင်စေရန်အတွက်လည်း သစ်တောသစ်ပင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှသည်။

## အပြည်ပြည်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ

ယနေ့အချိန်တွင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း ဧရိယာအားဖြင့် ကြီးမားကျယ်ပြန့်သည့် သစ်တောပြန်လည်တည်ထောင်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိသည်။သစ်တောများထာဝစဉ်တည်တံ့စေရေး၊ သစ်တောများ ပြန်လည်တည်ထောင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂမှ ဦးဆောင်ကြိုးပမ်းလျက်ရှိရာ သစ်တောဆိုင်ရာ နယူးယောက်ကြေညာစာတမ်း(New York Declaration on Forests)သည် အလွန်ပင်သက်ရောက်မှုရှိသည့် တွန်းအားတစ်ခုဖြစ်သည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့က အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကမ္ဘာ့ကုလသမဂ္ဂက ကြီးမှူး၍ ရာသီဥတုပြောင်းလဲမှု ထိပ်သီးဆွေးနွေးပွဲ (၂၀၁၄)ကိုကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲတွင် သစ်တောဆိုင်ရာ နယူးယောက် ကြေညာစာတမ်းနှင့် ဆောင်ရွက်မည့်အစီအစဉ်ကိုထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

သစ်တောဆိုင်ရာ နယူးယောက်ကြေညာစာတမ်း(New York Declaration on Forests)ပါဖော်ပြချက်များအနက် အောက်ဖော်ပြပါ ရည်မှန်းချက်များသည် အလွန်အရေးကြီးပြီး ယခုအခါ ကမ္ဘာနှင့်အဝန်း အကောင်အထည်ဖော်လျက်ရှိသည်-

- ကမ္ဘာ့အပူချိန် ၂ ဒီဂရီ ဆဲလ်စီးယပ် လျှော့ချနိုင်ရန်အတွက် ၂၀၂၀ခုနှစ်တွင် သစ်တောပြုန်းတီးမှု ၅၀ရာခိုင်နှုန်းအထိ လျှော့ချရန်နှင့် ၂၀၃၀ခုနှစ်မှာ သစ်တောပြုန်းတီးမှုလုံးဝမရှိစေရေး ရည်မှန်းပြီး ဆောင်ရွက်သွားရန်၊
- ၂၀၂၀ ခုနှစ်တွင် တောနိမ့်တောပျက်ဧရိယာဟက်တာ သန်း ၁၅၀ ကို သစ်တောစိုက်ခင်းအဖြစ် တည်ထောင်ရန်နှင့် ဟက်တာ သန်း၂၀၀ ကို ၂၀၃၀ခုနှစ်တွင် တည်ထောင်ထိန်းသိမ်းရန် ၊
- ၂၀၁၅ခုနှစ်အလွန် ကမ္ဘာ့အစီအစဉ်များတွင် သစ်တောတည်ထောင်ရေးနှင့် ထိန်းသိမ်းရေးရည်မှန်းချက်များ ထည့်သွင်းရန်၊
- ဆီအုန်း၊ ပဲပိစပ်၊ စက္ကူပျော့ဖတ်၊ အသားထုတ်လုပ်ခြင်းစသည့်စိုက်ပျိုးရေးနှင့် စက်မှုသီးနှံများစိုက်ပျိုး ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် သစ်တောပြုန်းတီးမှုများ လျော့နည်းပပျောက်စေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ကူညီရန်၊
- ၂၀၂၀ ခုနှစ်တွင် အခြားစီးပွားရေး ကဏ္ဍများကြောင့် သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်နေမှုများ လျှော့ချရန်၊
- စိုက်ပျိုးရေးနှင့် ထင်းလိုအပ်ချက်များစသည့် အခြေခံလိုအပ်ချက်ကြောင့် ဖြစ်ပေါ်လာသည့် သစ်တောပြုန်းတီးမှုကို လျှော့ချရန်နှင့် အခြားနည်းလမ်းများဖြင့် ကူညီပံ့ပိုးရန်၊ ဆင်းရဲနွမ်းပါးမှု ပပျောက်စေရန်နှင့် ညီတူညီမျှစဉ် ဆက်မပြတ်ဖွံ့ဖြိုးမှုကို မြှင့်တင်ရန်၊

အထက်ဖော်ပြပါ ရည်မှန်းချက်များပြည့်မီစေရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကလည်း ကြီးမားကျယ်ပြန့်သော သစ်တောများပြန်လည် တည်ထောင်ရေးအစီအစဉ် (Forest Landscape Restoration Programme)၊ဘွန်းစိန်ခေါ်မှုများ(Bonn Challenges) အစီအစဉ်များ ရေးဆွဲဖော်ဆောင်လျက် သစ်တောပြုန်းတီးမှုလျှော့ချရေး၊ သစ်တောများထာဝစဉ်တည်တံ့ရေးနှင့် တောနိမ့်တောပျက်များတွင် သစ်တောစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့်တည်ထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း(United Nations Framework Convention on Climate Change-UNFCCC)၊ ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention on Combating Desertification-UNCCD)နှင့် ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကွန်ဗင်းရှင်း(United Nations Convention on Biodiversity-UNCBD)များကလည်း နှစ်စဉ်ညီလာခံများ ကျင်းပလျက်သစ်တောထိန်းသိမ်းရေးလုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်မည့်ဆုံးဖြတ်ချက်များချမှတ်ကာအဖွဲ့ဝင်နိုင်ငံများအားတွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ်သဘောတူစာချုပ်(Paris Climate Change Agreement)သည် အလွန်ထင်ရှားသည့် ကြိုးပမ်းဆောင်ရွက်မှုတစ်ခုဖြစ်ပြီး ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတွင် သစ်တောကဏ္ဍ၏ အရေးပါမှုကို အလေးထားအသိအမှတ်ပြုထည့်သွင်းထားသည်ကိုတွေ့ရမည်ဖြစ်သည်။

## မြန်မာ့သစ်တောများ ပြန်လည်တည်ထောင်ရေး လုပ်ငန်းများ

အခြားသောဒေသတွင်းနိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏သဘာဝတောများမှာ လူဦးရေတိုးပွားမှု၊ အလွန်

အကျုံးထုတ်ယူသုံးစွဲမှု၊စိုက်ပျိုးရေးအတွက် မြေနေရာချဲ့ထွင်မှုနှင့် အခြားသောဖွံ့ဖြိုးမှုလုပ်ငန်းများကြောင့် ပြုန်းတီးခြင်းနှင့် အတန်းအစားကျခြင်းပြဿနာနှင့် ရင်ဆိုင်နေရသည်။ သဘာဝတောများမှ သစ်ထွက်မှုနှုန်း ကျဆင်းခဲ့ပြီး ပြည်သူများ သစ်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မှု အားနည်းခဲ့သည်။ ထို့ကြောင့် မြန်မာ့သစ်တောမူဝါဒတွင် ဖော်ပြထားသည့်အတိုင်း ယနေ့အချိန်တွင် စိုက်ခင်းသစ်တောများသည် သစ်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက်သာမက ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများတိုးပွားစေရေးအတွက်ပါ အရေးပါသော အခန်းကဏ္ဍမှပါဝင်လာသည်။

မြန်မာနိုင်ငံတွင် ကျွန်းစိုက်ခင်းများကို ၁၈၅၆ ခုနှစ်မှစတင်၍ တည်ထောင်ခဲ့ပြီး ၁၉၈၀ခုနှစ်ဝန်းကျင်တွင်ကျွန်းစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့်လျင်မြန်စွာတိုးတက်တည်ထောင်လာခဲ့သည်။ အောင်မြင်မှုများ ရှိသလိုနိုင်ငံရေး၊လူမှုစီးပွားရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ပြဿနာများကြောင့် ဆုံးရှုံးမှုများလည်းရှိခဲ့သည်။ ၂၀၁၅ ခုနှစ် သစ်တောသယံဇာတအကဲဖြတ်ဆန်းစစ်မှု အစီရင်ခံစာ (FRA 2015)အရ နိုင်ငံဧရိယာရဲ့ ၄၂.၉၂ ရာခိုင်နှုန်း သစ်တောများဖုံးလွှမ်းလျက်ရှိသည့်အနက် ၂၁. ၅၆ ရာခိုင်နှုန်းသာ ရွက်အုပ်ပိတ်တောဖြစ်ပြီး ကျန် ၂၁.၃၆ ရာခိုင်နှုန်းမှာရွက်အုပ်ပွင့်တောများဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၁၉၉၀ ခုနှစ်တွင် ဟက်တာသန်းပေါင်း ၃၉ .၂ရှိနေရာမှ ၂၀၁၅ခုနှစ်တွင် ဟက်တာ သန်း ၂၉.၀၁ ထိ လျော့ကျသွားသည့်အတွက် (၂၅)နှစ်တာကာလအတွင်း နှစ်စဉ်ပျမ်းမျှ သစ်တောပြုန်းတီးမှုသည် ဟက်တာ(၄)သိန်းကျော်၊ တစ်နည်းအားဖြင့် ဧကပေါင်း (၉၈၈၀၀၀)ကျော်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

အဆိုပါ တောနိမ့်၊ တောပျက်များ၊ ရွက်အုပ်ပွင့်တောများကို ရွက်အုပ်ပိတ်တောများ ဖြစ်လာစေရန်၊ အကျိုးဆက်အားဖြင့် အဆိုပါတောများမှသစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှု အကျိုးကျေးဇူးများ ပိုမိုထောက်ပံ့ပေးနိုင်ရန်အတွက် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်ရန် အထူးအရေးတကြီးလိုအပ်လာသည်။

ထို့ကြောင့်လည်း သစ်တောဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀) နှစ်စီမံကိန်း (၂၀၁၇-၁၈ မှ ၂၀၂၆-၂၇ ထိ) ကို ရေးဆွဲ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် သစ်တောစိုက်ခင်းများကို စိုက်ပျိုးအကောင်အထည်ဖော်လျက်ရှိသည်။ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောစိုက်ခင်းအမျိုးမျိုးဧရိယာ(၃၅၂,၄၃၈)ဧကကိုလည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးပွားလာစေရန်အတွက် ပုဂ္ဂလိကကျွန်းနှင့် သစ်မာစိုက်ခင်းဧရိယာ(၂၈၅,၁၀၄)ဧကကိုလည်းကောင်း၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှု မြင့်မားလာစေရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဧရိယာ(၇၇၀,၃၃၂)ဧကကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် သဘာဝမျိုးဆက်ပင်များ ဖွံ့ဖြိုးလာစေရန် အားပေးခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးစိုက်ခင်းများ တည်ထောင်ခြင်း၊ အောင်မြင်မှုနည်းပါးခဲ့သည့် စိုက်ခင်းဟောင်းများကို ဖြည့်စွက်စိုက်ပျိုး၍ ပြန်လည် ဆည်တင်ခြင်း၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး(၁၀)နှစ်စီမံကိန်းကို ပိုမိုအားကောင်းလာစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**သစ်တောများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး**

သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်များသည် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို တိုးပွားစေ၍ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ ဖော်ဆောင်ရန် ဖြစ်သည်။ တစ်နည်းအားဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုနိုင်ရန်ဖြစ်သည်။ ထို့ကြောင့် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုကို အားပေးထောက်ပံ့သည့် မူဝါဒများ၊ဥပဒေများရေးဆွဲ အကောင်အထည်ဖော်ရန်နှင့် တရားဥပဒေစိုးမိုးမှုရှိရန် အလွန်အရေးကြီးပါသည်။

သစ်တောကဏ္ဍသည် အခြားသောကဏ္ဍများ၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက်အထောက်အကူပြုနေသောကြောင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ၊ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များရေးဆွဲရာတွင် အရေးကြီးသော အစိတ်အပိုင်းအဖြစ် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ကြရန်လည်း လိုအပ်ပါသည်။ သစ်တောများမှ အထောက်အပံ့ပြုသော သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသာမက ငွေကြေးအားဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတန်ဖိုးများကို အထူးအလေးထား၍ သစ်တောများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ကြရန်လိုအပ်သည်။ သစ်တောများ၏ တန်ဖိုးကို အပြည့်အဝနားလည် သဘောပေါက်လျက် တန်ဖိုးထားစိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်များ၊ ရည်မှန်းချက်များအောင်မြင်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

++++++++++++++++++++++++++

# ရွာပါတော့ကွယ် မိုးစက်ရယ်



နံ့ရွာ-ချစ်သန်းထွန်း/ဘဝသစ်ပင်
မင်းကင်းသစ်တော

မေ နွေ လေ နေ
ပူပြင်းပေစွ
ဒေါ်တွေထဆူ
နတ်အသူရာ
ပစ်ခွင်းသွားကာ
မိုးများရွာလို့
တိမ်လွှာညို့ဖွဲ့
မိုးသို့ကူးရန်
ဖြိမ့်ဖြိမ့်ညံ့စီ
ဝဿန်မိုးဦး ကူးတော့မည်။

နွေဦးလေပျောက်
မုတ်သုန်ရောက်လျှင်
မိုးပေါက်ပုလဲ
ရွာသွန်းမြဲမို့
မြေထဲစိုခိုက်
သစ်ပင်စိုက်မည်
အလိုက်သင့်သာ
ရွာစေချင်တယ် မိုးစက်ရယ်။

ဩော် - - မိုးစက်ရွာမှ
သဘာဝတွေ
လှပပေလိမ့်
မိုးစက်ဆက်ရွာ
သတ္တဝါတွေ
မှန်စွာအေးမြ
ချမ်းသာရဖို့
ဘဝသစ်ပင်
အမြဲရှင်ရန်
အစဉ်မြဲသာ
ရွာပါတော့လေ မိုးစက်ရေ..။



သဘာဝတရားဟာ
သူ့အလုပ်ကို သူ
ကျုပ်တို့ထက်ပိုပြီး
နားလည်တယ်။



ကမ္ဘာကြီးပေါ်မှာ
ရေသံသရာလည်ဖို့
အဓိကစွမ်းဆောင်ရှင်က
သစ်ပင်တွေပဲ



သဘာဝကြီးကို ဘာမှ
ပြန်မဖြည့်ဆည်းဘဲ
အယူချည်းပဲယူတာ
ကောင်းသလား။

APK

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဗက်တီဗာ (မြေထိန်းမြစ်ရှည်မြက်)၏ အရေးပါပုံ

ခရစ္စတီနေဝင်း၊
သစ်တောသုတေသနဌာန



အပင်လေးတစ်ပင်သည် မြက်ပင်တစ်ပင်ဖြစ်ပါစေ မည်မျှပင်ငယ်သော်ငြားလည်း ရေ၊ မြေကြီးကို ထိန်းထားနိုင်သလို မြေကြီးထဲမှ ရေအစိုဓာတ်ကိုလည်း ထိန်းထားနိုင်ပါသည်။

ယနေ့ကမ္ဘာကြီးရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများထဲတွင် သစ်တောပြုန်းတီးခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာပါသည်။ ကမ္ဘာ့လူဦးရေ များပြားလာသည်နှင့်အမျှ သစ်တောသစ်ပင်များကို အသုံးပြုမှုများလာခြင်း၊ နေထိုင်ရန်အတွက်နေရာနှင့် စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်း၊ သစ်တောထွက်ပစ္စည်းထုတ်ယူခြင်း၊ တောမီးလောင်ခြင်း၊ စီမံကိန်းများတိုးချဲ့ခြင်းနှင့်၊ တိရစ္ဆာန်စားကျက်ချခြင်းတို့ကြောင့် ခုတ်ထွင်ရှင်းလင်းခြင်းခံရသည့်အတွက် သစ်တောများပြုန်းတီးလာရပါသည်။

သစ်တောပြုန်းတီးခြင်း၏ နောက်ဆက်တွဲဖြစ်သော ရေကြီးရေလျှံမှုများ၊ မြေပြိုတိုက်စားမှုများ၊ ဆည်များတွင်နုန်းကျပြီး သုံး၍မရဖြစ်နေခြင်းအား ဗက်တီဗာ(ခေါ်)မြစ်ရှည်မြက် သို့မဟုတ် မြေထိန်းမြစ်ရှည်မြက်ကို အသုံးပြုပြီး ထိထိရောက်ရောက် ကာကွယ်နိုင်ကြောင်းသိရှိရပါသည်။

ထို့အပြင် ဗက်တီဗာမြက်သည် သန့်ရှင်းသောရေနှင့်မြေများ ရေရှည်တည်တံ့စေရန်နှင့် အရည်အသွေးကောင်းမွန်စေရန် ထိန်းသိမ်းပေးနိုင်ပါသည်။ ဗက်တီဗာမြက်သည် မြေထိန်းမြစ်ရှည်မြက်ပင်ဖြစ်ပြီး အပူပိုင်းဒေသနှင့် သမပိုင်းဒေသတွင် အစုလိုက်(အရုံလိုက်)သဘာဝအလျောက်ပေါက်ရောက်လေ့ရှိပါသည်။ အိန္ဒိယနိုင်ငံမှ မြက်မျိုးရင်းတစ်မျိုးဖြစ်ပြီး သိပ္ပံအမည်မှာ (*Vetiveria zizanoides* (Linn) Nash.) ဖြစ်ပါသည်။ ဗက်တီဗာမှာ တမီးလ်(Tamil)စကားဖြစ်ပြီး အိန္ဒိယနိုင်ငံတွင် (Khus)ဟုလည်း ခေါ်ဆိုကြပါသည်။ အိန္ဒိယနိုင်ငံမှ လယ်သမားများသည် လယ်ယာမြေနှင့် မြေဆီလွှာတိုက်စားပြုန်းတီးခြင်းမှ ကာကွယ်ရန်အတွက် ဗက်တီဗာမြက်ကို ရာစုနှစ်များစွာကတည်းက စိုက်ပျိုးခဲ့ကြပါသည်။ ၁၉၈၀ခုနှစ်တွင်ကမ္ဘာ့ဘဏ်မှ စိုက်ပျိုးရေးပညာရှင်နှစ်ဦးသည် ရာစုနှစ်များစွာက အိန္ဒိယလယ်သမားများ အသုံးပြုခဲ့သည့် မြေထိန်းမြစ်ရှည်မြက်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကို ကောင်းစွာထိန်းသိမ်းထားနိုင်သည့်နည်းလမ်းကို သိရှိခဲ့ကြပြီး အိန္ဒိယနိုင်ငံအတွင်း မြေဆီလွှာနှင့် ရေထိန်းသိမ်းခြင်းလုပ်ငန်းများတွင် မြေထိန်းမြစ်ရှည်မြက်ကို ပထမဆုံးတွင်ကျယ်စွာ စတင်အသုံးချနိုင်ခဲ့ကြပါသည်။ ၁၉၉၁ခုနှစ်တွင် ထိုင်းနိုင်ငံ၌ မြေထိန်းမြစ်ရှည်မြက် အသုံးချမှုကို သုတေသနပြုပြီး နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးရေးဌာန၊ သုတေသနဌာနတို့ပါဝင်စေလျက် အောင်မြင်အောင်ဆောင်ရွက်လာနိုင်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။

ဗက်တီဗာမြက်သည် နေရောင်ကို အထူးကြိုက်နှစ်သက်ပြီး နေရောင်ရလျှင် ကြီးထွားမှုပိုမိုမြန်ဆန်လေ့ရှိသဖြင့် အချို့နိုင်ငံများတွင် ၎င်းမြက်ကို နေရောင်ကြိုက်သည့် ဗက်တီဗာ (Sunshine Vetiver) ဟုခေါ်ဆိုကြပါသည်။ နိုင်ငံနှင့်ဒေသအလိုက် ခေါ်ဆိုကြသည့် အမည်ကွဲများစွာ ရှိသည်ကိုလည်းသိရှိရပါသည်။

ဗက်တီဗာမြက်သည် နှစ်ရှည်ပင်ဖြစ်ပြီး နှစ် ၅၀ကျော် ရှင်သန်နိုင်သည့် မြက်မျိုး ဖြစ်ပါသည်။ အဆိုပါမြက်မျိုးသည် မြေနှင့်မြေဆီလွှာတိုက်စားပြုန်းတီးမှုခံရခြင်းမှ ကာကွယ်နိုင်ခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်း၊သစ်ခုတ်ပြီးသောမြေ၊ သတ္တုတွင်း၊ ကျောက်တွင်းစွန့်ပစ်မြေများတွင် တောင်စောင်းကမ်းပါး တိုက်စားပြိုကျမှုမှ ကာကွယ်နိုင်ခြင်း၊ ချောင်းကမ်းပါးများ ကမ်းပြိုမှုကိုထိန်းသိမ်းနိုင်ခြင်း၊ တာတမံများတွင် မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ခြင်းနှင့် တောင်စောင်းဒေသများတွင် ရေတိုက်စားမှုကြောင့် မြေဆီလွှာထိခိုက်မှု မရှိစေရန် ထိန်းသိမ်းထားနိုင်ခြင်း၊ စက်ရုံစွန့်ပစ်ရေများနှင့် ရေဆိုးရေညစ်များ ပြန်လည်သန့်စင်ပေးနိုင်ကြောင်းလည်း သိရှိရပါသည်။

မြက်ပင်များမှုစိုက်ထား ပါက မြေထိန်းနံရံကြီးကဲ့သို့ဖြစ်ပြီး ရေတိုက်စားသည့်အခါ သဲကိုထိန်းထားနိုင်ပြီး၊ ရေဝေရေလဲဒေသများတွင်လည်းအတန်းလိုက်ချစိုက်ခြင်းဖြင့် ဆည်ထဲဝင်မည့် နုန်းများကိုလည်း တားဆီးနိုင်ပြီး ဆည်သက်တမ်းသည်လည်း ပိုမိုရှည်ကြာလာမည်ဖြစ်ကြောင်းသိရှိရပါသည်။

မြက်ပင်မှာတောင့်တင်း၍

အရွက်မှာဖြောင့်တန်းနေပါသည်။ အစိမ်းရောင်အရွက်များမှာ များသောအားဖြင့် အကျယ် ၈ မီလီမီတာ (၀.၃)လက်မခန့်ရှိပြီး၊ အမြင့်မှာ ၁ပေခွဲမှ ၅ပေ(၀.၅ မီတာမှ ၁.၅မီတာ) အထိရှည်လျားစွာ အပေါ်သို့ဆန့်ထွက်လေ့ရှိပါသည်။ မြက်အရွက်အုံသည် အလျား ၆ပေ မှ ၁၂ပေ (၁.၈မီတာ မှ ၃.၆မီတာ)ခန့်ရှိပြီး မြေအောက်အမြစ်အဖွဲ့အစည်းရှိ ခိုင်ခံ့ကျစ်လစ်သော အမြစ်များသည် မြေဆီလွှာကို သိပ်သည်းစွာ စွဲကပ်ထားပြီး သန်စွမ်းမှုရှိသည့်အပြင် အမြစ်၏အလျားမှာ ၁၀ပေမှ ၁၃ပေ(၃မီတာ မှ ၄မီတာ)ခန့်အထိ တစ်နှစ်အတွင်း ကြီးထွားနိုင်ကြောင်းသိရှိရပါသည်။ မြက်၏ပုံစံမှာ မြက်ဖုတ်မျိုးဖြစ်ပြီး အချင်းတစ်ပေ(၀.၃ စင်တီမီတာ)ခန့် ရှိတတ်ပါသည်။

ဗက်တီဗာမြက်သည် ပူပြင်းခြောက်သွေ့မှုဒဏ်၊ မိုးခေါင်မှုဒဏ်၊ ရေလွှမ်းမှုဒဏ်၊ နှင်းကိုက်မှုဒဏ်၊ ပိုးမွှားဒဏ်၊ မီးလောင်မှုဒဏ်များကိုလည်း ခံနိုင်ရည်ရှိပါသည်။ ၄င်းဒဏ်များကို ခံခဲ့ရလျှင်လည်း သဘာဝအလျောက်ပြန်လည်ရှင်သန်နိုင်စွမ်းရှိပါသည်။

၄င်းမြက်ပင်သည် ပျမ်းမျှအပူချိန် (၁၈)ဒီဂရီ မှ (၂၅) ဒီဂရီစင်တီဂရိတ်အထိ လိုအပ်ပြီး တစ်နှစ်ပတ်လုံးရေရရှိမှု အနည်းဆုံး (၂၂၅) မီလီမီတာနှင့် မိုးရေချိန်(၇၀၀) မီလီမီတာအထက်ရရှိလျှင် ကောင်းစွာကြီးထွားနိုင်ကြောင်း သိရှိရပါသည်။ မြေအနေအထားမှာ အမြင့်ပေ မီတာ ၂၀၀၀(ပေ ၆၀၀၀)ခန့်အထိ စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ မည်သည့်မြေအမျိုးအစားတွင်မဆို စိုက်ပျိုးနိုင်ပြီး သဲဆန်သောမြေသည် အကောင်းဆုံး ဖြစ်ပါသည်။ ရွံ့ဆန်သောမြေတွင် စိုက်ပျိုး၍ရသော်လည်း ကြပ်တီးရွှံ့မြေတွင် အမြစ်ဖောက်နိုင်စွမ်းအားနည်းပါးသည်။ အက်စစ်ဓါတ်အချဉ်ဓာတ် စံ ၃.၃ မှ ၁၂.၅အထိ (အက်စစ်ဓာတ်နှင့် ကော့စတစ်ဓာတ်)လည်း ခံနိုင်ရည်ရှိပါသည်။ အယ်လ်ကာလီဓာတ်၊ အက်စစ်ဓာတ်၊ သတ္တုဓာတ်၊ ဆားဓာတ်ပါသောမြေမျိုးတွင်လည်းပေါက်ရောက်နိုင်ပါသည်။ အမြစ်သည် ရေဆိုးရေညစ်များကို သန့်စင်ပေးနိုင်သည့် သတ္တိရှိခြင်းကြောင့် ရေတွင်ပျော်ဝင်နေသည့် နိုက‌ယ်၊ ခဲ၊ ပြဒါး၊ ကက်ဒမီယမ်၊ ခရိုမီယမ်၊ ဆေလီနီယမ်၊ အာဆင်းနစ်၊ သွပ်သတ္တုဓာတ်နှင့် ဓာတုပစ္စည်းများကို စုပ်ယူနိုင်သည့်အတွက် ရေကိုသန့်စင်ပေးနိုင်ပါသည်။

ဗက်တီဗာမြက်သည် အရွက်မှအစအမြစ်အထိ တစ်ပင်လုံးအသုံးဝင်ပါသည်။ တစ်ပင် စိုက်ထားလျှင်လည်း အပင် ၁၀ပင်မှ၅၀-၁၀၀ပင်အထိပွားနိုင်ကြောင်း သိရှိရပါသည်။ အဆိုပါ မြက်နှင့်အတူ စိုက်ပျိုးထားသော အခြားသီးနှံပင်၊ စားပင်များ၏ကြီးထွားမှုကို အဟန့်အတား မဖြစ်စေဘဲ သီးနှံများ အထွက်နှုန်းတိုးစေရန် အကျိုးပြုပေးကြောင်း သိရှိရပါသည်။

မြက်ပင်၏ အရွက်စုကို ကျွဲ၊ နွား၊ ဆိတ်၊ ဘဲ အစရှိသော တိရစ္ဆာန်များ၏အစာအဖြစ် အသုံးပြုနိုင်ပြီး၊ အရွက်ရင့်လာသည့်အခါတွင် အိမ်မိုးသက်ကယ်နှင့် လက်မှုပစ္စည်းများထုတ်လုပ်ခြင်း၊ မြက်ခြောက်ကို လောင်စာအဖြစ် မီးရှို့အသုံးပြုခြင်း၊ အမြစ်ခြောက်အား ဖျာ၊ အပူခံပြား၊ ယပ်တောင်၊ ခြင်းတောင်း၊ ကြိုးပြုလုပ်ခြင်း၊ အမြစ်မှ အဆီထုတ်ယူ၍ ဗက်တီဗာ ရေမွှေး၊ အရေပြားလိမ်းဆေး၊ ဆပ်ပြာ၊ ဗက်တီဗာအဆီအဖြစ်ဖော်စပ် အသုံးပြုနိုင်ကြောင်း သိရှိရပါသည်။

ဗက်တီဗာမြက်ပင်များ၏ မြေအောက်အဖွဲ့အစည်းရှိ ခိုင်ခံ့ကျစ်လစ်သောအမြစ်များက မြေဆီလွှာကို သိပ်သည်းစွာ စွဲကပ်ထားသဖြင့် မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးနိုင်ခြင်း၊ ရေဝေရေလဲဒေသများတွင် ရေတိုက်စားခြင်းကို ကာကွယ်ပေးနိုင်ခြင်း၊ ရေတွင်ပျော်ဝင်နေသည့် သတ္တုနှင့် ဓာတုပစ္စည်းများကို စုပ်ယူပေးပြီး ရေကို သန့်စင်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဗက်တီဗာ (မြေထိန်းမြစ်ရှည်မြက်)သည် အရေးပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**


https://en.wikipedia.org/wiki/Chryso pogon_ zizanioides

*http://www.vetiver.com/KUW_ WOR KSHOP_ papers/KUW _7PT.pdf*


violating the rights of local communities by building factories polluting the environment is much disturbing in building peaceful and just society.

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေသော စက်ရုံများတည်ဆောက်၍ ဌာနေ ပြည်သူအခွင့်အရေးများကို ချိုးဖောက်ခြင်းသည် ငြိမ်းချမ်းမျှတသော လူ့အဖွဲ့ အစည်းတည်ဆောက်ရေးကို များစွာအနှောက်အယှက်ပြုသည်။



**ရှမ်းပြည်နယ်၊** ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်၊ မအူကုန်း-မိုးလုံးဘိနယ်၊ မိုးလုံးကျေးရွာအုပ်စု၊ မိုးလုံးကျေးရွာတွင် သက်တမ်းရင့် သဘာဝသနပ်ခါး(၁)ပင်ပေါက်ရောက်လျက်ရှိကြောင်း သတင်းရရှိသဖြင့် (၁၃-၄-၂၀၁၇)ရက်နေ့တွင် မဘိမ်းမြို့နယ်၊ သစ်တောဦးစီးဌာန၊ တာဝန်ကျဝန်ထမ်းများမှ သနပ်ခါးပင်ကြီး ပေါက်ရောက်တည်ရှိရာ နေရာသို့ ပဏာမသွားရောက်စစ်ဆေးခြင်းနှင့် (၁၉-၅-၂၀၁၇)ရက်နေ့တွင် ကျောက်မဲခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့မှ သနပ်ခါးပင်ပေါက်ရောက်နေမှု၊ ထိန်းသိမ်းထားရှိမှု အခြေအနေများအား သက်ဆိုင်ရာကျေးရွာ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံမေးမြန်း၍ သတင်းမှတ်တမ်းရယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ သနပ်ခါးပင်ကြီးမှာ မဘိမ်းမြို့နယ်၊ မိုးလုံးကျေးရွာအုပ်စု၊ မိုးလုံးကျေးရွာ၏ရွာတော်ရှင် ဘိုးဘိုးကြီး နတ်ကွန်းဝင်းအတွင်း (ခန့်မှန်း မ-ပ-ည-KG-478306)နေရာတွင် ပေါက်ရောက်နေပြီး၊ နတ်ကွန်းမှာ အလျား(၂၀)ပေခန့်၊ အနံ(၁၀)ပေခန့်ကျယ်ဝန်းပြီး ခြံစည်းရိုးကို သစ်သားဖြင့် စနစ်တကျကာရံထားရှိပါသည်။ သနပ်ခါးပင်ကြီးမှာ ရင်စို့လုံးပတ်(၇ပေ-၈လက်မ)နှင့် အမြင့်(၆၀)ပေခန့်ရှိပြီး၊ အပင်၏သက်တမ်းမှာ ကြာမြင့်ပြီဖြစ်၍ ခေါင်ခြောက်ခြင်း၊ ဘေးကိုင်းများကျိုးကျခြင်း၊ ပွဲထွက်ခြင်းအခြေအနေများ တွေ့ရှိရပြီး ရင်စို့လုံးပတ်(၉ပေ-၁လက်မ)အရွယ်အစားမန်ကျည်းပင်ကြီး(၁)ပင်နှင့်အတူ ပူးကပ်ပေါက်ရောက်လျက်ရှိပါသည်။

# သက်တမ်းရင့် သနပ်ခါးပင်ကြီးတစ်ပင် တွေ့ရှိခြင်း



သက်တမ်းရင့် သဘာဝသနပ်ခါးပင်



သက်တမ်းရင့် သဘာဝသနပ်ခါးပင်နှင့် မန်ကျည်းပင်တို့ ယှဉ်တွဲပေါက်ရောက်နေမှု



သက်တမ်းရင့် သဘာဝသနပ်ခါးပင်၏ မျိုးဆက်ပင်ပေါက်အား လုံးပတ်တိုင်းတာစစ်ဆေးခြင်း

သနပ်ခါးပင်ကြီးအနီး နတ်ကွန်းအတွင်း ရင်စို့လုံးပတ်(၁ပေ-၆လက်မ)၊အမြင့်(၂၀)ပေခန့်ရှိ မျိုးဆက်သနပ်ခါးပင်ပျို(၁)ပင်၊ အမြင့်(၈၀)ပေခန့်ရှိ သက်တမ်းရင့် သစ်ပုတ်(ဘိုင်)ပင်ကြီးကိုပါတွေ့ရှိရပါသည်။ မိုးလုံးကျေးရွာဇာတိဖြစ်သူ အသက်(၉၀)အရွယ် ရပ်မိရပ်ဖတစ်ဦးမှ အဆိုပါ သနပ်ခါးပင်ကြီးမှာ မိမိကလေးအရွယ်ကတည်းက လုံးပတ်(၄)ပေခန့်အရွယ်ရှိနေပြီဖြစ်ကြောင်း ပြောပြချက်အရ အပင်၏သက်တမ်းမှာ အနည်းဆုံးနှစ်ပေါင်း (၁၀၀)ကျော်ရှိပြီဖြစ်ကြောင်း ခန့်မှန်းနိုင်ပါသည်။ မိုးလုံးကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် တွေ့ရှိရသော သနပ်ခါးပင်များမှာ ပျံ့လွင့်လာသော မျိုးစေ့များမှတစ်ဆင့် ပေါက်ရောက်နေသည့် မျိုးဆက်ပင်များဖြစ်ကြောင်း သိရှိရပါသည်။ ကျေးရွာဒေသခံများ၏ အယူအဆနှင့် အတွေ့အကြုံများအရ သနပ်ခါးပင်ကြီးအား ခုတ်လှဲရန်ကြိုးပမ်းခြင်း၊ အပင်မှကျိုးကျနေသော အကိုင်းအခက်များအား ထင်း အဖြစ်အသုံးပြုခြင်း၊ ကွာကျနေသောသနပ်ခါးခေါက်များအား စုဆောင်းယူဆောင်လိမ်းကျံခြင်း၊ အပင်တွင်နေထိုင်ကျက်စားသည့် ကျေးငှက်တိရစ္ဆာန်များအား သတ်ဖြတ်ရန်ကြိုးပမ်းခြင်းစသည်များပြုလုပ်ပါက ပြုလုပ်သူမှာဘေးအန္တရာယ် တွေ့ကြုံရခြင်း၊ ကျေးရွာအနီး တောဆင်ရိုင်းများ ဝင်ရောက်အန္တရာယ်ပြုခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံများမှာ သနပ်ခါးပင်အား မည်သူမျှ

စာမျက်နှာ (၄၉) သို့

# မြန်မာပြည်မြောက်ဖျားမှ သစ်ခွမျိုးစိတ်သစ်(သို့) *Bulbophyllum putaoensis*

ဒေါက်တာရာဇာမင်း





## ဇီဝသုတေသီ (ရေဆင်း)

အပင်မျိုးစိတ်များအနက် သစ်ခွမျိုးစိတ်သည် လူသိများ ထင်ရှားသည့်မျိုးစိတ်တစ်ခုဖြစ်သည်။ သစ်ခွများသည် အန္တာတိကတိုက်မှလွဲ၍ ကမ္ဘာ့နေရာအနှံ့အပြားတွင် ပေါက်ရောက်နိုင်ပြီး ပန်းပွင့်ရာတွင် အရောင်အသွေး စုံလင်၍ လှပသော အရောင်အဆင်း၊ ထူးခြားသော ပုံစံနှင့် သင်းပျံ့သော မွှေးရနံ့တို့ကြောင့် ထင်ရှားလှသည်။ သစ်ခွကို နေအိမ်များတွင် အလှဆင်ရာတွင်လည်းကောင်း၊ ရုံးတွင်းအလှဆင်ရန်နှင့် အများပြည်သူ အပန်းဖြေနေရာများတွင် အလှဆင် စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင်မူ အမျိုးသမီးများ၏ ဆံကေသာထုံးဖွဲ့မှုတွင်လည်း အမြတ်တနိုးတန်ဖိုးထားအသုံးပြုကြသည်။ ထို့ကြောင့် သစ်ခွဈေးကွက်သည် စီးပွားရေးဈေးကွက်အဖြစ် ရပ်တည်နေသည်မှာ လူတိုင်းအသိပင်ဖြစ်သည်။

## သစ်ခွမျိုးစိတ်များ၏ အရေးပါမှု

အဖိုးတန်လှသော သစ်ခွမျိုးစိတ်များကို လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ဆေးဝါးအဖြစ် အသုံးပြုခဲ့ကြပါသည်။ သစ်ခွပန်းများ၏ ဆေးဖက်ဝင်မှုကို တရုတ်တိုင်းရင်းဆေးပညာရှင်များမှ စတင်ရှာဖွေတွေ့ရှိခဲ့ပါသည်။ ၎င်းကို ကင်ဆာရောဂါကုသရာ၌လည်းကောင်း၊ ခုခံအားတိုးတက်ကောင်းမွန်စေရန်နှင့် အမြင်အာရုံအားကောင်းစေရန်အတွက် အသုံးပြုခဲ့ကြသည်ဟု သိရှိရပါသည်။ မွှေးပျံ့သော ရနံ့ကြောင့် သစ်ခွပန်းများကို ရေမွှေးထုတ်လုပ်ရာတွင်လည်း အသုံးပြုကြပါသည်။ ထို့အပြင် အနောက်အိန္ဒိယတွင် အဆိပ်ဖြေဆေးအဖြစ်လည်းကောင်း၊ မလေးရှားနိုင်ငံတွင် မီးဖွားပြီးခါစ မိခင်များအတွက် အားဖြည့်စာအဖြစ်လည်းကောင်း၊ အီကွေဒေါနိုင်ငံတွင် အရိုးများ ပြန်လည်ဆက်ရာတွင် ဆေးအဖြစ်လည်းကောင်း အသုံးပြုကြသည်ဟု သိရှိပါသည်။

## သစ်ခွမျိုးစိတ်သစ်တွေ့ရှိခြင်း

ကမ္ဘာပေါ်တွင် သစ်ခွမျိုးစိတ်ပေါင်း ၂သောင်းမှ ၃သောင်းကြားရှိသည့်အနက် မြန်မာနိုင်ငံတွင် အနည်းဆုံး မျိုးစိတ်ပေါင်း (၈၀၀)ခန့် (Kurzweil & Lwin, 2014) ရှိမည်ဟု ခန့်မှန်းထားပါသည်။ မြန်မာပြည်မြောက်ဖျားတွင် တည်ရှိသော ကချင်ပြည်နယ်သည်လည်း သစ်ခွမျိုးစိတ်များစွာပေါက်ရောက်လျက်ရှိသည့် ဒေသများအနက်မှ တစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရှားပါးသော ဒေသသစ်ခွမျိုးများ ထိန်းသိမ်းရန်အတွက် သစ်ခွမျိုးစိတ်များ ရှာဖွေမှတ်တမ်းတင်ခြင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါမြန်မာနိုင်ငံ၊ သစ်တောဦးစီးဌာနနှင့် တရုတ်နိုင်ငံ၊ စစ်ဆောင်ပနား အပူပိုင်းရုက္ခဗေဒဥယျာဉ်၊ တရုတ်သိပ္ပံအကယ်ဒမီမှ သုတေသီများနှင့် ဝန်ထမ်းများ ပူးပေါင်း၍ မြန်မာနိုင်ငံ မြောက်ဖျားပိုင်း၊ ကချင်ပြည်

နယ်၊ ဖုန်ကန်ရာဇီ သဘာဝဘေးမဲ့တောအတွင်း အပင်မျိုးစုံမျိုးကွဲနှင့် အပင်သရုပ်ခွဲခြင်းဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းမှ သစ်ခွမျိုးစိတ်သစ်တစ်မျိုးကို ရှာဖွေတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလတွင် မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်၊ ပူတာအိုဒေသရှိ ဝါဆာဒမ်ရွာ အနီးတစ်ဝိုက်တွင်တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ ယခုမျိုးစိတ်အသစ်အား တွေ့ရှိသည့်ဒေသကို အစွဲပြု၍ သုတေသီအဖွဲ့မှ *Bulboph yllum putaoensis* Q. Liu, sp. nov. အဖြစ် သိပ္ပံအမည်ပေးခဲ့ကြပါသည်။

မျိုးစိတ်အသစ် *Bulbophyllum putaoensis* သည် တောင်ပေါ်မိုးသစ်တောအတွင်းရှိ သစ်ပင်ကြီးများ၏ ပင်စည်များပေါ်တွင် ကပ်တွယ်ပေါက်ရောက်လေ့ရှိပြီး မျိုးရင်း Orchid aceae ၏ အကြီးဆုံးမျိုးစု (genus) တစ်ခုဖြစ်သည်။ မျိုးစု *Bulbophyllum Thouars* (1822: 3)သည် အပူပိုင်းအမေရိက၊ အာဖရိက၊ Madagascar ဒေသနှင့် အာရှကုန်းမကြီးမှ ဩစတေးလျထိ ကျယ်ပြန့်စွာ ပေါက်ရောက်လျက်ရှိပြီး မျိုးစိတ်ပေါင်း ၂၂၀၀ ကျော် ပါဝင်ပါသည်။ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများ အမြောက်အမြားရှိရာ နေရာတစ်ခုဖြစ်သည်နှင့်အညီ *Bulbophyllum* မျိုးစု၏ ၁၀၉ မျိုးစိတ်ခန့် မြန်မာနိုင်ငံတွင် ပေါက်ရောက်လျက်ရှိပါသည်။

၎င်းမျိုးစိတ်သစ်သည် B. *umbellatum* Lindley နှင့် B. *chyrmangensis* တို့ဖြင့် ဆင်တူသည်။ သို့သော် အနည်းငယ်စောင်းသော အနားသုံးဖက်ရှိသည့် ဝတ်မှုန်တိုင်များရှိခြင်း၊ လုံးဝန်းရှည်လျားသော ပန်းဝတ်မှုန်အိတ်ရှိခြင်းနှင့် သိသာထင်ရှားသော စေးကပ်သည့် ဝတ်မှုန်များရှိခြင်းတို့ကြောင့် ခွဲခြား၍ ရနိုင်သည်။ ယင်းသစ်ခွမျိုးစိတ်သစ်ကို မြန်မာနိုင်ငံမြောက်ပိုင်း၊ကချင်ပြည်နယ်တစ်နေရာတည်းတွင်သာ တွေ့ရှိရပါသည်။

### မျိုးစိတ်သစ်၏ပြင်ပသွင်ပြင်လက္ခဏာများ

*Bulbophyllum putaoensis* ၏ ဉယောင်ပင်စည်သည် သေးသွယ်ပြီး ပွင့်ဖတ်အရေအတွက်သည် လေးခုမှ ငါးခုအထိပါရှိသည်။ ပန်းပွင့်အရွယ်အစားသည် ကျောဘက်ရှိပွင့်ချပ်သည်(၁၄ ×၆ မီလီမီတာ)၊ ဘေးဘက်ရှိပွင့်ချပ်သည် (၁၈ × ၇ မီလီမီတာ)နှင့် ပွင့်ဖတ်အရွယ်အစားသည် (၈ × ၄ မီလီမီတာ)တို့ဖြစ်ကြသည်။ ပွင့်ဖတ်၏ပုံသဏ္ဍာန်မှာ လုံသွားပုံသဏ္ဍာန်ရှိပြီး ညီညာသော အနားသတ်ရှိသည်။ ပန်းပွင့်၏ အနားသတ်တွင် အဝါရောင်အစင်းများရှိပြီး အောက်ဘက်အစွန်းတွင် အမွေးအမျှင်များရှိသည်။ ပန်းဝတ်မှုန်အိတ် အမျိုးအစားသည်ရှည်လျားသော ပုံစံဖြစ်ပြီး ဝတ်မှုန်တိုင်တွင် ကျဉ်းမြောင်းသော သွားပုံစံတစ်ခုပါဝင်သည်။ ဝတ်မှုန်ထုတ်လွှတ်ရာတွင် အစေးထွက်သောနေရာမှ တိုက်ရိုက်ထုတ်လွှတ်ပါသည်။

### သစ်ခွမျိုးစိတ်များအားခြိမ်းခြောက်လာသည့် အန္တရာယ်များ

သစ်ခွသည် မျိုးစိတ်များစွာရှိသော်လည်း ယခုအချိန်တွင် ရှားပါးလာပြီးမျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်လာနေရပါသည်။ ၎င်းတို့အား မျိုးသုဉ်းပျောက်ကွယ်စေရန် ခြိမ်းခြောက်နေသည့် အကြောင်းအရာများစွာ ရှိသော်လည်း အဓိကခြိမ်းခြောက်နေသည့် အကြောင်းအရာများမှာ လူတို့မှ အလွန်အကျွံစီးပွားဖြစ် စုဆောင်းရယူခြင်းနှင့်အတူ ၎င်းတို့ကပ်တွယ်ပေါက်ရောက်ရာ နေရင်းဒေသများဖြစ်သော သစ်တောများပျက်စီးပြုန်းတီးလာခြင်းတို့ကြောင့်ဖြစ်သည်။ အာရှတိုက်အနှံ့အပြားတွင်မူ တိုင်းရင်းဆေးဝါးဖော်စပ်ထုတ်လုပ်ရန်အတွက် အဓိကထားထုတ်လုပ်ကြသဖြင့် သစ်ခွမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်လာနေရသည်။

### ဝိုင်းဝန်းထိန်းသိမ်းကြပါစို့

သဘာဝမျိုးစိတ်များ မျိုးသုဉ်းလာနေသော ယနေ့ခေတ် အချိန်ကာလမျိုးတွင် ယခုကဲ့သို့ မျိုးစိတ်သစ် ရှာဖွေတွေ့ရှိမှုသည် မြန်မာနိုင်ငံအတွက်သာမက သဘာဝပတ်ဝန်းကျင်တစ်ခုလုံးအတွက်ပါ အရေးပါသောရှာဖွေတွေ့ရှိမှုတစ်ရပ်ဖြစ်ပေသည်။ သစ်ခွမျိုးစိတ်များကို ထိန်းသိမ်းနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်လှပါသည်။ သစ်ခွမျိုးစိတ်များ ထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်စေရန် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ရမည့်အပြင် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် အစိုးရ၏ ကူညီထောက်ပံ့မှုသည် အရေးကြီးလှပါသည်။ သို့ဖြစ်ပါ၍ သစ်ခွမျိုးစိတ်တွေ့ရှိခြင်းအား ဂုဏ်ယူစွာတင်ပြခြင်းနှင့်အတူ သစ်ခွမျိုးစိတ်အားလုံး ရေရှည်တည်တံ့စေရေးအတွက် အားလုံးမှ ဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းတင်ပြလိုက်ရပါသည်။

## ရည်ညွှန်း

Qiang Liu, Shi-Shun Zhou, Ren Li, Ming-Xia Zhang, Myint Zyaw, Shwe Lone, Rui-Chang Quan 2007. *Bulbophyllum putaoensis* (Orchidaceae: Epidendroideae; Malaxideae), a new species from Kachin State, Myanmar. Phytotaxa. 305(1);57–60.

## ကျောဖုံးမှအဆက်

ရေဝပ်ဒေသဖြစ်သော အင်းတော်ကြီးကန်အား စိုက်ပျိုးမြေများနှင့် သစ်တောများမှ ဝန်းရံထားပြီး၊ သစ်တောများနှင့် စိုက်ပျိုးရေးလုပ်ငန်းအား စနစ်တကျထိန်းသိမ်းခြင်းမပြုလုပ်ပါက အင်းတော်ကြီးကန်၏ဂေဟစနစ်သည် ကျူးကျော်စိုက်ပျိုးမှုများနှင့် တရားမဝင် သစ်ထုတ်လုပ်မှုများကြောင့် ထိခိုက်ပျက်စီးနိုင်သည့်အပြင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအား အသုံးပြုလာပါက အင်းတော်ကြီးကန်သည် ညစ်ညမ်းမှုများဖြစ်လာ၍ ပျက်စီးသွားမည်ဖြစ်ပါသည်။

အဆိုပါပြဿနာများဖြေရှင်းရန်အတွက် အမာခံနယ်မြေ၊ ကြားခံနယ်မြေနှင့် ဖွံ့ဖြိုးရေးနယ်မြေများအား ခွဲခြားသတ်မှတ်၍ ဇုန်ခွဲခြားစီမံအုပ်ချုပ်သည့် စနစ်ဖြင့် စီမံအုပ်ချုပ်၍ ဒေသခံပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်သတ်မှတ်ခဲ့ပါသည်။

အမာခံနယ်မြေသည် ဂေဟစနစ်အတွက် အရေးကြီးသောနေရာများအား ရည်ရွယ်ပါသည်။ ဥပမာ ငါးထိန်းသိမ်းရေးအမာခံနယ်မြေများသည် ငါးများမျိုးပေါက်ပွားသည့်နေရာများအား ငါးဖမ်းလုပ်ငန်းရေရှည်တည်တံ့ရန်နှင့် ရေလုပ်သားများ၏အသက်မွေးဝမ်းကြောင်းအတွက် ငါးမျိုးစိတ်များပေါက်ပွားရှင်သန်နိုင်ရန် ရေလုပ်သားများနှင့် ပညာရှင်များပူးပေါင်း၍ သတ်မှတ်ထားခြင်းဖြစ်ပါသည်။ သဘာဝသစ်တောများအတွင်းတွင်လည်း ရှားပါးတောရိုင်းတိရစ္ဆာန်များဖြစ်သည့် ပြောင်၊ မျောက်လွှဲကျော်၊ ရှော့ရစ်မျောက်၊ ဝက်ဝံများနေထိုင်ကျက်စားသည့် နေရာများအား အမာခံနယ်မြေအဖြစ် သတ်မှတ်ပါသည်။

ကြားခံနယ်မြေများသည် ရေရှည်တည်တံ့သော သဘာဝအရင်းအမြစ်များသုံးစွဲမှုများဖြစ်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းထူထောင်ခြင်း၊ ရေလုပ်ငန်း၊ ကျွဲ နွားစားကျက်များစသည့် ဒေသခံများအတွက် အကျိုးပြုစေမည့်နေရာဖြစ်ပါသည်။ ဖွံ့ဖြိုးရေးနယ်မြေများသည် စိုက်ပျိုးမြေများနှင့် ကျေးရွာအနီးဝန်းကျင်မှမြေများပါဝင်သည်။ သက်ဆိုင်ရာဌာနဆိုင်ရာများမှ ပူးပေါင်း၍ ပတ်ဝန်းကျင်ထိခိုက်မှုမရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ သစ်တောဦးစီးဌာနနှင့် Fauna & Flora International (FFI) တို့ပူးပေါင်း၍ သဘာဝစိုက်ပျိုးရေးလုပ်ငန်း၊ အမှိုက်စွန့်ပစ်မှုများနှင့် ခရီးသွားလုပ်ငန်းအား စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

Mr. Frank Momberg, FFI Myanmar Program Director မှ "အင်းတော်ကြီးဒေသသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သုတေသနနှင့် ပညာပေးလုပ်ငန်းများအတွက် စံပြနေရာတစ်ခုဖြစ်လာပါသည်"ဟုပြောကြားခဲ့ပါ သည်။

အင်းတော်ကြီးကန်သည် ထူးခြားသည့် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုတို့ကြောင့် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်တစ်ခုအဖြစ်လည်းကောင်း၊ ကမ္ဘာ့အဆင့် အရေးပါသည့် ငှက်မျိုးစိတ်များကြွယ်ဝမှုနှင့် အခြားထူးခြားသည့် ရေဝပ်ဒေသအင်္ဂါရပ်များရှိခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ရမ်ဆာရေဝပ်ဒေသ (Ramsar Site)အဖြစ်လည်းကောင်း သတ်မှတ်ခံခဲ့ရသည်။

အင်းတော်ကြီးကန်ဒေသ ဇီဝအဝန်းနယ်မြေ (In- dawgyi Biosphere Reserve)အား ရေရှည်တည်တံ့ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဟန်ချက်ညီစွာ အကောင်အထည်ဖော်နိုင်ရေး၊ စီမံအုပ်ချုပ်သွားနိုင်ရေးတို့ကို ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အုပ်ချုပ်မှုစနစ်ဖြင့် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စာမျက်နှာ( ၄၆ )မှ အဆက်

အန္တရာယ်မပြုရဲကြောင်းနှင့် ရှေးယခင်ကတည်းကပင် သနပ်ခါးပင်ကြီး တည်ရှိသည့် ရွာတော်ရှင်နတ်ကွန်းအား ခြံစည်းရိုးခတ် ထိန်းသိမ်းထားရှိကြောင်း တွေ့မြင်ရပါသည်။

(၁၃-၄-၂၀၁၇) ရက်နေ့တွင် မဘိမ်းမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများမှ သနပ်ခါးပင်ကြီးအား သွားရောက်တိုင်းတာ မှတ်တမ်းရယူခြင်းများပြုလုပ်ခဲ့ရာ အဆိုပါနေ့ ညပိုင်းတွင် မိုးလုံးရွာမှ အဖိုးအိုတစ်ဦးအား ရွာတော်ရှင်ဘိုးဘိုးကြီးမှ ဝင်ရောက်ပူးကပ်၍ "သစ်တောဝန်ထမ်းတွေ ဘာလာလုပ်တာလဲ၊ အပင်ကိုလုံးဝအခုတ်မခံနိုင်ဘူး၊ အပင်ကိုခုတ်မယ်ဆိုရင်တော့ ဘေးဥပါဒ်အန္တရာယ်ကျရောက်မယ်"ဟု ပြောဆိုခဲ့ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရှိရပါကြောင်း၊ သနပ်ခါးပင်ကြီး၏ ရှင်သန်ပေါက်ရောက်မှုအခြေအနေနှင့် ထူးခြားသည့်ဖြစ်ရပ်များအား သိရှိနိုင်ပါရန် ရေးသားဖော်ပြအပ်ပါသည်။

# ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO) မှ အင်းတော်ကြီးကန်ဒေသအား ဇီဝအဝန်းနယ်မြေ (Biosphere Reserve) အဖြစ် သတ်မှတ်လိုက်ခြင်း



ကချင်ပြည်နယ်အတွင်းရှိ အင်းတော်ကြီးကန်ဒေသအား ယူနက်စကိုအဖွဲ့ကြီး၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ အစီအစဉ် (UNESCO Man and the Biosphere Reserve Programme- MAB)အောက်ရှိ ကမ္ဘာ့ဇီဝအဝန်းနယ်မြေများ ကွန်ရက်အတွင်းပါဝင်သည့် ဇီဝအဝန်းနယ်မြေတစ်ခုအဖြစ် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပြင်သစ်နိုင်ငံ၊ ပါရီမြို့ ၊ ယူနက်စကို အဖွဲ့ချုပ်ရုံး၌ ကျင်းပသည့် (၂၉) ကြိမ်မြောက် လူသားနှင့်ဇီဝအဝန်းနယ်မြေ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ကော်မတီအစည်းအဝေးမှ အတည်ပြုသတ်မှတ်ခဲ့သည်။

လူဦးရေ ၅၀၀၀၀ ကျော်မှီတင်းနေထိုင်၍ ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသော အင်းတော်ကြီးဒေသအား ဇီဝအဝန်းနယ်မြေအဖြစ်သတ်မှတ်ခြင်းသည် နိုင်ငံတော်အစိုးရ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မှုအား ထင်ရှားစေခဲ့ပါသည်။ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာညီညီကျော် က ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများအား အသိအမှတ်ပြုခြင်းသာမက ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးများရရှိစေမည့် ပူးတွဲစီမံအုပ်ချုပ်ခြင်းနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမှကတိပြုလိုက်ခြင်းဖြစ်ပါသည် ဟု ဖော်ညွှန်းခဲ့ပါသည်။








စာမျက်နှာ (၅၂)သို့

